www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# ဝဝင် ဒနှုင်းခ

## အမှောင်ကာဓ(အမှားကောင်း)

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၁၈၆၀၂၀၈

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၀၉၆၀၈၀၈

အကြိမ် – ပထမအကြိမ်

၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ိ/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း



Â

တောင်းပန်နေတာမဟုတ်ဘူး
နင်သိမ်းယူထားတဲ့ အချစ်တွေ ပြန်ပေးဖို့
တောင်းဆိုနေတာပါ။
ဖြတ်သန်းလာတဲ့ လမ်းကြောင်းတစ်လျှောက်
အမှားနဲ့ ယောက်ယက်ခတ်နေတဲ့ငါ့ကို
အမှားကောင်လို့ ဘယ်သူပဲခေါ် ခေါ်
နင့်ကိုချစ်ခဲ့ခြင်းဟာ ငါရဲ့ မတော်တဆ အမှားတစ်ခုဆိုရင်
အဲဒီ အမှားတစ်ခုဟာ ချစ်ခြင်းအတွက် ငါ့ရဲ့
တစ်ခုတည်းသော အမှန်တရားပါ ...။



ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com





လက်လွတ်စပယ် ချောင်ထိုးထားတဲ့
ဒဏ်ရာဗလပွနဲ့ အဆိပ်ခပ် ဝတ်ရုံတွေ ...
အမှတ်တမဲ့ အမှားတွေအတွက်
သွေးဆိပ်တက်ခဲ့တာက အမှတ်တရ စကားတွေ ...
(အချစ်ရေ ...)
ငါကတော့ အမှားတစ်ထောင်နဲ့
အမှန်ယောင်ဆောင်ထားတဲ့ အမှားကောင်ပါ ...
အဖြစ်အပျက်က ...
ရင်ဗဟိုမှာ ကြက်ခြေခတ်
အဲဒီနကွတ်က စခဲ့တာ ....။

*DNK*







အလွမ်းတွေ အငိုတိတ်ဖို့
တိတ်တိတ်လေးကြိုးလိုက်ပါ ....





www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ အမှားနဲ့ ကင်းအောင်နေ"

"နင် အမှားနဲ့တွေ့မယ် ..."

"အမှားနဲ့ မပတ်သက်မိစေနဲ့ ...."

"အမှားနဲ့ ထိပ်တိုက်တွေ့မယ် ..."

ညိုညိုဝေ၊ မသက်၊ အိခိုင်တို့က အခုလို တစ်ယောက်တစ်ပေါက် ပြောတော့ အဓအေးပုလင်းကို ပိုက်ထည့်ပြီး ငုံ့သောက်နေတဲ့ စောမွန် ပိုင် အအေး ဆက်သောက်လို့မရတော့ ...။

"ဘာတွေပြောနေတာလဲ ငါက ဘာလို့အမှားတွေ့ရမှာလဲ မဦး မချွတ်ဟာ .."

သူမရဲ့ စကားကြောင့် ကျန်တဲ့ သုံးယောက်က သူမကို ဝိုင်းမျက် စောင်းထိုးကြသည်။

"ဟဲ့ ...အမှားဆိုတာ မှားတဲ့အမှားမဟုတ်ဘူး"

ညိုညိုဝေစကားကြောင့် သူမက အခုလိုပြန်ပြောမိပါတယ် ...

"သြော် ...မှန်တဲ့အမှားဆိုတာရှိလို့လား ..ဘာတွေလဲဟာ ...ရှုပ် နေတာပဲ"





သပွတ်အူလည်နေတဲ့ သူမတို့ စကားဝိုင်းက ဘာကြီးမှန်းကိုမသိ ...မသက်ကလည်း ...

"အမှား ..ဆိုတာ"

"အမှန်မဟုတ်ဘူးလေ ..."

"နေစမ်းပါဦး စောမွန်ရယ် ...နဂိုကမှ စကားက လည်နေရတဲ့ ကြားထဲ ..."

"အေးလေ"

သူမလည်း ရယ်ချင်မိကာ ...

"ကဲ ...ပြောပြော ..."

"ဒီလိုဟ ..."

"ကဲ ...စကားပလ္လင်ခံမနေနဲ့ မိညိုရယ် ပြောမယ့်အရေး ပြော စမ်းပါဟာ အရစ်ပဲ ..."

အိခိုင်ဝင်ပြောတာကြောင့် ညိုညိုဝေက လျှာထုတ်ပြရင်း ...

"အေးပါဟာ ...အမှားဆိုတာ ...လူတစ်ယောက်ရဲ့နာမည်ဟ ..."

သူမဒီတစ်ခါတော့ အံ့သြရပါသည် ...အံ့သြတဲ့စိတ်ကြောင့်လည်း

"ဘာကြီး ...လူနာမည်ဟုတ်လား"

ညိုညိုဝေက ခေါင်းညိတ်ကာ ဆက်ပြောပါသည်။

"လူမှ ...အကြီးကြီး ...သူ့နာမည်အရင်းက "တိုးတိုး" တဲ့ အမှား ခဏခဏလုပ်လွန်းလို့ "အမှောင်ကား" လို့ နာမည်တွင်နေတာ ..."

သူမ ညိုညိုစကားကို နားမရှင်းတာကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ အမှောင်ကား ..."

"အမှောင်ကားဆိုတာ အမှားကောင်လို့ပြောတာဟ ဒီကောင်က သဘောတော့ကောင်းတယ် ...နောက်တတ် ...စတတ်တယ် ...ဒါပေမဲ့ တမင်တကာလုပ်ယူထားတာမဟုတ်ဘဲ ...ခဏခဏမှားတာတော့ ခက်တယ်ဟ ..."

မသက်ကလည်း စကားဝိုင်းထဲဝင်ပြောလာပါသည်။

"ဘယ်လောက်တောင်မှားသလဲဆိုရင် မွေးကတည်းက စ,မှားတာ... ကိုယ်ဝန်ရှိလို့ အန်ထရာဆေး ရိုက်ကတည်းက စ,မှားတာ"

သူမ စိတ်ဝင်တစားနဲ့ ...

"ဘယ်ပုံမှားတာလဲ"

"သူ့အမေက အဖြေမှားပြီး မိန်းကလေးဆိုပြီး စိတ်ညစ်နေတာ၊ မွေးလည်းမွေးရော ယောကျ်ားလေးလို့ပြောတော့ ဒါ သူ့ကလေး မဟုတ်ဘူးလို့ ဆရာဝန်တွေကို အတင်းငြင်းတာ ဆုံ့ရောပဲ"

ညိုညို့စကားကြောင့် အားလုံး ခွက်ထိုးခွက်လန်ရယ်ကြပါတော့သည်။

"ကဲ ရယ်မနေကြနဲ့ မီယုဆီသွားမယ်ဆို ..."

"ချိန်းထားလို့လား ..."

ကျောပိုးအိတ်တွေ လွယ်အိတ်တွေကောက်ကိုင်ပြီး ညိုညိုက ဝန်ထမ်းကောင်လေးကို ...

"ရှင်းမယ် ...ဟဲ့ ရှင်းပါမယ်ဆို"

ရွှေသမင်စာပေ



အနိုင်ကျင့်နေကျ ဝန်ထမ်းကောင်လေးက ရယ်ကျဲကျဲနဲ့လာရင်း စားပွဲပေါ်က စားထားသောက်ထားသမျှကိုတွက်ကာ ...

"သုံးထောင့်တစ်ရာကျတယ် အစ်မ ..."

"ဟဲ့ သေသေချာချာ တွက်ပါဦးဟဲ့ ..."

ကောင်လေးက ခေါင်းကုတ်ရင်း ရယ်ကျဲကျဲနဲ့ ...

"ကိုမှား ဟိုဖက်ဝိုင်းမှာ ထမင်းကြော်တစ်ပွဲ၊ လက်ဖက်ရည် တစ်ခွက်၊ စီးကရက်တစ်လိပ် သောက်သွားတယ် အဲဒါ အစ်မတို့စာရင်း ထဲ ထည့်လိုက်ဆိုပြီး လစ်ပြီ ..."

"ဗုဒ္ဓေါ ..."

"သေနာ"

"ဘုန်းမကြီးလို့ အသက်မရှည်ပါစေဟယ် ..."

ညိုညိုနဲ့ မသက်က မေတ္တာပို့ပါသည်။ ညိုညိုဝေ ..မသဇွတ်တို့က အမှားဆိုတဲ့ ပုဂ္ဂိုလ်နဲ့ တစ်ရပ်ကွက်တည်းသားတွေမို့ ရင်းနှီးကြသည်။ သူမနဲ့ အိနိုင်က အစိမ့်းသက်သက်၊ သူမက ရယ်ရင်း ...

"နင် တို့ မီယုကိုခေါ်ပြီး သင်းပုံ့ပုံ့က စောင့်နေ ..."

"နင်က ဘယ်သွားမလို့လဲ"

အိနိုင်က သူမကို ဦးတည်ပြီး မေးတာကြောင့် ...

"ငါ ကျောင်းသားရေးရာဘက်သွားဦးမယ် ..."

"ဟာ ...ပြီးမှ ...ငါတို့နဲ့အတူသွားပါလား"

"သွားနှင့်ပါဟာ ...ငါလိုက်ခဲ့မယ် ..အတန်းထဲဝင်ပြီး ဖြေထားတဲ့

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စာအုပ် ဝင်ပေးရဦးမှာဟ ...”

အတင်းတားနေတဲ့ကြားက သူမ လစ်ထွက်ခဲ့ရပါသည်။ အတန်းကို အရင်ဝင် မြတ်စိုးကို မတွေ့တာနဲ့ ကောင်းခန့်ဇော်ကို စာအုပ်ပေးခဲ့ကာ ကျောင်းသားရေးရာဘက် ထွက်လာခဲ့ပါသည်။ ကျောင်းသားရေးရာရောက်တော့ လူတွေက တစ်ပုံတစ်ခေါင်း၊ ကျောင်းသားရေးရာမှာ “စားအုန်းဆီ” ပေးတယ်လို့ သတင်းထွက်နေသလားမသိပါ။ လူအုပ်ကြီးကိုကြည့်ပြီး မိန်းကလေးပီပီ ခါးတောင်းကျိုက် တိုးဝင်ပစ်လိုက်ချင်စိတ်က ပြာဖွားဖွား၊ မထူးပါဘူးဆိုပြီး မိန်းမတို့ဘုန်း ဝုန်းခနဲ နှလုံးမူကာ မော်ရင်ဟိုတောင်မသိသေးတဲ့ ဘတ်စ်ကားတိုးစီးတဲ့ နည်းစနစ်နဲ့ အတင်းဝင် အတင်းထွက်ကာ ငွေချေချလံယူပြီး လူအုပ်ကြားက ထွက်တော့ ချွေးတွေက တစ်ကိုယ်လုံးနစ်နေပါသည်။ လက်ထဲက ချလံကိုကြည့်ရင်း မျက်လုံးကျယ်သွားကာ အသံထွက်မိသည်။

“အိုးမိုင်ဂေါ့”

ချလံထဲကနာမည်က သူမနာမည် လုံးလုံး မဟုတ်၊ သူမက ပြားပြား ...အဲလေ ထားပါတော့ ...

“ဟော့ ချလံစာရွက်မှားနေတယ်”

လူအုပ်ထဲက အသံနဲ့အတူ အသံရောရုပ်ထုထည်ခန္ဓာကိုယ်ကြီးပါ တိုးဝှေ့ထွက်လာတာ မြင်လိုက်ရပါသည်။ ဒီလူထက် သူမက စပြီးအရင် စာရေးမပေးတဲ့ ချလံစာရွက်ကို ကောက်ယူသွားတာ ဆိုပေမယ့် သူမက နှုတ်ခမ်းကိုက်ကိုက်၊ ခါးပေါ် လက်ထောက်ကာ အဲဒီလူကို





ဒေါသနဲ့ကြည့်တော့ ...ထိုလူက ပါးစပ်အဟောင်းသားနဲ့ ...

“အဲဒါ ...ဘာဖြစ်တာလဲဟင် ...”

ဒီလူ့စကားက ဒေါသကို နှစ်ဆင့် ပေါက်ကွဲချင်စရာအမှန် ...

ကြည့်ပါဦး ဒေါသဖြစ်နေတဲ့သူကို ဒေါသမှန်းမသိ လောဘမှန်းမသိနဲ့ ...

“ဒေါသထွက်နေတာလေ ...”

ကျွန်မရဲ့ မနေနိုင် မထိုင်နိုင် နှုတ်ကထွက်လာတဲ့စကားကြောင့် ထိုလူက အံ့သြနေရာမှ ရုတ်တရက် ရယ်ချလိုက်သည်။ ရယ်သံကြီးက ဝါးပိုးဝါးမကွဲနိုင်ပေမယ့် ပတ်ဝန်းကျင်နေရာအနှံ့အပြားက ကျောင်းသားတွေ ပြန်ငေးကြည့်ရတဲ့အထိပါ ...

“ရှင်ကလည်း တိုးတိုးရယ်စမ်းပါ”

“အေးလေ ..တိုးတိုးပဲ ရယ်တာပဲဟာ ...”

“ဘာပြောတယ် ...”

သူမက ရှုပ်နေတဲ့စကားကို ရှင်းခိုင်းတာပါ ..ထိုသူကလည်း

“ဟုတ်တယ်လေ ...ကျွန်တော်နာမည်တိုးတိုး၊ တိုးတိုးမရယ်လို့ စောမွန်ပိုင် ရယ်တာလား”

ဘယ်လောက်အကင်းပါးလိုက်တဲ့ ပုဂ္ဂိုလ်လဲ၊ ချလံပေါ်က သူ့နာမည်ကို ထိုလူသိပြီးပြီ၊ အေးလေ သိလည်း သိနေနိုင်တာပါလေ နေပါဦး ဒီလူ့နာမည်ကို ဘယ်မှာကြားဖူးလိုက်မှန်းမသိပါ၊ ရှည်ရှည် ဝေးဝေး သိပ်စဉ်းစားမနေချင်တော့တာမို့ အနောက်တိုင်း အသံရှင်ကားတွေထဲ



www.burmeseclassic.com

www.burmeseclassic.com



ကလို လှူဆိုးထိပ်သီးတွေ ပစ္စည်းချင်းလဲတဲ့ ပုံစံနဲ့ စာရွက်နှစ်ခုကို အပြန်အလှန် လဲကြတယ် ...လက်ဆွဲနှုတ်မဆက်ဘူး ...သေနတ်နဲ့ မပစ်ကြပါဘူး ...

နောင်တစ်ချိန်မှာတော့ .....

⚓ ⚓ ⚓





မော်ကြီးစကားကြောင့် ရထားတဲ့ပေါ်က အခြားကျောင်းသားတွေလည်း ရယ်ကြပါသည်။ ခေါင်းမှ ဆံပင်ဖြူဆိုးထားတဲ့ ကောင်မလေးက ရှက်စိတ်ကို ဒေါသနဲ့ပေါင်းဖက်ကာ .....

"ဟဲ့ .... အဲဒါ တမင်ဆိုးထားတာ တောသားရဲ့၊ ကိုရီးယားကားတွေ နင် မကြည့်ဖူးဘူးလား"

မော်ကြီးကလည်း ချက်ချင်းပင် ....

"ဟာ ဒါဆို ငါ့အဘွားလေးလဲ တစ်ခေါင်းလုံးပဲ၊ ဒါဆို ငါ့အဘွားလဲ ကိုရီးယား ဘွားဘွားပေါ့ ..."

ဘယ်တော့မှ မျက်နှာပိုးမသေတဲ့ မော်ကြီးနဲ့မှ ဒီကောင်မလေးတွေ တွေ့ကြတာ ဒီကောင်မလေးတွေ ကံဆိုးတယ်လို့ပြောရမှာပဲ ...

"မင်း နေ့လယ်က ညီညီတို့ကို ဒုက္ခပေးလိုက်တယ်ဆို"

ဖိုးကုလား စကားကြောင့် ကျွန်တော် ပြုံးမိကာ ....

"ငါ့ကို မတွေ့ဘူး၊ ငါလဲ အမြန်စားပြီး စားပွဲထိုးကောင်လေးကို သူတို့ရှင်းမယ်လို့ပြောပြီး လစ်ထွက်ခဲ့တာ "

ကျွန်တော်နဲ့တွေ့တိုင်း ညီညီတို့ အမြဲခံရတာ မနည်းတော့။ ညီညီတို့ကလည်း သူ့ကို ကြိမ်းဝါးထားပါတယ်။ ပြေးနိုင်မှ လွတ်မယ်တဲ့လေ၊ ကျွန်တော်နဲ့ ကျောချင်းကပ်နေတဲ့ ကောင်မလေးက ရထားအကွေ့မှာ ကျောလာမှီသလို ဖြစ်တာကြောင့် လည်ပြန်မေးမိသည်။

"ဟော့ ဟော့ ကြီးရင်မှီ ငယ်ရင်ချီတဲ့၊ နင် အသက်ကြီးလား ငါ အသက်ကြီးလား ပြော"



www.burmeseclassic.com

www.burmeseclassic.com



“ဘာပြောတယ်”

“ညာဖက်က ပြောတာလေ ....”

ကောင်မလေးက ပွစိပွစိရွတ်ရင်း သူ့အဖော်ကောင်မလေးကို ခေါ်ကာ ....မျက်နှာချင်းဆိုင်ကခုံမှာ ပြောင်းထိုင်ပါသည်။

ရထားက ငမိုးရိပ်ဘူတာဝင်လာတော့ ကျွန်တော်တို့ ဆင်းကြပ သည်။ ဘူတာပလက်ဖောင်းပေါ် ပဲရောက်ပါသေးတယ်။

“ဟော့ကောင် မင်းခြေထောက်မှာ”

ကျွန်တော် ကိုယ့်ခြေထောက်ကိုယ် ငုံ့ကြည့်တော့ ပတ်ဝန်းကျင် မှာ ရယ်သံတွေ ဟုတ်ပါရဲ့ ယောကျ်ားစီး ကတ္တီပါတစ်ဖက် မိန်းမစီး ဖိနပ်တစ်ဖက် ....

“ရှင် ...ဖိနပ်မှားနေပြီ ....”

အသံရှိရာ အာရုံရွေ့တော့ ဩော် သင်းလေးကိုး...၊ ရထားပေါ်က အဖြူရောင်ဆံပင်နဲ့ ကိုရီးယား ဝန်ကစွပ်မလေးကို သေသေချာချာ ကြည့်မိမှ လှတာတော့ အတော်လှသားမို့ မှတ်ချက်ချမိတယ် ...

“ငါမှားတာမဟုတ်ဘူး ...နင်အရင်မှားစီးတာ”

“ဘယ်လိုလူလဲ မသိဘူး ....”

ကောင်မလေးရဲ့ ပွစိပွစိစကားကြောင့် ကျွန်တော်ကလည်း ...

“သိချင်လို့လား ....”

ကောင်မလေးက မိန်းမဆန်ဆန်ပေမယ့် တောက်ခေါက်သည် ကျွန်တော်က ယောကျ်ားဆန်ပေမယ့် မျက်စောင်းထိုးပြပါသည်။ သူ





က အကျီလက်မောင်းကိုမကာ ရှေ့ကိုတိုးတော့ ဟိုကောင်တွေ မျက်နှာပျက်ကုန်ပါပြီ။ ခရီးသွားအချို့ကလည်း စူးစမ်းလေ့လာကြပါသည်။ (မြန်မာလူမျိုးတို့၏ ထုံးစံအတိုင်း သိသိသာသာကြီးကို စပ်စုခြင်း အတတ်ပညာကို အသုံးချပြပါတော့သည်။) တချို့ဆို လည်ပြန်လေး တောင် အဆစ်ပါလိုက်သေးသည်။ ကဲ ...ဆက်ပြီး ဇာတ်လမ်းကိုပြော ရရင် ကျွန်တော်ကလည်း ရှေ့တစ်လှမ်းတိုးပါတယ်။ တစ်ယောက်ကို တစ်ယောက်အကဲခတ်ကြပါတယ်။ ကောင်မလေးရဲ့ မျက်ဝန်းတွေဟာ ပြိုင်ပွဲစည်းဝိုင်းထဲက တစ်ဖက်ပြိုင်ဘက်ကို အကဲခတ်နေတဲ့ လက်ဝှေ့ သမားလိုပါပဲ ...

ရိပ်ခနဲ သူမ ညာခြေဘစ်လှမ်း စရွေ့တိုးသည်။

“ရော့ နင့်ဖိနပ်”

ကျွန်တော်ကလည်း ခြေတစ်ဖက်ကို ရှေ့တိုးပေးရင် ...

“ဒီမှာ နင့်ဖိနပ် ....”

ဖိနပ်ချင်းလဲအပြီးမှာ သံတမန်စကားမဆိုကြဘဲ ကိုယ့်လမ်းကိုယ် ဆက်လျှောက်ကြတယ်။

နောက်ဆုံးစကားဆိုရသော် (ဤတွင် ဇာတ်လမ်းပမာနားဆင် ရာ အခန်းပြီးပါပြီပေါ့ ....)

⚓ ⚓ ⚓



www.burmeseclassic.com


www.burmeseclassic.com





*အဘိဓာန်တွေ ကြေမွခဲ့ပြီ*
*အဲဒီအရာကို အမည်မပေးထားဘူး*
*တစ်ဘဝလုံး ရှုံးမယ့်ချစ်ခြင်းကို*
*တစ်ဘဝလုံး ရှုံးမယ့်အရာနဲ့*
*ငါလဲခဲ့*

*(ငြိမ်းစစ်မင်း၏ နှလုံးသားဖတ်စာ -၃- မှ...)*







အဲဒီနေ့က ဒဂုံတက္ကသိုလ်ရဲ့ ပရဝဏ်တစ်ခုလုံး မိုးရိပ်ညို့ညို့တွေကို ခြုံထည်ပဝါလွှမ်းခြုံထားတယ်။ ထီးမပါတဲ့လူတစ်ယောက်အတွက် ကိုယ်ရှေ့က မျက်စိတစ်ဆုံးက နားခိုရာကို ဂျိမ်းစဘွန်းလို မျက်စိလျှင်လျှင်နဲ့ ကြည့်နေရတာ ကျောင်းသားတိုင်းအသိပါ။ ကတ္တရာလမ်းမ အဝိုင်း ရှေ့မှမြင်နေရတဲ့ (ကွန်ဗို့) အဆောက်အဦးနဲ့ နောက်ခံ မှိုင်းသိုညို့ကောင်းကင်ရိပ်ဟာ လွမ်းချင်စရာကောင်းလိုက်တာ.. အလွမ်းဆိုတာ ဝယ်ယူသိမ်းထားလို့မရပေမယ့် သူ့ဘာသာရင် ထဲဝင်လာတော့လည်း လက်ခံရတော့တာပေါ့.. ကတ္တရာလမ်းမပေါ် အေးအေးမှန်မှန် လျှောက်လှမ်းလာရင်း ခုနအလွမ်းကိုပြန်ခံစားဖို့ စဉ်းစားမိတယ်... ခက်တာက ဘယ်ကစလွမ်းရမလဲ... ဘာကိုလွမ်းရမလဲ... လွမ်းဖို့အတွက် ချစ်သူရည်းစားမရှိတော့ အခက်သားပဲလေ...

ကောင်းပြီ အငှားလွမ်းကြည့်လိုက်မယ်... ဘယ်သူ့ကိုခေါ်ပြီး လွမ်းရင်ကောင်းမလဲ၊ (ညိုညို) ချက်ချင်း တစ်ယောက်တည်းခေါင်းခါ



www.burmeseclassic.com

www.burmeseclassic.com



ငြင်းဆန်မိသည်၊ ဒီသောက်ပေါမလေးနဲ့တော့မဖြစ်ဘူး။ နောက်တစ်ယောက် မသ်ိကာ်၊ သူနဲ့လည်းမဖြစ်ပြန်ဘူး၊ ပြီးခဲ့တဲ့အပတ်က လမ်းမှာတွေ့တုန်း ငွေနှစ်ထောင် သူမဆီကချေးထားလို့ သူမရဲ့ ရုပ်ပုတ်ပုတ်နှုတ်ခမ်းကြီး အာရုံထဲ ဝင်ဝင်လာတာ (ဖီလင်အောက်)စရာ ...

သိပြီ ...ဖိနပ်မှားတဲ့ ကိုရီးယား ဝင်ကစွပ်မလေး ...ခေါင်းခါမိပြန်သည် ...ဟော ...

"ဒိတ် ...ဒိတ် ..."

ဖျတ်ခနဲ ကိုယ့်ရင်ဘတ်ကို ကိုယ်အုပ်မိချိန်မှာ ဖျတ်ခနဲဝင်လာတဲ့ ပုံရိပ်လေး နာထင်စပ်မှာ ဆံနွယ်တွေနဲ့ တွဲခိုနေတဲ့ ချွေးစီးကြောင်းလေး လည်ပင်း ရှင်းရှင်းကြော့ကြော့လေးမှာ ချွေးစက်တွေနဲ့ လင်းလက်နေတဲ့ လည်ပင်းလေး.... (တစ်ခါတုန်းက ကျောင်းသရေးရာက ပုံရိပ်လေးတစ်ခု)

တစ်ယောက်တည်း ပြုံးမိတော့ ရှေ့ကလျှောက်လာတဲ့ ကောင်မလေးက ဘယ်လိုထင်သည်မသိ မျက်စောင်းထိုးသွားပါသည်။ ရှိပ်စေလေ ...

"စော...မွန် ...ပိုင်"

နှုတ်က အလိုလိုထွက်ကျလာတဲ့ အသံကြောင့် ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားသလိုလို ....

"ဟော ..."

တစ်စက်နှစ်စက် သွေးထိုးစမ်းကျလာတဲ့ မိုးစက်ကြောင့် လုံချည်





ကိုပြင်ဝတ်လိုက်ရင် အသင့်အနေအထား ကားလမ်းမပေါ်မှာ တချို့တွေက ထီးဖွင့်သူဖွင့်နှင့် အလုမ်ရှုပ်နေတာတွေ့ရပါပြီ... ကဲ ရယ်ဒီဝမ်း ...တူး ...သရီးဆိုပြီး စိတ်ထဲမှာ တိုင်ပင်ခေါ်ကာ သုတ်ချေတင်ပါတော့သည်။ လူကလည်းရှင်းနေပါတယ် ...မြင်နေရတဲ့ ခရီး လမ်းမှာ ကားမှတ်တိုင်ဆိုလို့ ကျောင်းသားရေးရာနဲ့ သူတို့ IR ဘက် အနီးက ကားမှတ်တိုင်ပဲရှိပါသည်။ မြင်နေရတဲ့ ကားမှတ်တိုင်အမိုးအောက်ကို သူက အရှိန်မြှင့်ပြေးပါသည်။ နည်းနည်းသည်းစ မိုးစက်ကြောင့် အားကုန် အမိုးအောက်ကို သူပြေးဝင်သလို ရိပ်ခနဲမြင်လိုက်ရတဲ့ အရိပ်ကလည်း ပြေးအဝင် ....

"ခွပ် ..."

"အား ..."

"သေပါပြီ ..."

နှစ်ဦးသား အမိုးအောက်အစပ်က မြေပြင်ပေါ် ဖရိုဖရဲ လဲကျသွားပါတယ်။ နာကျင်တဲ့မေးရိုးကို အာရုံမစိုက်နိုင်အားပါ၊ မေးစေ့ကို ပွတ်ရင်း အမိုးအောက်ထဲဝင်ရပါသည်။ အမိုးအောက်ရောက်မှ သူနဲ့တိုက်မိတဲ့အရိပ်ကို ကြည့်တော့မှ ကျောင်းသူတစ်ယောက်မှန်း သိရပါသည်။ မြေပေါ်လဲနေတဲ့ ကျောပိုးအိတ်လေးကို သူမက ကိုင်ထားရင်း ထိုကျောင်းသူက နဖူးကိုပွတ်နေပါတယ်။ ပြီးတော့ ဆံပင်တွေခါထုတ်ရင်းလင်းရင်း ကျွန်တော့်ကို မော့ကြည့်တော့ ...

"ဟာင် ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လိုပဲ သူမလေးလည်း အံ့သြရမှာ ဆယ်လေးတစ်လေ
ကျိန်းသေလောင်းရဲပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နှုတ်ခမ်းဖူးဖူးလေ
ဝိုင်းဟသွားတာရယ်၊ မျက်ဝန်းကြည်ကြည်လေးတွေက မသိမသ
ပြူးကျယ်သွားတာရယ်က အဖြေပဲလေ။ အရေးထဲ နှုတ်ခမ်းနီတွေ
ထွေးလေးတွေက နှုတ်ခမ်းနီမဆိုးထားတာ သတိထားမိပြန်ပါသည်

"စောမွန်ပိုင် ...."

"ဩော် ရှင်ကိုး ..."

"ရှက်ချင်ကိုမဟုတ်ပါဘူး ...ဖရန်လမ်းပတ် တိုးတိုး"

ကျွန်တော့်ရဲ့ နောက်ပြောင်ကျီစယ်မှုကို သူမက မျက်စောင်းထ
ဂုဏ်ပြုပါသည်။ ပြီးတော့လည်း ...

"ရှင့်နဲ့တွေ့လိုက်ရင် အရာရာနဲ့အကြောင်းကြောင်းချည်းပဲ"

မိုးနဲ့လေရောပါလာတယ်နဲ့ တူပါတယ် ...သူတို့ရပ်နေရာဆီအထ
မိုးမှုန်ဖွားလေးတွေ လွင့်စဉ်လာသောကြောင့် နောက်ကို နည်းနည်
ဆုတ်ပေးရပါတယ်။ ကတ္တရာလမ်းပေါ်ကို မိုးစက်မြားတွေ ထိစင်ပေါ
ကွဲ သွားပုံက ခုန့်လွှမ်းမိတဲ့ အလွှမ်းအတွက် (နောက်များတော့) ပိုင်
အထောက်အကူပြုမှာသေချာပါတယ်။

"ကံစီမံရာဝေ့ါ စောမွန်ပိုင်ရယ်"

သူက ပြုံးမဲ့မဲ့နဲ့ ခေါင်းခါပြရင်း ...

"ကံစီမံတာမဟုတ်ပါဘူး ...ရှင်စီမံတာပါ"

"ဘာဖြစ်လို့ ...."





သူမက သွားဖြူဖြူလေးတွေပေါ် အောင် ရယ်ပြရင်း ...

"ရှင်ကိုယ်တိုင်က အနေအထိုင်မတတ်တာဘဲ ..."

"ဒါဆို ကျွန်တော်က ဆရာတာရာမင်းဝေရဲ့ အနေအထိုင်မတတ်
တဲ့ကြယ်ပေ့ါ ..."

"ရှင်က ကြယ်မဟုတ်ပါဘူး ကြောင်ပဲဖြစ်မှာ"

ကျွန်တော် သူမရှေ့မှာ "ညောင်" လို့အော်ရမလိုလိုပါ။ မိုးစက်
ပေါင်းတွေ အရှိန်ဟုန်နဲ့သွန်ချဖို့ ကောင်းကင်ကြီးက ကြိုးစားချင်ပုံ
ရပါတယ်... လေပြင်းရဲ့ နောက်ခံတေးဂီတကလည်း ကျွန်တော့်
အတွက် ဒီအချိန်မှာ နားထောင်လို့ကောင်းတာသေချာပါသည်။

အိုမာခရမ်က သီချင်းဆိုတတ်တဲ့ ချစ်သူရယ် ဝိုင်တစ်ခွက်ကို
တမ်းတနေပေမယ့် ...ကျွန်တော်က ဒီမိုးစက်တွေရယ် ချစ်သူလောင်း
လျာလေးနဲ့ အတူနေခွင့်ရတာ ...ကံကောင်းခြင်းဆုလာဘ်လို ဆိုရမှာပဲ။
ထပ်ပြီး ကြီးကြီးကျယ်ကျယ်ပြောရရင် အိုင်းစတိုင်းရဲ့ ရီလေးဗစ်တစ်
သီအိုရီကို ထောက်ခံအားပေးစရာကောင်းလာတယ် ...ဒါပေမယ့် အဲဒီ
သီအိုရီကို ဖျက်ဆီးဖို့ ကျွန်တော်တို့အနီးကို ကားတစ်စီးထိုးဆိုက်လာတာ
ပေ့ါ။ ကားမောင်းသူနေရာကပုဂ္ဂိုလ် သူမကို လှမ်းခေါ်ပါတယ် ....

"စောမွန် လာလေ ...."

"ဟာ ကိုကို ...လာပြီ ..လာပြီ"

သူမက အမိုးအောက်နေ ဖျတ်ခနဲ ကားဆီပြေးသွားပြီး မသင့်
ဖွင့်ပေးထားတဲ့ တံခါးကနေ အထဲဝင်သွားတယ်။ ရင်ထဲမှာ ဝမ်းနည်း



www.burmeseclassic.com

www.burmeseclassic.com



သလိုလို ... ဟာသွားသလိုလို ကျွန်တော်ခံစားမိတာအမှန်ပါဗျာ ... ကိုယ့်ကိုယ်ကို ပြန်သနားမိတာပေါ့ ...ကားမထွက်ခင်လေးမှာ သူ့ရဲ့ပြုံးတုံ့တုံ့အကြည့်လေးက ဒီနေ့ ကံမကောင်းပါလားလို့ သရော်ချင်ဟန်နဲ့တူပါရဲ့လေ....





"ထိုင်စမ်းပါဦး ...သမီးရဲ့"

စောမွန်ပိုင်က ညှော်ခန်းက ဖြတ်အလျှောက် အားကစားဂျာနယ်တွေနဲ့ အလုပ်ရှုပ်နေတဲ့ သူမရဲ့ဖခင် ဦးသက်စောက လှမ်းခေါ်ခြင်းဖြစ်သည်။ စောမွန်ပိုင်က သူမ ဖခင်ဘေး ဆိုဖာပေါ် ဝုန်းခနဲ ပစ်ထိုင်လိုက်ရင်း ....

"ဘာတွေ အလုပ်ရှုပ်နေတာလဲ ဖေဖေ"

ဖခင်ဖြစ်သူ ဦးသက်စောကို သူငယ်ချင်းတစ်ယောက်လို သိုင်းဖက်လိုက်ရင်း သူမဖေဖေရှေ့မှာချထားတဲ့ စာစောင်တွေကို ယူကြည့်မိသည်။

"မန်မန်ကို ဘယ်လိုသဘောရလဲ"

စာစောင်ကို မေးထောက်ငုံ့ကြည့်နေရာမှ ဖခင်ဖြစ်သူအမေးကြောင့် စောမွန်ပိုင်က ...

"ဘယ်က မန်မန်လဲ၊ ကိုကြီး သူငယ်ချင်း မန်မန်လား"

"မဟုတ်ဘူးလေ ...မန်ယူ မန်ချက်စတာယူနိုက်တက်ကို ပြောတာ၊ သမီးကလဲ တုံးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ရှုံးသိုးသိုးနဲ့ ဦးသက်စောက ပြောတော့ စောမွန်ပိုင်က ရယ်ရင်း…

"အလ ဘားစတာပါ ဖေဖေရာ၊ အင်း …ဒီအပတ်က ဒါဘီပွဲစဉ် ဆိုတော့ မန်ယူ ညစ်ကန်မှာ သေချာတယ်"

ဦးသက်စောက သမီးစကားကြောင့် ခေါင်းတဆတ်ဆတ်ညိတ် သည်။ ဆရာကြီးလို သဘာကြီးလို ဦးသက်စော ဘယ်လိုခန့်မှန်း တွက် ချက်ပေမယ့် နောက်ဆုံးတော့ ပွဲပြီးရင် ဦးသက်စောပဲ ကွဲတာပါပဲ။

ဒါကိုသိနေတဲ့ စောမွန်ပိုင်က သူမကိုယ်တိုင်လည်း ဘောလုံးပွဲ ကြည့်တာ ဝါသနာပါတာကြောင့် သိသမျှလေး ဖခင်ကို ကူညီပေးရပ် သည်။

"သူတို့ ဘယ်လိုကစားမလဲ သမီးအထင်ပြောကြည့်စမ်း"

"ခြေထောက်နဲ့ ကစားမှာပေါ့ ဖေဖေရ"

စောမွန်ပိုင်စကားကြောင့် ဦးသက်စော မျက်နှာကြီး ဒံပေါက်စား ပြီး အုန်းနို့ခေါက်ဆွဲ နှစ်ပန်းကန်လောက် ဆင့်စားလိုက်သလို မအီ မလည်ကြီးဖြစ်သွားရပါတယ်။ ဂငယ်နဲ့ ပစောက်လို သူ့ဘက်ကိုယ့် ဘက် အမြင်တွေမှားနေတဲ့ သမီးကြောင့် …

"ဘယ်ကစားကွက်နဲ့ ကစားမှာလဲလို့ ဖေဖေပြောတာ"

"သြော် ဒါလား ထုံးစံအတိုင်း တီဗက်နဲ့ ရူနီအတွဲပဲထွက်လာမှာ ဒီတစ်ခါတော့ ဖေဖေ အိုကေပါပြီ …"

လက်ဖျောက်တစ်ချက်တီးပြီး ဖခင်ကို အခြေအနေကောင်း ကြောင်း အသိပေးတော့ ဦးသက်စော မျက်နှာကြီး ပြုံးလာပါသည်။





"ညနေက ဖေဖေ လက်ဖက်ရည်ဆိုင်မှာ ဟိုဘောလုံးပွဲ အကျိုး ဆောင် ကောင်လေးနဲ့တွေ့ရင် ထပ်မေးကြည့်တိုင်ပင်ကြည့်တာပေါ့"

"လမ်းထိပ်က ကိုသန်းထွန်းကို ပြောတာလား ဖေဖေ …."

"အေးလေ ..ကိုလေးမြိုင်သားကိုပြောတာလေ …"

"သြော် ….'

သူမက ဆက်တီပေါ်က ပြန့်ကျဲနေတဲ့ စာစောင်တွေထဲက စာ စောင်တစ်စောင်ကိုကောက်ယူလိုက်တော့ မျက်နှာဖုံးပုံက **အေစီမီလန်** က ကာကာရဲ့ပုံကိုတွေ့တော့ပြုံးမိသည်။ ဟုတ်တယ် **တကယ်တမ်း** ကြည့်ရင် **ကာကာနဲ့** ဟိုနမော်နမဲ့ကောင်လေးက ရုပ်ချင်းဆင်သလိုလို ပါ။

အဲဒီကောင်လေးအကြောင်းတွေးမိတော့ ရယ်လည်းရယ်ချင် ရော။ အခုလို အမှတ်တမဲ့ အမှားတွေနဲ့ သူမရင်ခုန်သံ မြန်ဆန်လာလိမ့် မယ်လို့ ဘယ်သူကထင်မှာလဲ …အံ့သြစရာပဲနော် …..

⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com





ဗတာလုံးများရဲ့ ခရိုးမိုင်များ
ရယ်မောဖြစ်ကြ ...
နောက်ပြန်အလှည့်မှာ ....
ငါ့ရင်ခုန်သံ ...
ဗလာသံတွေ ညံခဲ့တယ် ....

*(ငြိမ်းစစ်မင်း၏ ရင်ထဲသို့ စီးဆင်းရာမြစ်တစ်စင်း)*





စာကူးပြီးရင်လိုက်ခဲ့၊ ငါတို့ "အမှတ်တရ" မှာရှိမယ်လို့ မော်ကြီးတို့ပြောသွားတော့ သူခေါင်းပဲညိတ်ပြခဲ့ပါတယ်။ ကူးစရာရှိတာတွေကို ကူးပြီးတော့ စာအုပ်ကို အိတ်ထဲထည့်ကာ စလွယ်သိုင်းလွယ်လိုက်ပါတယ်။

နောက်ဆရာမဝင်ခင် အမြန်လစ်ထွက်ပြီး "အမှတ်တရ"ဆီ ဦးတည်ခဲ့ပါတယ်။

"ဘယ်လဲ ကိုမှား ....."

သူတို့မေဂျာနဲ့ ဆွေမျိုးရင်းချာလိုဖြစ်နေတဲ့ အာခီက မြတ်နိုးတို့ အုပ်စုကမေးတော့ သူကလည်း ရှတ်နောက်နောက်ကိုအတည်ပြောပြီး ဖြေဖြစ်ပါတယ် ....။

"အမှန်တရားရှိမယ့် အမှတ်တရဆီကိုလေ ...."

မြတ်နိုးတို့ အုပ်စုထဲက နန်းခမ်းကလည်း ကျွန်တော့်ကို ချက်ချင်းဆိုသလို ....

"အမှတ်တရမှာ အမှန်တရားတွေစောင့်နေတယ် ...အောင်ဇော်တို့ ဇော်သက်ထွန်းတို့လေ ...."



www.burmeseclassic.com

www.burmeseclassic.com



နန်းခမ်း စကားကြောင့် ကျွန်တော်က ...

"သိပ်မေတ္တာထားတာပဲလား နန်းခမ်းရယ် ...ကဲ လစ်ပြီ"

အားလုံးကို နှုတ်ဆက်ကာ ညာဘက်ကတ္တရာလမ်းချိုးကို ကွေ့တော့ ကျွန်တော့်ရှေ့မှာ ကောင်မလေးတစ်ယောက် ယနေ့ခေတ်ရဲ့ ခန္ဓာကိုယ်အချိုးအစားနဲ့ မနေ့မမြန် သူမက ကျွန်တော့်ရှေ့ ဝါးတစ်ပြန်သာသာက ဦးဆောင်လျှောက်လှမ်းနေပါတယ် ...

"ဟော့..."

ကျွန်တော်က လှမ်းခေါ်တော့ ရှေ့က ကောင်မလေးက လှည့်ကြည့်သည်။

"ဩော် ...."

ဖျတ်ခနဲ ရင်ခုန်ခြင်းဖြစ်ပေါ်စေတဲ့ မျက်နှာပိုင်ရှင်မလေး ...ကျွန်တော့်ရဲ့ မိုးစက်ပွင့်ညိုလေး ...သူမကလည်း ကျွန်တော်ကို မှတ်မိတယ်ဆိုတာ သူမမျက်နှာ အစိတ်အပိုင်းကို အကဲခတ်ရင် သိသာတာအမှန်ပါ။ သူမက ဘာလဲဆိုတဲ့သဘောနဲ့ မေးဆတ်ပြသည်။ ကျွန်တော်က မေးရော မျက်ခုံးပါပင့်ပြရင်း သူမ ဖိနပ်ဖျားအစပ်က ကျောင်းသားကတ်ပြားလေးကို မေးဆတ်ပြကာ.ကျွန်တော်က သူမကို ကျော်လွန်ကာ ဆက်လျှောက်လာပါသည်။ စကားတော့ ပြောချင်နေသေးတာမှန်ပေမယ့် ကျွန်တော်ကိုယ်တိုင်က ဘာပြောရမှန်းမသိတာကြောင့်လည်း အခုလို သူစိမ်းဆန်ဆန်နေရတော့တာပေါ့ ...(ဟုတ်ပါတယ်နော်)





"အမှတ်တရ"မှာဝင်ထိုင်တော့ ဟိုကောင်တွေက အစာအိမ်ကို အားဖြည့်နေပါသည်။

"ဘာမှာမလဲ"

"ထမင်းပေါင်းကွာ ..."

ကျွန်တော့်စကားကြောင့် ဖော်သက်ထွန်းခေါ် ဖိုးကုလားက...

"မင်း နေ့တိုင်းစားနေတာ မငြီးငွေ့ဘူးလား ..."

ကျွန်တော်က ခေါင်းခါရင်း ...

"ဗိုက်ပြည့်ရင်ပြီးတာပဲ ထမင်းနဲ့ ဟင်းနဲ့ဆို အလုပ်ရှုပ်တယ်၊ ထမင်းပေါင်းဆိုတော့ တစ်ခါတည်း ပါးစပ်ထဲသွင်းလိုက်ရုံပဲ"

"ကဲ နောက်မှ ပါးစပ်ထဲသွင်း ဟိုမှာ ကောင်မလေးတစ်ယောက် မင်းကိုမိတ်ဆက်မလို့ထင်တယ် လက်ယက်ခေါ်နေတယ်"

"အလျားလိုက်ယက်တာလား ...ဒေါင်လိုက်ယက်တာလား သွားနဲ့ယက်တာလား"

ဖိုးကုလားရဲ့ နောက်ရွှတ်ရွှတ်သံကို ဥပေက္ခာပြုရင်း ဆိုင်ပြင်ကို လှမ်းကြည့်မိသည်။ ကြည့်လိုက်တော့ သူ့ရဲ့ ရွှေရောင်အိပ်မက်လေး....

"ခဏ ငါ့ဘဝရဲ့ အနာဂတ်ဘောင်ချာဖြတ်ပိုင်းကွ ...."

"ဗုဒ္ဓေါ"

ဘုရားတသံတွေကို နောက်မှာချန်ထားရင်း ကျွန်တော် ဆိုင်ပြင်ထွက်လာခဲ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ့ ကျေးဇူးအရမ်းတင်လို့ လက်ဖက်ရည်လိုက်တိုက်တာ
လား ..,အထဲဝင်ပါဦး ...."

သူမက၊ ကျွန်တော့်စကားကြောင့် နှုတ်ခမ်းမဲ့ပြရင်း ....

"ကဲ ကိုတလွဲတချော်... ရှင်ပြတဲ့ ကျွန်မကျောင်းသားကတ်ကို
ကြည့်ပါဦး"

ကျွန်တော် ဇဝေဇဝါနဲ့ သူမကမ်းပေးတဲ့ ကတ်ပြားကို လှမ်းယူ
ကြည့်တော့...

"ဟာ လိုင်စင်ကတ်ပဲဗျာ ...."

"ဟုတ်တယ်လေ၊ ရှင်က ကျွန်မကျောင်းသားကတ်ထင်ပြီး ထွက်
သွားတာ ရော့ ရှင့်ကိစ္စ ရှင် ရှင်းပေတော့ ..."

သူမက ကျွန်တော်လက်ထဲကို ကတ်ပြားထိုးထည့်ပေးပြီး ထွက်
သွားပါတော့သည်။ ယောင်တောင်ကြောင်တောင်နဲ့ နှုတ်ခမ်းမွေးကျေ
ကွေးကြီးနဲ့ မရယ်မပြုံး စိုက်ကြည့်နေတဲ့ လိုင်စင်ကတ်ပြားကိုယူကာ
ဆိုင်ထဲပြန်ဝင်လာမိသည်။

"ဘယ်သူလဲကွ ...."

အောင်မော် ခေါ် မော်ကြီးရဲ့ စကားကြောင့် စားပွဲပေါ် ကို ကတ်
ပြားကိုချပြတော့ ဒီကောင်တွေက ဝိုင်းကြည့်သည်။

"ဘယ်သူလဲ မင်းတို့အိမ်က ကားဒရိုင်ဘာလား ..."

ကျွန်တော့်အိမ်မှာ လိုင်းကားသုံးစီး ထောင်ထားသောကြော
ဒီကောင်တွေ ရည်ရွယ်၍ မေးခြင်းဖြစ်ပါသည်။ ကျွန်တော်က ခေါင်း





ခါရင်း သူမနဲ့စတွေ့ပုံကစပြီး အခုလက်ရှိဖြစ်နေတဲ့ ကာလအထိ ပြော
ပြရပါသည်။

မော်ကြီးက မေးစေ့ကိုလက်နှင့်ပွတ်နေပြီး ဖိုးကုလားက ဖြတ်
သွားဖြတ်လာ ကောင်မလေးတွေကို ငေးကြည့်နေပါသည်။

"ဘယ်လိုမြင်လဲ"

ကျွန်တော်က ဒီကောင်တွေနဲ့ အမြဲတိုင်ပင်နေကျ၊ အဲဒါတောင်
အမြဲ တလွဲတချော်ဖြစ်နေတတ်ပါသည်။

"အနီလေးလား ...သူလည်း လှတာပဲ"

ဖိုးကုလားစကားကြောင့် ကျွန်တော် ကြောင်တောင်တောင်ဖြစ်
သွားရပါသည်။

နောက်မှ ...

"ဟောကောင် ငါ့ကိစ္စပြောနေတာ ..."

"ဟေ ...မသိဘူးလေ ...."

ကျွန်တော် စိတ်ပျက်လက်ပျက်ဖြစ်သွားရပါသည်။ ကျွန်တော့်
...ကြောင့် ဒီကောင်တွေက မျက်နှာချိုးသွေးရင်း ....

"တူနယ်ချင်းကလဲကွာ ဟဲဟဲ နောက်တာပါ... တွေ့မှာပါကွာ
...တက္ကသိုလ်ဆိုတာ ကမ္ဘာကြီးတစ်ခုလောက် မကြီးကျယ်ပါဘူး
...ယ်သူ ..."

အောင်မော်က ကျွန်တော့်ကို လှည့်မေးတော့ ကျွန်တော်က
ဆောင့်ဆောင့်အောင့်အောင့်နဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"စောမွန်ပိုင်"

"ဘယ်သိုက်ကလဲ ..."

"စာကလေးသိုက်က ..."

ကျွန်တော် မခံချင်အောင် နှစ်ယောက်သား ခပ်တည်တည်
စ,နေတာကြောင့် ...

"ဟော့ကောင် ..."

ကျွန်တော်ရဲ့ ဖြစ်ပုံပျက်ပုံတွေကြောင့် ဒီကောင်တွေ ရယ်နိုင်
ကြပါတယ်။ မော်ကြီး ရယ်ရင်း...

"မပူပါနဲ့ကွာ (NASA) ကို အကူအညီတောင်းပြီး ဂြိုဟ်တုက
ဒဂုံတက္ကသိုလ်ကို အစိတ်စိတ်အမွှာမွှာခွဲခြားပြီး ကောင်းကင်က
ဓာတ်ပုံရိုက်ခိုင်းရင် မင်းရဲ့ မိုးစက်ဖြူဖြူလေး ပြေးမလွတ်ပါဘူးကွာ"

"တော်ကွာ ...."

တကယ်တော့ စောမွန်ပိုင် ဆိုတဲ့ မိန်းကလေးတစ်ယော
ကျွန်တော့်နှယ်ပုံးသား ချောက်ချားအောင် ဖန်ဆင်းထားတဲ့ မိုးစ
သူယောင်မယ်ဆိုရင် မမှားပါ ...

လိုင်စင်ကတ်ပြားပိုင်ရှင်ကို ကျွန်တော်တို့ တကူးတကရှာဖွေစ
မလိုခဲ့ပါ။ ကျောင်းကိုလာတိုင်း ကျောပိုးအိတ်ထဲ အမြဲထည့်လာခဲ့
လိုင်စင်ကတ်ပြားဟာ တစ်နေ့တော့ အသုံးဝင်မှန်း ကျွန်တော် သိရှိခြ
က အကျိုးကျေးဇူး ဖြစ်သွားခဲ့ပါသည်။

ပထဝီက သူငယ်ချင်းတစ်ယောက်ဆီသွားရင် အုပ်အုပ်ဆိုင်းဆိုင်





သစ်ပင်ရိပ်အောက်က လမ်းသွယ်လေးကိုမချိုးခင် ကျွန်တော့်ရှေ့ လမ်းသွယ်လေးရဲ့ ထိပ်မှာ ပိတ်ရပ်လိုက်တဲ့ ခဲပုပ်ရောင် ကားလှလှလေး တစ်စီးကြောင့် ကျွန်တော် စိတ်အနှောင့်အယှက် ဖြစ်သွားမိပါတယ်။ ကားပေါ်က ခေတ်ရဲ့ ရိုးရာဖက်ရှင်နဲ့ လှတီးလှတ ကောင်မလေး တစ်ယောက် ဆင်းလာပြီး ဒရိုင်ဘာလို့ထင်ရတဲ့လူကို ...

"ဦးမြင့်စိုး သုံးနာရီလောက် ဒီကပဲစောင့်နော်"

ကောင်မလေးကို မြင်တော့ ဘယ်မှာမြင်ဖူးမှန်းမသိရအောင် ဇဝေဇဝါဖြစ်မိပါသည်။ နောက်တော့မှ "ဪ" လို့ ခပ်တိုးတိုးရေရွတ်ရင်း ကားပေါ်မှာ ဖိနပ်မှားတဲ့ ကောင်မလေးမှန်း သတိရမိသည်။ နောက်ထပ် ဇဝေဇဝါဖြစ်မိတာက ဦးမြင့်စိုးလို့ အခေါ်ခံရတဲ့ ဒရိုင်ဘာ လိမ့်ဆွက်ခါနီးကားကို သူ ကပျာကယာတားမိသည်။

"ဟိုး ဟိုး ..နေပါဦး"

ကားလည်း ရပ်သွားပါတယ်။ နှစ်လှမ်းသုံးလှမ်းကျွံစ ကောင်မလေးက လှည့်ကြည့်ရင်း မျက်ခုံးတွန့်လိုက် ...ကျွန်တော့်ကို လက်ညှိုးထိုးလိုက်နဲ့ စဉ်းစားရင်း ကျွန်တော့်ဆီလျှောက်လာကာ ...

"ရှင် ဖိနပ်မှားတဲ့လူ မဟုတ်လား ...အခု ဘာမှားပြန်ပြီလဲ"

ကျွန်တော်က သူမကို လက်ကာပြကာ ကားဆီလျှောက်သွားပါသည်။ ဒရိုင်ဘာလူကြီးက ကားပြတင်းပေါက်မှ ခေါင်းထွက်ကာ ကျွန်တော့်ကို စူးစမ်းဟန်နဲ့ ....

"ဘာကိစ္စလဲ ငါ့တူ ...."



www.burmeseclassic.com

www.burmeseclassic.com



"ဟို ...ဦးလေး လိုင်စင်ကတ် ကျွန်တော် ကောက်ရထားလို့..."

ကျွန်တော်က ပြောလည်းပြောရင်း ကျောပိုးအိတ်ကို ဖွင့်က
ကတ်ပြားကို ထုတ်ယူမိသည်။ ဦးလေးကြီးက ကျွန်တော့်စကားကြော
ဝမ်းသာသွားပုံရပါသည်။

"ကျေးဇူးပါပဲ ငါ့တူရယ်၊ ဟုတ်တယ် ပြီးခဲ့တဲ့အပတ်ကတည်းက
ပျောက်နေတာ"

ကျွန်တော် လိုင်စင်ကတ်ကိုထုတ်ပေးတော့ ကျေးဇူးတွေ ခဏခ
ပြောပြီး လက်ပြကာ ကားမောင်းထွက်သွားပါသည်။ မတိုင်ပင်ဘဲ နှ
ယောက်သား လမ်းသွယ်လေးထဲချိုးတော့ သူမက...

"ရှင်က ပထဝီကလား"

"မဟုတ်ပါဘူး ကျွန်တော်က IR ပထမ နှစ်ကျောင်းသား မော
တိုးတိုးပါ၊ အများကတော့ ကိုမှားလို့ခေါ်တယ်။ တချို့ကတေ
အမှောင်ကားတဲ့၊ တချို့ကတော့ အမှားကောင်တဲ့ ...။

သူမက သွားတန်းဖြူဖြူတွေပေါ် အောင်ပြုံးရင်း သဘောကျ
သည်။ သူမလည်း တကယ့် မိန်းမလှတစ်ယောက်မှန်း အခုမှ ကျွ
တော် သတိထားမိပါသည်။

"ကျွန်မ နာမည် ယင်းမာလို့ ခေါ်တယ် ပထဝီ ပထမနှစ်ကျော
သူ"

"အင်း ...အရင်းကမာတဲ့ မယင်းမာ တွေ့ရတာဝမ်းသာပါတယ်"

သူမက မျက်စောင်းလှလှလေးကို တမူကွဲပြားထိုးပြပြီး ...





"ရှင်နော် ...အခုမှ စသိခါစမှာ စိတ်ဆိုးအောင်မလုပ်နဲ့"

"စိတ်ဆိုးအောင် ဆိုတာ ...ကျော်ရဲအောင်ရဲ့ ညီလား"

"မဟုတ်ဖူး ...ရဲအောင်ရဲ့ အစ်ကို"

"ခင်ဗျားလဲ နောက်တတ်သားပဲ"

"အနည်ထိုင်အောင် စောင့်ရင်တော့ ပြန်ကြည်လာမှာပါ ...."

ခဏလေးတွေ့ရုံပဲရှိပါသေးတယ်။ ကျွန်တော်နဲ့ ယင်းမာဆိုတဲ့
ကောင်မလေးဟာ သူငယ်ချင်းမိတ်ဆွေရင်းတွေလိုခင်မင်သွားပါတယ်။

"နောက်လဲ လာလည်လေ... လမ်းမှာတွေ့ရင် ခေါ် ... ပိုက်ဆံ
မချေးဘူးဆိုရင်ပေါ့ ...."

"ဟာ အဲဒီအချက်ဟာ ...ကျွန်တော် ဝါသနာအကြီးဆုံးလုပ်ငန်း
ဗျ"

ရယ်သံတွေနဲ့ ညှိခံခဲ့တဲ့ တွေ့ဆုံ မိတ်ဆက်ပွဲက ရင်နှီးလွယ်ကူ
ခဲ့ပါတယ်။

ယင်းမာဆိုတဲ့ မိန်းကလေးဟာ သဘောကောင်းတယ် ဖြူစင်တဲ့
သူငယ်ချင်းလေးမှန်း နောင်တော့ ကျွန်တော် သိရှိခဲ့ရပါသည်။

⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ ချစ်ခြင်းမေတ္တာတွေ သယ်ဆောင်ယူပြေးသွားတဲ့ မိုးစက်ဖြူလေးကို ပြန်တွေ့ရဖို့ ကျွန်တော် နေ့စဉ် မေတ္တာပို့ခဲ့ရတဲ့ တေးသွားနံပါတ်စဉ်တွေ ကျွန်တော့်ရင်မှာ အထပ်ထပ်ပါ ...

ထုံးစံအတိုင်း လွဲချော်နေကျ ကိုရီးယားရုပ်ရှင်ကားလို ကျွန်တော် နဲ့ သူမဟာ ကျောချင်းကပ်အဆောက်အအုံတစ်ခုတည်းရဲ့ နံ တစ်ဖက်စီမှာ ကံကြမ္မာက ခွဲတမ်းချပေးခဲ့တာ ကျွန်တော်တို့ မရိပ် သေးပါ။

မိုးအကုန်ဆောင်းအကူး မိုးစက်နှင်းရိပ်တွေ လောင်ကျွမ်းခံထား ရတဲ့ ကျွန်တော့်နှလုံးသားမှာ မိုးနှင်းရိပ်အက္ခရာနဲ့ ကျွန်တော့်ချစ်သူရဲ့ နာမည်ကို ဂ. ဗျည်းတင်ထားတဲ့အကြောင်း ချစ်သူခေါင်းလေးညိတ် အောင် ကျွန်တော် ပြောချင်ခဲ့တာ ကြာပါပြီ ...

နေ့ရက်အထပ်ထပ် နာရီအလီလီကို ပုတီးလိုလွယ်ပြီး ချစ်သူကို တမ်းတစိတ်နဲ့ အပြန်ပြန်အလှန်လှန်ရေတွက်နေတတ်တာ ချစ်သူက ရော သိပါ့မလား ...





အသိုက်ဖျက်ဆီးခံရတဲ့ ငှက်ငယ်လို အောက်မေ့သတိရတဲ့စိတ် နဲ့ သူမနဲ့ ဆုံတွေ့ဖူးတဲ့မှတ်တိုင်မှာ အကြိမ်ကြိမ်သက်ပြင်းတွေချ .... အဲဒီသက်ပြင်းတွေသာ စကားသံ စကားလုံးအဖြစ် လေမှာလွင့်ခဲ့ရင် သူမဆီရောက်ပါစေလို့ ကျိတ်ဆုတောင်းလိုက်ချင်တာ အမှန်တရားပါ။

နှလုံးသားကို မားနဲ့ခြစ် ဒဏ်ရာဖြစ်ခဲ့ရင် အဲဒီဒဏ်ရာကို ကုသဖို့ ဆေးဝါးက မင်းပြန်ပေးဆပ်ရမယ့် ချစ်ခြင်းမေတ္တာပါ စောစွန်ပိုင် ...

တစ်နေ့တော့ တို့တွေ ဆုံတွေ့နိုင်ခွင့်ရှိမယ်ထင်ပါရဲ့ ....

⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com





စိမ်းလန်းခြင်းမရှိတဲ့ တရားကို
ငါပိုင်ခဲ့ . . .
ဝေးကွာခြင်းအတိနဲ့ အနမ်းကို
ငါပိုင်ခဲ့ . . .
တစ်ရာသီစာ လွဲချော်မှုကို
ငါပိုင်ခဲ့ . . .
စည်းဝါးမကျတဲ့ ညတွေ
ဘယ်သူမှပေးမသိခဲ့ဘူး။

*(ငြိမ်းစစ်မင်း၏ ခြေသံမဲ့ည ကဗျာမှ ....)*





အမှားတစ်ရပ်စာကို အမှတ်တရ တရားအဖြစ် ကျင့်သုံးရှင်သန်ခဲ့တဲ့ သူနဲ့ဆုံတွေ့ဖို့ ကားမှတ်တိုင် နှစ်တိုင်အကွာက မသက်တို့ဆီ အလည်ရောက်ရှိခြင်းက စတာဆိုရင် မှန်ပါလိမ့်မယ်။

ပျင်းပျင်းရှိတာနဲ့ ညိုညိုဝေကို ဝင်ခေါ်ပြီး မသက်တို့အိမ်ကို ထွက်လာခဲ့ပါတယ်။

"ဟော အထူးဧည့်သည်တွေပါလား ...ကျောင်းမှာ မတွေ့ရလို့ အိမ်မှာ လာတွေ့ရတာထင်တယ်"

မသက်ရဲ့အမေက သူမတို့ကို ရယ်ရယ်မောမောစနောက်ရင်း...

"အိမ်ပေါ် တက်သွား သမီး အပေါ်မှာ သက်သွက်ရှိတယ်"

"ဟုတ်ကဲ့ အန်တီ"

အိမ်ပေါ် ရောက်တော့ သက်သက်က မဂ္ဂဇင်းဖတ်နေရာမှ ...

"ငါလဲ ပျင်းလို့ နင့်ဆီလာမလို့ဟာ ..."

သုံးယောက်သား အလုအယက်စကားပြောနေရစဉ် မသက်ညီမ



www.burmeseclassic.com

www.burmeseclassic.com



ဆွေဆွေက ဆောင့်ဆောင့်အောင့်အောင့်နဲ့တကီလာပါသည်။ ဆွေဆွေရဲ့ အလိုမကျတဲ့ မျက်နှာအနေအထားကြောင့် မသက်က ...

"ဟဲ့ ဘာဖြစ်လာရပြန်တာလဲ"

ဆွေဆွေက မသက်ဘေးမှာ ဝင်ထိုင်ရင်း ...

"ဘာဖြစ်ရမှာလဲ မသက် ကိုမှားပေါ့"

"ဟဲ့ အမှောင်ကား က ဘာလုပ်လိုက်လို့လဲ"

ရင်ဘတ်ကို လက်နဲ့ဖိရင်း ညို့ညို့စကားကြောင့် ဆွေဆွေက ခေါင်းကုတ်ရင်း ....

"ဟာ မညိုကလဲ သမီးကို ဘာမှမလုပ်ပါဘူး ...."

"တော်သေးတာပေါ့ဟယ်"

"မတော်နဲ့ မညိုရဲ့၊ နေ့လယ်က သမီးနဲ့ သမီးသူငယ်ချင်း ချိုထွေးကိုလှမ်းခေါ်ပြီး ပျော့ကောင်မလေးတွေ မြန်မာစာ စပေါ့ ငါရထားတယ် အဲဒါ နင်တို့ ငါ့ကို လက်ဖက်ရည်ဖိုးပေးဆိုပြီး မုန့်ဖိုးထဲက မရှိမဲ့ရှိမဲ့ ငွေတစ်ထောင်ကို ထုတ်ပေးလိုက်ရော ..."

"ထုတ်ပေးလိုက်တော့ ..."

မသက်က သိချင်ဟန်နဲ့မေးတော့ ဆွေဆွေက ...

"မြန်မာစာမေးခွန်းဆိုပြီး သမီးတို့ကို ဒီစာရွက်ကို ပေးထားတယ် ကွန်ပျူတာနဲ့စီထားတော့ ဟုတ်မှာပဲလေဆိုပြီး သမီးတို့လဲ အိချိုတို့ အိမ်ရောက်မှ ဖွင့်ကြည့်မယ်ပေါ့ဆိုပြီး ယူလာတာ... တောက် ဒီလူကြီး သမီးတို့ကို လူလည်လုပ်သွားတယ်... ကြည့်နေ ကိုမှားရဲ့ဖေဖေ





တော့ တစ်ရေးနိုးထကန်တာတောင် နိုင်ပါတယ်ဗျာ"

"ကောင်လေး တယ်ရီတို့ အိုဝင်တို့ ပါနိုင်ပဲ့မလား"

ကျွန်တော်ကလည်း စွတ်တင်ပါသည်။

"ပါမှာပါ တယ်ရီဒဏ်ရာကပြန်ကောင်းလာပါပြီ၊ နောက်ဆုံး မပါ ရင်တောင် အင်္ဂလန် အရံအသင်းနဲ့ ကန်တာတောင်နိုင်ပါတယ်"

"အေး ဟုတ်တယ် မင်းပြောတာဖြစ်နိုင်တယ်"

ဦးလေးကြီးကလည်း ကျွန်တော့်စကားထောက်ခံဟန်ဝင်ပြောသည်။

"ဒီပွဲမှာ သရေတစ်မှတ်ရရုံနဲ့ အင်္ဂလန်ခြေစစ်ပွဲအောင်ပြီး အင်္ဂလန် အုပ်စုထဲက အင်္ဂလန်ကို ကယ်တင်ခဲ့တဲ့ အစွရေးရဲ့ မျက်နှာကို ထောက်ပြီး အင်္ဂလန် မီးကုန်ယမ်းကုန် ကစားတော့မယ်။ ကဲ ရှင်းရှင်း ပြောရရင် အင်္ဂလန် ဘယ်နှစ်ဂိုးသွင်းမှာလဲဆိုတာပဲ စောင့်ကြည့်၊ လှပ တဲ့ ကစားကွက်တွေနဲ့ ရင်သိမ့်တုန်စရာကောင်းတဲ့ ဂိုးသွင်းတဲ့ ဖော်မြူလာတွေကို ဒီညအင်္ဂလန် အသင်းက ကစားပြပါမယ်၊ မယုံရင်ကြည့် လိုက်"

ကျွန်တော့်ရဲ့ အဆုံးသတ်စကားကြောင့် ဦးလေးကြီးက သူ့ပေါင် ကို ဖြန်းခနဲ အားရပါးရရိုက်လိုက်ရင်း ...

"အားရစရာကောင်းတဲ့စကားပဲ၊ ငါ့တူကို သိပ်ကျေးဇူးတင်တာပဲ၊ ဒဲ့ မောင်သန်းထွန်းရေ ညကျရင် ဦးလေးကို ဖုန်းဆက်လိုက်၊ မင်း အကျိုးဆောင်ပေးဦးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဦးလေး ကျွန်တော် ဆက်လိုက်ပါမယ်"

ဦးလေးကြီးက အပြုံးနဲ့ ကျွန်တော့်ကို သွားဦးမယ်လို့ပြောပြီး ဆိုင်ထဲက ထွက်သွားပါတယ်။

"မင်းစကားကြောင့် ဒီလူကြီး အင်္ဂလန်ဖြစ်သွားပြီ"

မင်းသန့်စကားကြောင့် ကျွန်တော်ကလည်း ...

"ငါပြောတာ ငါ့ခံစားချက်ပဲဟာ"

မင်းသန့်က နှာခေါင်းရှုံ့ရင်း ....

"အေး နိုင်ငံရင်အကြောင်းမဟုတ်ဘူး၊ ရှုံးလို့ကတော့ အဘိုးကြီး မင်းကို ဒေါသီးမှာ သေချာတယ်"

မင်းသန့် စကားကြောင့် ကျွန်တော် ပခုံးတွန့်ပြမိသည်။ အဲဒီအချိန်မှာ ဆိုင်ထဲကို လမ်းမှာတွေ့ခဲ့တဲ့ ကိုကြီးဦးလေးဟန်စိန်မြင့် ဝင်လာပြီး သူတို့ဝိုင်းမှာ ဝင်ထိုင်ပါသည်။ ကိုသန်းထွန်းနဲ့ ကိုအောင်ချိုက ထရင်တော့ ဦးဟန်စိန်မြင့်က ...

"ဟ ...ငါလာတာနဲ့ ပြန်တော့မလို့လား"

ကိုသန်းထွန်းတို့က ပြုံးရင်း ...

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့က ခင်ဗျားနဲ့ ဒီနှစ်ကောင်လို အလုပ်မရှိအကိုင်မရှိမဟုတ်တော့ မအားဘူးလေ"

ကိုသန်းထွန်းစကားကြောင့် ....

"ဟော့ကောင် နှစ်ကောင် မင်းတို့မပြန်ရင် ငါ ပြန်ရလိမ့်မယ်"

ကိုကြီးဦးလေးစကားကြောင့် ကိုသန်းထွန်းတို့က ရယ်သည်။





ကိုကြီးဦးလေးက စားသောက်ဆိုင်တစ်ဆိုင်ဖွင့်ထားပြီး သူ့ဆိုင်ညပိုင်းသာ အစီကရောင်းသည့်ဆိုင်ဖြစ်သည်။

ကိုသန်းထွန်းတို့ ထွက်သွားတော့ ဝင်ပေါက်ကို မျက်နှာချင်းဆိုင်တဲ့နေရာကို ရွှေ့ထိုင်ပြီး လမ်းမကို လှည့်တကြည့်ကြည့်နဲ့ ...

"ငါ့ကို အကူအညီတစ်ခုလောက်ပေးပါလား"

"ဘာအကူအညီလဲ၊ ကိုကြီးဦးလေး မိန်းမလိုချင်ပြီနဲ့တူတယ်"

ရမ်းစွတ်ပြီး ပြောတဲ့စကားက ချက်ကောင်းကို ထိမှန်သွားပုံရပါသည်။ မျက်နှာကြီးကဖြီးပြီး တဟဲဟဲနဲ့ပေါ့။

"ငါ့ညီလေး တယ်တော်နေပါလား"

"ဗုဒ္ဓေါ တကယ် ..."

တကယ်တမ်းအမှန်အတိုင်းဖြစ်နေတော့ ကျွန်တော်ရော မင်းသန့်ပါ မျက်လုံးပြူးသွားရပါသည်။

"ကူညီပါကွာ"

"ဘာကူညီရမှာလဲ"

အကူအညီစကားကို တတွင်တွင်ပြောနေသော ကိုကြီးဦးလေးစကားစဖို့ ခက်နေပုံရပါသည်။ ပြောင်နေတဲ့နဖူးကို ပွတ်လိုက်နဲ့ ခြေမြိမ်ပါ။

"ဟိုလေ... ဟို... ဘယ်လို လိုက်စကားပြောရမှန်းမသိဘူး၊ ပြီးတော့ ငါနဲ့သက်တူရွယ်တူဆိုတော့ သူ့မှာ အိမ်ထောင်ရှိမရှိ .."

"ဟိုး တော်ပြီ၊ ကျွန်တော့်ကို ဦးလေးကိုကြီးရဲ့အသည်းရေးကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြ"

ဆရာကြီးစတိုင်နဲ့ ပြောတော့ ဦးလေးကိုကြီး ဝမ်းသာအားရ

သွားသည်။

"ဟာ ကျေးဇူးတင်လိုက်တာ ကျေးဇူးရှင်ရယ်၊ လာ အခုပဲ လိုက်

"ချက်ချင်းကြီးပါလား ..."

မင်းသန့်ကို ခဏထားခဲ့ကာ ဦးလေးကိုကြီးနဲ့အတူ ဆိုင်အပြင်

ထွက်သွားပါသည်။

"ငါ ခုန ဈေးမှာရှာတာ မလာသေးဘူး၊ သူဈေးလာဝယ်တ

တယ်၊ လာခါနီးပါပြီ"

လက်( နာရီကိုကြည့်ရင်း ဟိုကြည့်ဒီကြည့်နဲ့ ကြီးမှ ဝက်သ

ပေါက်ချင်နေတဲ့ ကိုကြီးဦးလေးကြောင့် မမြင်အောင်ကျိတ်ရယ်မိသည်

ဩော်အချစ် ...အချစ် ....

"ဟော... လာပြီ"

ရှေ့ကို တရွေ့ရွေ့လှမ်းလာတဲ့ ဦးလေးကိုကြီးရဲ့ ဟိုဒင်းဟို

ဆိုတော့ ဒေါ်ကြီးအစ်မပေါ့။ ဒေါ်ကြီးအစ်မက ဦးလေးကိုကြီးကို မြ

တော့ ရှက်သလိုလိုဖြစ်သွားတာ အကဲခတ်မိလိုက်သည်။ ဦးလေ

ကိုကြီးက အညှို့ခံရသူလို ဒေ့ါကြီးအစ်မနောက်က လိုက်မယ်လု

တော့ ကျွန်တော် ဦးလေးကိုကြီး လက်ကောက်ဝတ်ကို လှမ်းဆွဲထာ

ရင်း ...

"ဘယ်သွားမလို့လဲ"





"တကယ်မလွယ်တဲ့ကောင်၊ သူမလုပ်ဘူးတဲ့အလုပ်လဲ မရှိပါဘူး

ယ် ... တကယ်ဗရုတ်ကောင်"

"လာ ဒီကောင့်အိမ်သွားပြီး သူ့အဖေကို သွားကြပ်ပေးရအောင်

...နင်ပါလိုက်ခဲ့ စောမွန် ...."

သူမကိုယ်တိုင်ကလည်း အမှောင်ကား (ခ) အမှားကောင် (ခ)

ား (ခ) တိုးတိုးဆိုတဲ့ နာမည်လေးမျိုးနဲ့ လူကိုတွေ့ဖူးချင်တာ

ကြောင့် ထလိုက်လာမိသည်။

သုံးယောက်သား ရပ်ကွက်ထဲ ရင်ပေါင်တန်းလျှောက်လာရင်း

နာချင်းဆိုင်လျှောက်လာတဲ့ ကောင်လေးတစ်ယောက်ကို မသက်

...

"ဟဲ့ အမှောင်ကား တွေ့မိလား"

ကောင်လေးက ရယ်ရင်း ....

"ငါးသည် ဒေါ်ဇင်ရိုင်းရဲ့ အိမ်ရှေ့ကွက်လပ်မှာ ခုနတွေ့ခဲ့တယ်

က်၊ ဘာလဲ မသက် ...ကိုမှားကို အဖြေပေးဖို့ထင်တယ် ..."

ကောင်လေးရဲ့စကားကြောင့်...

"ခွေးကောင်အေးသန်း ဒီအမှားကောင်တော့ အဖြေမပေးဘူး၊

ကြားတဲ့ ကုလားလေ အိစ္စတ်ဂိုပဲ မကြားကြားအောင် အဖြေပေး

မယ် ....ဟဲ့ ဒီကောင် ဘာလုပ်နေလဲ ..."

"မော်ဒယ်ရှိုးစီစဉ်သူဆိုလား ...တွေ့ပါလိမ့်မယ် ရှေ့ကျရင် ..."

"နင်တို့ကောင်က တကယ့်ဗရုတ်သုတ်ခ"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့စကားကြောင့် ညိုညိုဝေက သူမကို အခုလိုပြောပါတယ်။

"အေးပါ ဗရုတ်သုတ်ခကနေ အချစ်ဟုတ်စွဖြစ်နေဦးမယ် စောမွန်"

"သွားစမ်းပါဟာ ..."

"အေးပါ ဒီကောင့်ဆီကိုပဲသွားမှာပါ ...."

"တော်စမ်းပါဟာ"

"ရည်းစားတော်ခိုင်းတာလား အေးပါ ပြောပေးပါ့မယ်"

ညိုညိုဝေရဲ့ စကားကြောင့် ညိုညို့ခါးကို လှမ်းတို့တော့ ယောင်

တတ်တဲ့ ညိုညိုအကျင့်ကြောင့် ...

"ကိုရီးယား မင်းသား ငါနဲ့ညား"

သူဘာသာ ယောင်ယမ်းပြီးမှ ပါးစပ်ပိတ်ကာ ဘေးဘီကိုကြည့်ပြ

ညိုညိုက ကျိတ်ရယ်ပါတော့သည် ...။

"ဟော ကြားရပါပြီ ဒါလက်ဆွဲလော်စပီကာသံ ...ဒီကောင်အသံ

မဟုတ်လား"

ရှေ့မှာ မြင်နေရတဲ့ ကလေးတချို့က လူကြီးတချို့ ဝိုင်းနေတဲ

လူစုစုဆီက အသံပါ။

"ခါးနံ့ပါတ်သုံး ကလော်ဒီယို ဒေါ်ဝတုတ်ရဲ့သမီး၊ ကက်သရင်

ထွေးညို ဝင်ပြိုင်ပါတော့မယ်.. ကက်သရင်းထွေးညိုရဲ့ ဒီဇိုင်းနာ

အမိန့်အေးတုတ်ဖြစ်ပါတယ် ...ကက်သရင်းထွေးညိုရဲ့ ဒီဇိုင်းကို အ

နာအေးတုတ်က အပြတ်ရှိုင်းပေးထားပါတယ် ...."

ဘာပွဲအော်မှန်းမသိအော်နေတဲ့ လူကို အနားကိုရောက်လ





မှ သူမ မှတ်မိခဲ့ရပါတယ် ...

"ဘုရားရေ ဒီလူက ..."

"သူမရဲ့ ဘုရားအသံကြောင့် မသက်က ..."

"ဘာဖြစ်လို့လဲ စောမွန် ..."

"ငါနဲ့ ကျောင်းသားရေးရာမှာ ချလံချင်းမှားတဲ့ပုဂ္ဂိုလ်လေ ..."

မသက်က ဖြစ်ရမယ်ဆိုတဲ့ မျက်နှာပေးနဲ့ မဲ့ရွဲ့ပြပါသည်။ ကိုမှား

တဲ့ အမှားပုဂ္ဂိုလ်ကတော့ ခွေးခြေပုတစ်လုံးနဲ့ အော်လံတကားကား

ကောင်းတုန်း သူ့ရှေ့မှာလည်း နှပ်ချေးတွဲလောင်းနဲ့ကလေးတွေ

တန်းစီနေသည်။ ထုံးဖြူတားထားတဲ့ စည်းပေါ်မှာ ၅ နှစ်အရွယ်

စကလေးက ဘယ်သူဘယ်လို ဆင်ယင်ထားတဲ့ဝတ်စုံကို ကျုကျု

ို ဝတ်ပြီး မော်ဒယ်တွေလို လျှောက်လှမ်းနေပါသည်။

"ကက်သရင်းထွေးညိုအတွက် ဒီဇိုင်းနာ အမိန့်အေးတုတ်က

က်ပုံက ကောက်ထားတဲ့ ရှားပါးပစ္စည်းတွေနဲ့ ဒီဝတ်စုံကို အား

ခာန်တက် ချုပ်လုပ်ပေးထားပါတယ် ...."

ဒီလူကြေညာပေးမှ ကလေးမရဲ့ဝတ်စုံကို သတိထားမိပါသည်။

အိပ်ချုပ်ဆိုင်က ကောက်ယူထားသည်မသိ၊ အရောင်စုံပိတ်စ

းစုံကို ချိတ်တွေနဲ့ တို့လို့တွဲလောင်းတွယ်စပ်ပေးထားခဲ့ပါသည်။

"ဟဲ့ အကောင်မှား"

မသက်ရဲ့ စွာတာတာအသံကြောင့် ကိုမှားက လှည့်ကြည့်သည်။

"ဟာ မသက် ငါ့ရှိုးပွဲ ဝင်နွှဲမလို့လား။ ဒီလို ပရမ်းပတာဝတ်စုံနဲ့



www.burmeseclassic.com

www.burmeseclassic.com



မရဘူးနော် ...အချင်းချင်းတွေဘာတွေလာမပြောနဲ့ ဖောင်ဖြည့်ပြီး ရမယ်"

ပေါက်တတ်ကရတွေ ပါးစပ်ထဲမှာ တသီကြီးထည့်ပြီး စက်သေ နတ်ပစ်နေတဲ့ ကိုမှားကြောင့် ကျွန်မ ပြုံးမိသည်။ ကိုမှားဆိုတဲ့လူက အခုမှ ကျွန်မကို မြင်တွေ့ပုံရသည်။ အံ့သြသွားဟန် နောက်ပြီး ...

"မင်း ..."

လက်ညှိုးထိုးပြီး အံ့သြသွားပုံ အရောင်လဲသွားတဲ့ မျက်ဝန်းတွေ က အချိန်ကြာမြင့်စွာရင်နှီးနေတဲ့ မိတ်ဆွေတစ်ယောက် အခုမှ ပြန် တွေ့သူလို ...

"ဟဲ့ ...လာစမ်း လာစမ်း"

မသက်က လက်ညှိုးကိုကွေးချည်ဆန့်ချည်နဲ့ ခေါ်တော့ ကိုမှား က ရယ်ကျဲကျဲနဲ့ အော်လံကို ဘေးက သူ့အရွယ်လူတစ်ယောက်ကို ကမ်းပေးပြီး ...

"ကဲ ဖော်ကြီးရေ ငါရဲ့မိဖုရားတွေရောက်နေပြီ၊ မင်း ပွဲကို ဆက် စီစဉ်လိုက်တော့။ ဪ... ဂျင်နီဖာလိုပက်ဲ့တို့၊ ကက်သရင်းဇီတာဂျုန်း တို့ လာရင် ဒီကစောင့်နေလို့ပြောလိုက်ကွာ၊ သူတို့ ဗိုက်ဆာရင် ဒေါ်အေးမြရဲ့ အသုပ်စုံ ဝယ်ကျွေးထားလိုက်"

ဘာတွေပြောနေမှန်းမသိ ပေါက်တတ်ကရတွေပြောပြီး သူတို့ လိုက်ခဲ့ပါသည်။

"အတော်ပဲဟာ ငါလဲဗိုက်ဆာနေတာ စားရက်ကြုံတာပဲ"





လမ်းထိပ်လက်ဖက်ရည်ဆိုင်ရောက်တော့ သူ့ဘာသာ စားချင် တာ အော်မှာပါတယ်။

"ဟဲ့ အမှား ဒါ ငါ့သူငယ်ချင်း ..."

"စောမွန်ပိုင် လို့ခေါ်တယ်"

ကိုမှားက ညီညီစကားမဆုံးခင် ဝင်ပြောလိုက်တာကြောင့် ညို ညိုနဲ့ မသက်က မျက်လုံးအပြူးသား...

"ဟဲ့ နင်က သူ့ကို ဘယ်လိုသိတာလဲ ..."

ကိုမှားက ညစ်ကျယ်ကျယ်နဲ့ပြုံးနေပြီး ပြန်မဖြေပါ။ သူ့ရှေ့လာချ ပေးတဲ့ နန်းကြီးသုပ်ကို အားပါတရ စားနေပါသည်။ သူမမှာသာ မနေ နိုင်မထိုင်နိုင် ဝင်ပြောရပါတယ်။

"နင်တို့ အမှားကောင်က ကျောင်းသားရေးရာမှာ ငါနဲ့ ချလံချင်း ဘစ်ခါမှားတယ်၊ နောက်တစ်ခါ IR ဘက်သွားတုန်း ဘယ်သူ့ကား ခောင်းလိုင်စင်မှန်းမသိတဲ့ဟာကို ငါ့ကတ်ပါဆိုပြီး ကောက်ခိုင်းနေလို့ ..."

"ဖြစ်ရမယ်၊ ကဲ ဒီနေ့ နင် ဘာမှားပြီးပြီလဲ ...."

"မနက်ကတည်းကတော့ ဘာမှမမှားသေးဘူး၊ မနက်က ကိုခွေ ညီရဲ့ အားမာန်ကျူရှင်ဆိုင်းဘုတ်ကို ရေးပြီး သွားပို့ပြီးပြီ"

"နင်ကလဲ ဟိုစပ်စပ်ဒီစပ်စပ် အကုန်ပါတယ်။ ဒီကောင်က အဲဒီလို ခဲ စောမွန်၊ ပန်းချီဆိုင်းဘုတ်လဲ ဆွဲလိုက်တာပဲ... သူ့အိမ်မှာ လိုင်းကား တွေထောင်ထားတော့ စပယ်ယာလဲ ဝင်လုပ်လိုက်တာပဲ၊ ဘယ်ရှိ

www.burmeseclassic.com



ကောင်မှန်းမသိဘူး တကယ်ပါပဲဟယ်”

စားလိုက်သောက်လိုက် စကားပြောလိုက်နဲ့ သူနဲ့ ကျွန်ုပ
ရင်းနှီးခင်မင်မှု မြန်ဆန်ခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ ...

“ဟော့ကောင် သောက်တလွဲကောင် မင်းလုပ်တာ ကောင်းလ

ဒေါသကြီးကြီးနဲ့ ဆိုင်ထဲဝင်လာတာ သူမတို့ဝိုင်းမှာ ဝင်ထိုင
အသင့်ငုံ့ထားတဲ့ ရေနွေးပူပူကို ကောက်သောက်လိုက်သည်။

“ဖူး ... အားပါး ...”

ပါးစပ်ထဲကရေနွေးတွေ ချက်ချင်းပြန်ထွက်လာပြီး လျှာပြ
တန်းလန်းနဲ့ဖြစ်နေတဲ့ လူကြီးကို မသက်က ....

“ဘယ်လိုတွေဖြစ်နေတာလဲ ကိုဆွေရဲ့ ဒီလောက်ပူတဲ့ရေနွေး

ပူကလည်းပူ ဒေါသကလည်းထွက်ချင်နေတဲ့ ကိုးလိုးကန့်လ
ဝေဒနာနဲ့ ကိုဆွေဦးခမျာမှာ အံကြိတ်ကြိတ်နဲ့ အခုလိုပြောပါတ

“တောက် ဒီကောင်ကွာ ကျူရှင်ဆိုင်းဘုတ်ကိုရေးသွားပုံက

“ကျွန်တော် ဘာလုပ်လို့လဲ ကိုဆွေ”

သူမတို့ သုံးယောက်ကတော့ ကိုဆွေနဲ့ အမှားကြားမှာ ဟိုကြ
ဒီကြည့်ပေါ့။

“မင်း ဘာလုပ်လဲ မင်းမသိဘူးလား၊ မနက်က ကိုဆွေဦး ဦး
သော အားမာန် ဘာသာစုံသင်တန်းများဆိုပြီး ရေးခိုင်းတာလေ –

“အေးလေ ကျွန်တော်ပဲ ရေးပေးလိုက်တာပဲ လာပေးတေ
ကိုဆွေဦးပဲ ကျေနပ်ပြီးတော့ ...”





“တောက် ငါကွာ မင်းရေးထားတာ ဟို...”

ကိုဆွေဦး ခေါင်းကုတ်ပြီး ကောင်မလေးတွေကို ကြည့်နေပါ
တယ်။ မသက်က...

“ပြောမှာသာ ပြောစမ်းပါ ကိုဆွေဦးရယ်”

မထွေးတော့ပြီမို့ ဆုံးဖြတ်လိုက်ဟန်တူပါတယ်။

“ဘယ်လိုရေးလိုက်တယ်ထင်လဲ... အပေါ်ထောင့်မှာ စာလုံး
သေးသေးနဲ့ ရေးထားတာ ဒီကောင်က ကိုဆွေဦး ဉစီသော တဲ့၊ ငါက
ဘာလို့ ဉစီရမှာလဲ၊ အမှားကောင် နည်းနည်းလေးမှ သောက်သုံးမကျ
တဲ့ကောင်”

မိန်းကလေးသုံးယောက်ခမျာ ရယ်ရအခက် ငိုရအခက်ပါ။

အမှားကတော့ ထုံးစံအတိုင်း စပ်ဖြဲဖြဲရုပ်လေးနဲ့ပါပဲ...

“ကိုဆွေကလဲ လူဆိုတာ အမှားမကင်းဘူးလေ... ဟဲဟဲ”

တောက်တခေါက်ခေါက် လက်သီးတပြင်ပြင်နဲ့ ဒေါသထွက်နေ
တဲ့ ကျူရှင်ဆရာကြီးကို အမှားခမျာ တော်တော်တောင်းပန်လိုက်ရပါတယ်။

သူမစဉ်းစားမိလိုက်ပါသည်။

အမှားဆိုတာ ဘယ်တော့မှ မမှန်တဲ့လူလို့ ....

⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်ရှင်မင်းသားနေတိုးနဲ့တူတဲ့ အကျႌအနီနဲ့အစ်ကိုကြီး ကန့်လ ကြီးလုပ်မနေနဲ့၊ ဟိုဘက်ကို ကပ်ရပ်ပေးပါဗျာ"

ဒီအသံ ဘယ်သူ့အသံလည်းဆိုတာ စောမွန်၊ သိလိုက်ပါပြီ၊ ဒ ကောင်ရဲ့ စကားကြောင့်လည်း သူမ ရယ်ချင်သွားပါသည်။

"အကျႌအပြာနဲ့ အိန္ဒြာကျော်ဇင်နဲ့တူတဲ့အစ်မ အထဲ နည်းနည တိုးပေးပါ"

အခေါ် အပြောကညက်နေတာပါပဲ။ ကြည့်ပါဦး အမှားဆိုတ ကောင်က ဒီနေ့တော့ ဝါရင့်စပယ်ယာတစ်ယောက်လို ကျွမ်းကျွမ်းကျ ကျင်ပါ။

"ငွေးတောက် အဲလေ ငွီတောက်နဲ့တူတဲ့အစ်မ လာ ဒီဘက် အစ်မကိုနေရာချပေးမယ်၊ ရိမ်းနဲ့ဆို အဆင်ပြေမလား"





ခရီးသည်တွေက ဒီကောင့်စကားကြောင့် ပြုံးစေ့စေ့နဲ့ ရယ်ကြ ပါသည်။

"ဟော့ကောင် ငါးရာတန်ပေးထားတာ ပြန်အမ်းဦးလေ"

အရှေ့မှအနောက် အနောက်မှအရှေ့ လွန်းပျံပြေးလွှားနေတဲ့ သူ့အသံကို သူမ ပြုံးစေ့စေ့နဲ့ နားထောင်မိပါသည်။

"ကိုသန်းလှိုင်ရေ... ခင်ဗျားကားကို အသက်တစ်ရာကျော် အဘိုး အို ကျော်တက်နေပြီ၊ နည်းနည်းလေး အားစိုက်လိုက်ပါဗျာ"

သူမ ကားပေါ် တက်တုန်းက ဒီကောင်ကို မတွေ့မိပါ။ ကားပေါ် ရောက်လို့ သူမရှေ့ထိုင်ခုံက လူဆင်းသွားတော့ သူမ ထိုင်ခုံမှာ ထိုင်မိ မှ အမှားရဲ့အသံကို ကြားမိခြင်းဖြစ်ပါသည်။ သူမထိုင်နေတဲ့ထိုင်ခုံက ဝင်ပေါက်ထွက်ပေါက်ရဲ့ အနီးဆုံးနေရာမှာပါ ....

"ကျော်မြင့်ရေ မင်း နောက်ပေါက်သွားလိုက်"

အော်လိုက်ဟစ်လိုက်နဲ့ ဒီကောင် မှတ်တိုင်တစ်ခုမှာ လူတင်ပြီး ကားအထွက်မှာ သူမကို အမှား တွေ့သွားပါသည်။ တွေ့လည်း တွေ့ သွားရော ဒီကောင်က မသိချင်ယောင်ဆောင်ကာ စပ်ဖြဲဖြဲနဲ့ ကားဒရိုင် ဘာကို လှမ်းအော်ပါတယ်။

"ကျောင်းမှာဗျာ ကောင်မလေးတစ်ယောက် ကျွန်တော့်ကို ဓာတ် လမ်းလာဆင်တာ အံ့ရောဗျာ"

အော်ကြီးဟစ်ကျယ်နဲ့ ဒီကောင့်စကားကြောင့် ဒရိုင်ဘာကလည်း ဘုမသိဘမသိနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဇာတ်လမ်းဆင်တာလဲကွ"

ဒီကောင်က မသိချင်ဘာ သူမကိုကြည့်ပြီး ...

"ကျွန်တော်ကို ကြိတ်ခိုက်နေတယ်တင်ပါတယ်ဗျ၊ ကျောင်းလ
ချလံကို အတင်းမှားယူပြီး ထွက်ပြေးတယ်ဗျာ၊ ကျွန်တော့်ရုပ်က
တွမ်ခရုနဲ့ နည်းနည်းဆင်တယ်ဆိုတော့... ဟဲဟဲ"

ကျွန်မကလည်း ဒီကောင့်စကားကြောင့် မနေနိုင်မထိုင်နိုင် ပြေ
မိပါတယ်။

"ကိုယ့်ရုပ်ကိုယ် မှန်ထဲပြန်ကြည့်ဦး အမှားကောင်ရဲ့"

အဲဒီအခါကျတော့ ဒီကောင် တဟားဟား အော်ရယ်ပါသည်၊

"နင် ဘယ်လဲ"

"ပန်းဆိုးတန်း၊ ဒါနဲ့ နင်က အခု စပယ်ယာဖြစ်သွားပြန်ပြီလာ

"အေးဟ ဒါ အိမ်ကကားလေ၊ စပယ်ယာနေမကောင်းလို့ ခေ
လိုက်ပေးတာ"

"နင့်မှာ လိုင်စင်ရောရှိလို့လား"

"ဟဲ ဟဲ ရှိတာပေါ့ဟ ရှိလို့လဲ လိုက်လို့ရတာပေါ့ ..."

မှတ်တိုင်ထဲထိုးဆိုက်တော့ ဒီကောင်က ကားမရပ်ခင် ကျင်လည်
စွာ ဆင်းကာ လူခေါ်ပါတယ်။ မှတ်တိုင်ကပြန်ထွက်တော့ သူမ ဆင်
ရမယ့်မှတ်တိုင်နဲ့နီးလာတာကြောင့် ထိုင်ခုံမှအထ အပေါက်ဝနားတို
ရပ်မိပါတယ် ။

"နင် မနက်ဖြန် ကျောင်းတက်မှာမဟုတ်လား"



"အေး... ငါ ရွှေကျောင်းသားမှာစောင့်နေမယ်၊ ကိုးနာရီခွဲ
လောက်ပေါ့..."

"အေး အေး ...သွားပြီ"

သူမ ကားပေါ်ကဆင်းကာ ဒီကောင့်ကို လက်ပြပြီး ဆက်လျှောက်
လာခဲ့ပါတယ်။

⚓ ⚓ ⚓

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ချပြီးတတည်းက ...

လုံးလုံးမှားလည်း ကိုယ်ဂရုမစိုက်ပါဘူး ...

နှုတ်ခွတရားက ချိုမြိန်ခြင်းလို့ ...

ကြားမိတတည်းက ...

ခံစားမှု ပိုင်တစ်ခွက်နဲ့ ညစာစားပွဲက

စောင့်ကြိုချင်တယ်ဆိုရင် ယုံပါမလား ...

*(DNK)*





ပြည့်စုံလုံလောက်တဲ့ မိုးရာသီအစစ်ထဲက နွေဦးတုအတုရယ် ချစ်သူရဲ့ ချွေးစိုစိုမျက်နှာလေးရယ် ဒဂုံတက္ကသိုလ်ပရဝုဏ်ထဲက သိပ်အိုက်နေရှာတဲ့ ဘူတာရုံလေးရယ်က အဝါရောင်အိုအေစစ်ပါ။ ကျွန်တော်အနှစ်သက်ဆုံးနေရာလေးက အဲဒီဘူတာလေးပါ။

ဘူတာလေးထဲက ထိုင်ခုံတန်းလျားက ညနေမမိတမိမှာ သူနဲ့ကျွန်တော် စကားတွေပြောဖြစ်ကြတာ အချိန်ပေါင်းမနည်းတော့...

သူ့ကို ကျွန်တော်ချစ်နေတာ မျက်ဝန်းဘာသာစကားအရ သူသိလောက်ပါပြီ။ သူ့ရင်ခုန်သံတွေကိုလည်း ကျွန်တော် ပြန်ကြားမိတာလည်း သူမ သိပါတယ်။

မေဂျာချင်းမတူပေမယ့် မေဂျာနှစ်ခုစလုံးနဲ့ နီးစပ်တဲ့ အမှတ်တရအသဲကမ္ဘာ ရွှေကျောင်းသား ဖထီးရဲ့ စားသောက်တန်းတွေမှာ နေ့စဉ်မဟုတ်ပေမယ့် အချိန်များများမှာထိုင်ခဲ့ဖူးတယ် ...

နှစ်ဦးနှစ်ဖက် သူငယ်ချင်းတွေရဲ့ စနောက်ကျီစယ်မှုတွေ ထေမိဦး



www.burmeseclassic.com

www.burmeseclassic.com



ကိုတစ်ဦး ဂရုစိုက်မျှော်လင့်ခြင်းတွေ ဒီအရာတွေအားလုံးဟာ အချစ် ဆိုတာကို ရုပ်လုံးဖော်မယ့် ပန်းပုဆရာတစ်ယောက်ရဲ့ ရွှံ့စေးထုထည် ဆိုရင် မှန်ပါလိမ့်မယ် ...

လွဲချော်နေကျ အမှားတွေတွေ့ရင် တဗျစ်ဗျစ်တောက်တောက် နှုတ်ခမ်းလေးနဲ့ ကျွန်တော့်ကို ဆူပူမယ်... ဒါဟာ သူမရဲ့ ဝတ္တရား တစ်ခုပါ။

• "နင် မှားပြန်ပြီလား အမှားရယ်"

ထိုင်ခုံတန်းလျားမှာ သူမနဲ့အတူ ညိုညိုဝေနဲ့ အိခိုင်က ဝင်ထိုင် ပါတယ်။ ကျွန်တော်ကတော့ မတ်တတ်ရပ်အနေအထားကနေ ခေါင်း ကုတ်ရင်း မော်ကြီးကို လှမ်းကြည့်မိသည်။ မော်ကြီးက ပခုံးတွန့်ပြ ရင်း...

"လက်သီးနဲ့ အထိုးမခံခဲ့ရတာ နင့်ကောင် ကံကောင်းပေ့"

သူမက သက်ပြင်းချရင်း ...

"လမ်းမှာ ဖိုးကုလားနဲ့တွေ့လို့ ငါသိရတာ၊ ဘယ်လိုကနေ ဘယ် လိုဖြစ်ကြတာလဲ ပြောပါဦး"

ကျွန်တော်ကတော့ ရယ်ကျဲကျဲနဲ့ ဘာဆိုဘာမှ ဝင်မပြောပါ။ မော် ကြီးကသာ ဦးဆောင်ပြောပြနေပါတယ်။

"ဒီလိုဟ၊ ငါရယ် ဒီကောင်ရယ် ဖိုးကုလားရယ် ကားဝန်းထဲက ကိုလှဝင်းတို့ဆိုင်မှာ ဗိုက်ဆာတာနဲ့ ဝင်စားမယ်ပေါ့၊ သိတဲ့အတိုင်း နေ့လယ်ထမင်းစားချိန်ဆို လူကအမြဲပြည့်နေတာဟ၊ ဆိုင်ထဲဝင်တော့





ိုင်ခုံတွေက ပြည့်နေတယ်လေ၊ မထူးပါဘူး ဆိုပြီး ကောင်မလေး ယောက် ထိုင်နေတဲ့ဝိုင်းမှာ ခွင့်တောင်းပြီး ဝင်ထိုင်ပါလေရော။ ငါနဲ့ ကုလားက ထိုင်ခုံရတယ်၊ ဒီကောင်က ထိုင်ခုံမရဘူး။ ဒီကောင်က ကြည့်ဒိကြည့်နဲ့ ခုံရှာနေတာပေါ့ဟာ၊ ဘေးနားက ကောင်လေး တစ် ယောက်နဲ့ ကောင်မလေးတစ်ယောက်က စားရင်းသောက်ရင်း စရှင်း နေတယ်နဲ့ တူပါတယ်ဟာ၊ သူတို့ကလဲ စားပြီးသောက်ပြီးလို့ စားပွဲ ိုးလေးကို လှမ်းခေါ်ပြီး ကျသင့်သလောက်ရှင်းတာပေါ့၊ ရှင်းပြီးလို့ ထမှာ ဒီကောင်က အဲဒီထိုင်ခုံကိုလှမ်းယူပြီးထိုင်တာပေါ့။ ဟိုကောင် လေးကလဲ မသိဘူးလေ၊ စာအုပ်တွေကို ကျောပိုးအိတ်ထဲထည့်ဖို့ ပြန် ထိုင်မှာ ပိုးလို့ပက်လက်ကို ကျတော့တာပေါ့၊ အဲဒီကောင်က ထိုး ယ် ကြိတ်မယ် တကဲကဲပေါ့"

ရယ်သူတွေက ရယ်နေကြပေမယ့် လုံးဝမရယ်သူက စောမွန်ပိုင်၊ မှားကို စောမွန်ပိုင်က စူးစိုက်ကြည့်နေပါသည်။

"နင် တစ်သက်လုံးမှားနေဦးမှာလား တိုးတိုး"

သူကို ထူးထူးဆန်းဆန်း တိုးတိုးလို့ ခေါ်တော့ အားလုံး အံ့ဩ သွားကြပါတယ်။ ကျွန်တော် မတ်တတ်ရပ်အနေအထားကနေ လက် ိုက်ရင်း သူမကို ငေးကြည့်မိသည်။

နှာသီးဖျားပြောင်ပြောင်လုံးလုံးလေးတွေ၊ နောက်ပြီး ကျွန်တော် တ်နိုးနှစ်သက်မိရပါသော မျက်ဝန်းနက်နက်တွေ...

အဲဒီ မျက်ဝန်းနက်နက်တွေထဲမှာ စိတ်ပျက်ခြင်းတွေ ခိုအောင်း



www.burmeseclassic.com

www.burmeseclassic.com



သေမလား ကျွန်တော် ရှာဖွေကြည့်မိပါသည်။

ဘာစိုးတိုတစ်ဦး ငေးကြည့်မိနေတော့ ကျန်တဲ့လူတွေက အကဲခတ်နေကြပါတယ်။

"ဘယ်တတ်နိုင်မလဲဟာ... ငါကိုယ်တိုင် ဖန်တီးထားတဲ့အရာတွေမှမဟုတ်တာ၊ သူ့ဘာသာ အလိုလိုဖြစ်နေတာ စောမွန်ပိုင် ...."

"ကျစ်"

သူမ စိတ်မရှည်ဟန် စုတ်သပ်သည်။

"သူ့အလိုလိုဖြစ်နေတာမဟုတ်ပါဘူး၊ နင်ကိုက နမော်နမဲ့နိုင်တာ ငါသိတယ် တိုးတိုး၊ တော်ပြီဟာ ငါ နင့်ကို တိုးတိုးလို့ပဲ ခေါ်တော့မယ်။ ကျန်တဲ့လူတွေကလဲ တိုးတိုးကို အကောင်မှားတို့ အမှားကောင်တို့ အမှားတို့ မခေါ်ကြပါနဲ့ဟာ၊ ပညတ်သွားရာ ဓာတ်သက်ပါနေပါ့မယ်"

ကျန်တဲ့လူတွေက စောမွန့်စကားကြောင့် ရယ်မိကြပါသည်။သူမရဲ့စေတနာကို သိပေမယ့် ကျွန်တော် စိတ်မော‌ရပါတယ်။

ရင်ခွင်မှောဟိုက်သက်ပြင်းတွေနဲ့ အိပ်မက်ထဲမှာ အဖြေတောင်းခဲ့ဖူးတာ ချစ်သူ မသိခဲ့ဘူး ....

ရှေ့ဆက်တိုးခွင့်မရတဲ့ သံယောဇဉ်ကြိုးတွေ ပြတ်တောက်မသွားအောင် ကိုယ့်နှုတ်ခမ်းကို ကိုယ်ပြစ်ဒဏ်ချမှတ်ထားတာ ချစ်သူ မသိခဲ့ဘူး ...

ချစ်တယ် စောမွန်... သိပ်ကိုချစ်မိခဲ့ပါတယ် ...ယုံကြည်ပေးပါနော် .....





"မဖြစ်နိုင်ပါဘူး တိုးတိုးရာ"

"အေးလေ ကျန်တဲ့လူတွေသာ သွားပြော မောင်တိုးတိုး၊ မင်းနဲ့ငါ ...က အခွဲ ဆိုကတည်းက ဟိုဘက်အိမ် ဒီဘက်အိမ် အသံ ဘယ်သူ ...ယ်လဲ ပြိုင်လာတဲ့ကောင်ပါကွာ ... လာရှိုးမနေစမ်းပါနဲ့ကွာ ..."

နှစ်ယောက်သား အတိုင်အဖောက်ညီညီ သူ့ကို ဦးတည်ပြောနေ...ကြောင့် ကျွန်တော်မှာ ခေါင်းပဲ ခါနေရပါသည်။

(ကဲ ပြောကုန်ကြပြီ ငါ့အတွက် အဖြေဆိုတာ မခက်ဖူးလား ငါရဲ့ ...ခက်နှင်းဆီရေ ....)

"တကယ်ပါကွာ...ဘုရားစူးရစေရဲ့ ငါ လိမ်မပြောရင် အိန္ဒြာကျော်... ငါ့ကို လာချစ်ရေးဆိုရစေရဲ့ ...."

"မင်း တော်တော်နာနေပါဦးမယ် ...."

"ထိမိခိုက်မိလောက်အောင် မနမ်းပါဖူးကွာ ...ဟဲ ဟဲ"

ကျွန်တော့်အပြောကြောင့် ယောကျ်ားကြီးတန်မဲ့ နှစ်ယောက်သား ...ာ်စောင်းထိုးကြသည်။

"အဲဒီလို မျက်စောင်းထိုးတော့ ဟိုမင်းသားနဲ့တူတယ် ..."

"ဘရက်ပစ်လား ..."

"ဟင့်အင်း ...ဗေလုဝ ..."

ကျွန်တော့်စကားကြောင့် ဆဲရေးသံတွေ ဆူညံသွားပါသည်။

...နေ့စောင်းတစ်ခုရဲ့ အလှတရား နောက်ဆုံးပေါ် ဖက်ရှင်မလေးတွေ ...ရှားပြီး ဝိုင်းမစည်တဲ့ လက်ဖက်ရည်စကားဝိုင်း ...ရေနွေး ခဏခဏ



www.burmeseclassic.com

www.burmeseclassic.com



တောင်းလို့ မျက်စောင်းထိုးချင်တဲ့ ဆိုင်ပိုင်ရှင်ရဲ့ မိန်းမ ... ဘာမှမဆို
ပေမယ့် တရိပ်ရိပ်လွမ်းနေမိတဲ့ ရင်ထဲက ဝေဒနာ ...

"ဟူး ...."

ကျွန်တော့်ရဲ့ အတွေးနယ်ချဲ့မှုရဲ့ နောက်ဆက်တွဲ သက်ပြင်းချ
ကြောင့်...

"ဘာဖြစ်ရပြန်တာလဲ ...."

မော်ကြီးက ကျွန်တော့်ကိုကြည့်ပြီး မေးသည်။

"လွမ်းလို့ ...."

မော်ကြီးက ဖိုးကုလားကို မျက်စပစ်ပြတော့ ဖိုးကုလားက သိ
ရက်သားနဲ့ တမင်မသိချင်ယောင်ဆောင်နေတဲ့ မျက်နှာထားတည်တည်
ကြီးနဲ့ ...

"ဘယ်သူ့ကိုလဲ ...."

ကျွန်တော်ကလည်း အမြင်ကတ်ကတ်နဲ့ ....

"မင်းညီမကိုလား မော်ကြီး အစ်မကိုလားမသိဘူး ...လွမ်းတော
လွမ်းနေတာပဲ ...."

ပြောပြီးလို့ ရယ်မိလိုက်တော့ ကျွန်တော့်ဇက်ပိုးပေါ်ကို လ
ဝါးတွေ သူ့ထက်ငါ အလုအယက်ရောက်လာကြပါတယ်။ ဇာတ်တော
ထဲက အကောက်ကြံတဲ့ အမတ်ကြီးတွေလို မင်းသားကို ရိုက်နှက်ဆုံး
မပြီးလို့ အားရမှ ...

"ခုနစကား ဆက်စမ်းပါဦး ...."





"ဘာကိုလဲ ..."

ကျွန်တော် တကယ်မသိလို့ အခုလိုမေးမိတာလေးကို ဒီကောင်
တွေက မကြည့်ကြည့်နဲ့ ပြန်ညှော်ခံပါတယ်။

"ဟော့ကောင်...အပိုတွေလျှောက်ပြောမနေနဲ့၊ မင်းနဲ့ စောမွန်က
ဘာလဲ..."

"ယောကျ်ားနဲ့ မိန်းမလေ ဘာဖြစ်လို့လဲ ...."

"ဟော့ကောင် အမှန်အတိုင်းပြောကွာ ..."

ကျွန်တော်က မရယ်မိအောင် ထိန်းချုပ်ရင် ဒီကောင်တွေကို
ခင်ကလိချင်တာကြောင့် ....

"ယောကျ်ားနဲ့မိန်းမ မဟုတ်လို့ ငါက ဂျိုပုံးကြီးလား ..."

"ဟော့ကောင် မညစ်နဲ့နော် အမှားကောင် ..."

ဖိုးကုလားစကားကြောင့် မော်ကြီးက ...

"တိုးတိုးပြောပါကွာ၊ တော်ကြာ ဒီနားမည်ခေါ် လို့ စောမွန် စိတ်
ဆိုးနေဦးမယ်"

"ဟ ငါ အခု တိုးတိုးကိုပြောနေတာပဲ၊ တိုးတိုးကိုမပြောလို့ မင်း
အစ်မကို ပြောရမှာလား ..."

"ဟော့ကောင် ငါ့အစ်မချည်းပဲ ခလုတ်တိုက်မနေနဲ့ ..."

"ခလုတ်တိုက်လို့ မှောက်ရက်လဲရင် ဘယ်သူ့ကအပေါ် ကလဲ..."

ကျွန်တော် ဝင်ပြောမှ ပိုလို့ရှုပ်ကုန်ပါတော့သည်။ ကုလားမျက်
စပ်ဖြဲဖြဲနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"အဟီး မော်ကြီး ငါ ဘယ်လိုနေပေးရမလဲဟင် ..."

မော်ကြီးက ပွစိပွစိနဲ့ နှစ်ယောက်လုံးကို ဆဲပါသည်။

"ဟေ့ကောင် ...အသံတိတ်ဆဲမနေနဲ့ ....ဘယ်ဘာသာနဲ့ ဆဲမှ မသိတော့ ပိုအခံရခက်တယ် ...."

"ကျွန်တော်က ဒီကောင်တွေကို ခုနစကားကို အာရုံမရောက်အောင် စကားလွှဲပြောတော့ မော်ကြီးက မကျေနပ်ဟန်နဲ့ ....

"ဟေ့ကောင် စကားလွှဲမနေနဲ့ ပြောကွာ မင်းနဲ့ စောမွန် အခြေ အနေ ..."

"ဒီလိုပါပဲ သူ့လမ်းသူသွား ငါ့လမ်းငါသွားတာပဲ၊ နှစ်ယောက်လုံး အိမ်ရောက်ကြပါတယ်"

"ဟေ့ကောင် မညစ်ပတ်နဲ့ကွာ ...."

ကျွန်တော်က ပြုံးစေ့စေ့နဲ့ မျက်ခုံးပင့်ပြရင်း ...

"သိပ်အထင်မကြီးပါနဲ့ ငါတို့က သူငယ်ချင်းတွေပါပဲ"

ဖိုးကုလားက တစ်ချောင်းတည်းသော တို့နံ့မှုတ်ဆိတ်မွေးလေး ကို တယုတယ ပွတ်သပ်ရင်း ....

"မဖြစ်နိုင်ဘူး ..."

ကျွန်တော်ကလည်း ...

"မဖြစ်နိုင်တာမဟုတ်ဘူး ...ဖြစ်နိုင်ပါတယ် ...."

"ဒါဆိုရင် ..."

ဖိုးကုလားက တစ်ခုခုကိုစဉ်းစားနေဟန်နဲ့ မျက်မှောင်ကြီး ကြုတ်





စကားကို တိုးလိုးတန်းလန်း ထားခဲ့ပါသည်။ ဒါကို မော်ကြီးက...

"ဆက်ပါဦး၊ ဒါဆိုရင် မင်းက တိုးတိုးကို မင်းညီမနဲ့ အောင်သွယ် ပေးမယ်ပေါ့ ...."

မော်ကြီးစကားကြောင့် ဖိုးကုလားက မော်ကြီးလက်မောင်းကို ဆိုးရင်း ....

"စကားကောင်းပြောစမ်းပါကွာ၊ ငါပြောချင်တာက တိုးတိုးက အရားဝင် ရည်းစားစကားမပြောသေးလို့ ချစ်သူရည်းစားအဖြစ် အရားဝင် လိုင်စင်မရသေးတာလားလို့ ပြောချင်တာကွ"

"မင်းပြောပုံအရဆိုရင် စောမွန်ကပဲ တိုးတိုးကို ကြိုက်နေသလို ဆို ...."

မော်ကြီး ပြောစကားကြောင့် ဖိုးကုလားက တုံးလိုက်တာဆိုတဲ့ အကြည့်နဲ့ မော်ကြီးကို ပစ်ပေါက်ရင်း...

"ကြိုက်ကိုကြိုက်နေကြတာ"

"ဟေ့ကောင် ...အဲဒီ .. 'ကြ' ဆိုတဲ့စကားက အများကြီး အဓိပ္ပာယ် ရှိတယ်နော် ပြင်ပြော ...."

"ပျဉ်ပဲပြော့ပြော ဘိလပ်မြေပဲပြောပြော ဒီစကားပဲပြောရမှာပဲ၊ ငါတို့အားလုံး ရိပ်မိနေကြတာပဲ။ တိုးတိုးက စောမွန်အပေါ် ထားတဲ့ မေတ္တာတရား သံယောဇဉ်၊ စောမွန်က တိုးတိုး အပေါ် ထားတဲ့ သံ ယောဇဉ်နဲ့ မေတ္တာတရား ဘာလွဲမှားစရာရှိလဲ'

ဖိုးကုလားက ခေါင်းညိတ်ရင်း မချိုမချဉ်မျက်နှာထားနဲ့ ဝင်ထောက်



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးခွင့်မရှိတဲ့ ကျွန်တော့်ကို မေးဆတ်ပြကာ ....

"ရှိတယ်၊ လွဲမှားစရာဆိုတာ ဒီကောင်ရဲ့ ကိုယ်ပိုင်နံပါတ်ပဲ"

"အဲဒါတော့ ငါလဲမသိဘူး။ ပုလင်းထဲမှာ ဘီယာရှိမှန်းသိရက်နဲ့ မော့သောက်ဖို့ အားမစိုက်ချင်ရင်တော့ အသုံးမကျတဲ့ကောင်လို့ ပြောရမှာထက် ပိုပြီး ပြင်းပြင်းထန်ထန် ပြောရမှာပဲ ..."

"အေးလေ ...ဟော့ကောင် မင်းကိုပြောနေတာ ..."

ဖိုးကုလားက မော်ကြီးစကားကို ထောက်ခံဟန်နဲ့ ကျွန်တော့်ကို ပခုံးချင်းတိုက်ပြီး ပြောတော့ ...

"ငါ ဘာဖြစ်နေလို့လဲ..."

"အားစိုက်ဖို့လေ ..."

"အားစိုက်ရင် ဘာဖြစ်လဲ"

"မင်းကြီးဒေါ် ဖြစ်တယ်ဟော့ ..."

ဖိုးကုလား ဒေါပွပွနဲ့ အခုလိုပြောတော့ ကျွန်တော်က တဟားဟား အော်ရယ်ကာ ထရပ်တော့ ...

"ဒါက ဘယ်လဲ"

ကျွန်တော်က လုံချည်ပြင်ဝတ်နေရာမှ ....

"မင်းတို့ပဲ အားစိုက်ဆို ..."

နှစ်ယောက်သား မျက်ခုံးတွေမြင့်တက်သွားကြသည်။

"ချက်ချင်းကြီးပါလား ...ဘယ်လိုဖြစ်တာတုန်း"

"မင်းတို့စကားကြောင့် ငါ နေလို့မရတော့ဘူး"





"နေလို့မရရင်ဆိုတော့ ..."

ကျွန်တော်က ပိုင်ပိုင်နိုင်နိုင်ပြုံးပြလိုက်ရင်း ....

"အခုပဲ ဖုန်းဆက်လိုက်မယ်၊ ကျောက်လမ်းက ကိုကြီးစိုး အအေး ဆိုင်မှာ စောင့်နေမယ်ပေါ့"

"သြော် မင်းတို့က ဂလိုလား ..."

"ဂလိုပဲ ..."

ကျွန်တော်က ပြောပြီးပြီးချင်း ကောင်တာဆီ လျှောက်သွားပါသည်။ ကောင်တာမှာထိုင်နေတဲ့ ဆိုင်ရှင်မိန်းမ မအေးမြင့်က...

"ဖုန်းဆက်ဖို့လား၊ နင် အကြွေးကျန်သေးတယ်နော် အမှား"

ကျွန်တော် ဖုန်းကောက်ကိုင်ရင်း ...

"အဲဒီကိစ္စပဲ ဆက်မလို့ဟာ ..."

"ဘယ်သူ့ဆီလဲ ...."

"ကျွန်တော့် လေဒီလေးဆီလေ၊ သူ့ဆီက ပိုက်ဆံယူပြီး လက်ဖက်ရည်ကြွေးရှင်းပေးမယ်၊ ခက်တာက ..."

ပိုက်ဆံဆိုတဲ့စကားကြားတိုင်း လှုပ်လှုပ်ရှားရှားဖြစ်တတ်တဲ့ အေးမြင့်က...

"ဘာ ခက်တာလဲမောင်လေး အစ်မကိုပြော အစ်မ ကူညီမယ်"

"သူ့ဆီသွားရင် လမ်းစရိတ်လိုတယ်အစ်မ ..."

"အစ်မ စိုက်ပေးမယ်၊ ပြန်လာရင်သာ အကြွေးရှင်းပေး သူက ဘယ်သူလဲ ဘယ်ကလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခပ်တည်တည်နဲ့ စောမွန်တို့ အိမ်ဖုန်းနံပါတ်ကို လျှောက်နှိပ်နေရင်း ...

"သူက နာမည်ကျော် တင်းနစ်မယ်လေး ရှာရာပိုဗာလေ လေယာဉ်စင်္ကြံလောက်ပဲကျမှာပါ ..."

"ခွေးကောင်"

မအေးမြင့် ဆောင့်ဆောင့်အောင့်အောင့်နဲ့ အခုလိုပြောတော့ ကျွန်တော်တင်မှုဟုတ်ပါဘူး အနီးဆုံးအဖျော်ခန်းက အဖျော်ဆရာကိုမြင့်ဦးကပါ တဝါးဝါးရယ်ပါတော့သည်။ ကျွန်တော်က သဘောကျ ရယ်ရင်း တစ်ဖက်က ဖုန်းကောက်ကိုင်လိုက်သံကြားတော့ ...

"ဟဲလို ... စောမွန်ပိုင်နဲ့ စကားပြောချင်လို့ပါ ..."

"ဖုန်းမှားနေပါတယ်ရှင် ..."

ကျွန်တော် မျက်ခုံးရှုံ့သွားရင်း ..

"ဒါ (.........) နံပါတ်မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ရှင်၊ မနေ့က အနီရောင်ဖုန်းပါ ဒီနေ့ အညိုရောင်ဖုန်းပြောင်းတ‌တ်ထားလို့ ဖုန်းမှားနေပါတယ်ပြောတာပါ ...ဟဲ ဟဲ"

ကျွန်တော်ခုမှ စောမွန် သူ့ကို အကြောင်းရိုက်မှန်းသိသွားကာ ...

"အဲဒါဆိုရင် အခုဆက်နေတာ ကြောင်တောင်တောင် ဂေါက်တောက်တောက် ကောင်မလေး စောမွန်ပိုင်ဆိုတာလား ..."

"ခွေးကောင်"

သူမရဲ့ စိတ်ဆိုးသံကြောင့် ကျွန်တော် ရယ်မိပါသည်။





"ဆို ..."

"မစိုပါဖူး ...နေလှမ်းထားလို့ခြောက်နေပါတယ်"

"ခြောက်နေရင် ခုနစ်နဲ့စားလိုက်"

သူမက တစ်ဖန်ပြန်စတော့ ကျွန်တော်ကလည်း ...

"စားလိုက်တဲ့ အဖြေက ထောင့်ငါးရာတဲ့ ကလေးမလေး"

"နင်နော်"

"ငါနော်"

သူမက ကျွန်တော့်စကားကြောင့် ခစ်ခနဲ အသံမြည်အောင်ရယ်ပြ ရှာပါတယ် ...

"နင် အားရင် ခဏထွက်ခဲ့ဟာ ..."

"ဟဲ့ ဘာဖြစ်ပြန်တာတုန်း"

"အရေးကြီးလို့ဟာ ..."

"ဘာကြီးတာ ..."

"အရေး ...အရေး ...နင်ထွက်ခဲ့နော်၊ ငါ ကျောက်လမ်းပေါ်က ကိုကြီးစိုးတို့ဆိုင်မှာ စောင့်နေမယ် ..."

"ပြီးရော၊ ငါတို့နဲ့ကနီးနီးလေး၊ နင်သာ ချော်တောင့်ပြီး နောက်ကျမနေနဲ့ ..."

"အေးပါ ဒါပဲနော် ..."

"အေး ...ဖုန်းချလိုက်ပြီ ...."

ကျွန်တော်လည်း ဖုန်းကိုပြန်ချကာ မအေးမြင့်ကို သွားပြီလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



"မုန့်ဖိုး ကျွန်တော့်ကောင်မလေး ရှာရာပိုဗာ ပေးလိမ့်မယ်နော် မအေးမြင့် ..."

ကျွန်တော် နောက်ပြောင်ပြီးထွက်လာတော့ မအေးမြင့်ရဲ့ ပွစိပွစိ ရေရွတ်သံတွေ နောက်ကနေ ကပ်ပါလာပါသည်။ ဟိုကောင်တွေဝိုင်း ရောက်တော့ ဝင်မထိုင်တော့ဘဲ ခဏရပ်ကာ ...

"ငါ လစ်ပြီ ..." လို့ပြောကာ ထွက်လာတော့ ကုလားက လှမ်းပြောပါသည်။

"ဟေ့ကောင် ငါတို့ ဒီကပဲစောင့်နေမယ်"

"အေးပါ"

ဆိုင်ကထွက်လာပြီးပြီးချင်း မှတ်တိုင်မှာတွေ့ရတဲ့ ဘတ်စ်ကား တစ်စီးပေါ် တက်လိုက်ပါသည်။ ကားပေါ် ရောက်တော့ အသိကားသမားမို့ ကားခသက်သာသွားပါသည်။ ရွှေ့တစ်မှတ်တိုင်သာသာမို့ နောက်ပေါက်အဝမှာ စပယ်ယာနဲ့ အတူရပ်ရင်း စကားဖောင်ဖွဲ့မိပါသည်။

"ဘယ်လဲကွ ...."

"ရွှေ့မှတ်တိုင်တင် ..."

ရောက်တတ်ရာရာစကားပြောနေရင်း ကားစ,ထွက်တော့ အနောက်ကပြေးလာတဲ့ ခရီးသည်လူကြီးကို ကျွန်တော်က မြင်ပြီး ရွှေ့ခန်းကဒရိုင်ဘာကို လှမ်းအော်ပြောပေးရပါသည်။ နောက်မှာ တစ်ယောက်လိုက်မယ်"

ဘတ်စ်ကားက ဘီးလိမ့်ရုံမောင်းပေးတော့ ကားနောက်ပေါက်





ဘမီလာတဲ့ လူကြီးက လက်တန်းကိုကိုင်ကာ ခုန်အတက် ဘတ်စ်ကား ဘလည်းအပေါ် ရောက်နေပြီထင်ကာ မောင်းအထွက် လူကြီးက လန် ဘျမလိုဖြစ်သွားတာကြောင့် ကမန်းကတန်းနဲ့ တွေ့ရာကို ဖမ်းကိုင် သောအခါ ...

"ဟာ"

ထိုလူကြီးလက်ဆွဲလိုက်တဲ့အရာက ကျွန်တော်ခါးပုံစဖြစ်နေတာ ကြောင့် လုံချည်စက ထိုလူကြီးလက်ထဲမှာ ပါသွားကာ .....

"အမယ်လေး ..."

ကျွန်တော့်ဘေးအပေါက်ဝအစပ်က အမျိုးသမီးခများ ကား အတွင်းဘက် ခေါင်းလှည့်၍ အော်ပါတော့သည်။

ကျေးဇူးရှင် ကိုရွှေစပယ်ယာ ကယ်တင်ပေလို့သာပေါ့။ လူကြီးရဲ့ ခါးကိုသိုင်းဖက်ကာ မကျအောင်ထိန်းပေးထားပါသည်။ ကျွန်တော့်မှာ ဘမန်းကတန်းနဲ့ တစ်ဖက်ကနေ လူကြီးကို မကျအောင်သိုင်းဖက်ထား ရပါသည်။

"ဦးလေး ကျွန်တော့်လုံချည်စကို လွှတ်မချလိုက်နဲ့နော်၊ ကျွန်တော့်အရှက်က ဦးလေးလက်ထဲမှာရှိပါတယ် ဦးလေးရယ်"

"အေးပါကွာ ...."

ဦးလေးကြီးခများမှာလည်း ချွေးတွေထွက်ကာ အမောသံကြီး နဲ့ဖြေရှာပါတယ်။ ရွှေ့မှတ်တိုင်ရောက်တဲ့အထိ ဦးလေးကြီးလက်ထဲ ကျွန်တော့်အရှက်ကို ဝကွက်အပ်ရင် လိုက်ပါလာခဲ့ရပါတယ်။ ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လို့ကားရပ်မှ ဦးလေးကြီးက လုံချည်စကို ကျွန်တော့်လက်ထဲ ပြန်အပ်ပါသည်။

ကျွန်တော်လည်း လုံချည်ပြင်ဝတ်ရင်း ကားအတွင်းပိုင်းသို့ တက်မဲ့ ဦးလေးကြီးကို ....

"နောက် လမ်းမှာတွေ့ရင် နှုတ်မဆက်ပါနဲ့တော့ ဦးလေးရယ်"

ကျွန်တော့်စကားကြောင့် အသိစပယ်ယာက ရယ်နေပါတော့တယ်။ ကားအပေါ်က ခရီးသည်အချို့က ပြုံးစေ့စေ့နဲ့ သူ့ကို လှမ်းကြည့်နေပါတယ်။

သက်ပြင်းကိုမှုတ်ထုတ် ချွေးကိုသုတ်ကာ တစ်ဖက်ကားလမ်းဖြတ်ကူးရင်း ဘူတာဘက်သွားရာ ကျောက်လမ်းအတိုင်း လျှောက်လာပါတယ်။

အစိုးရအဆောက်အအုံတွေသာ ဘုန်းကြီးကျောင်းတွေသာရှိတဲ့ ဒီကျောက်လမ်းလေးဟာ ကျောက်လမ်းနဲ့အပြိုင် ညီညာယှဉ်တွဲနေတဲ့ ရထားသံလမ်းလေးရှိပါတယ်။ ရှေ့ခပ်လှမ်းလှမ်း ရထားဘူတာရုံလေးတစ်ရုံကိုမြင်ရမယ်။ ကျောက်လမ်းနဲ့ ရထားသံလမ်းကြားမှာ ဗေဒါတွေပြည့်နေတဲ့ မြေရကန်တွေရှိတယ်။ ဝါးတစ်ပြန်နှစ်ပြန်သာသာရေကန် အလျားတစ်ခုပြီးရင် ပိုင်းခြားထားတဲ့ ကျောက်လမ်းနဲ့ သံလမ်းဆီကူးတဲ့ မြေဖို့ထားတဲ့ တာလမ်းငယ်လေးတွေ တစ်ခုစီရှိကြပါတယ်။

ကျွန်တော် ကျောက်လမ်းမှ ရထားဘူတာဆီကူးတဲ့ ကြားဖြတ်လမ်းကျဉ်းကျဉ်းလေးထောင့်စွန်း ကုက္ကိုပင်ရိပ်အောက်က ကိုကြီးစိုး





အအေးဆိုင်လေးထဲဝင်လာခဲ့ပါတယ်။ နွေရာသီရောက်ပြီမို့ ဆိုင်ကျော ဘးထားတဲ့ ကန်တွေဟာခြောက်သွေ့စပြုလာပါပြီ၊ နေရာအခက်အခဲ ရှိတာကြောင့် ကိုကြီးစိုးက ကန်ရဲ့အစပ်ကို ဗေဒါတွေ ဒိုက်တွေပေါ် မြေခင်းပြီး နေရာကိုတိုးချဲ့ထားဟန်တူပါသည်။ ကိုကြီးစိုးဆိုတာက ခင်မင်နေတာကြာပြီမို့ ပြောမနာဆိုမနာပါဘဲ။

ဒီလိုညနေမျိုးဆိုရင် ကိုကြီးစိုးတို့ဆိုင်က လူစည်နေပါပြီ။ မြို့ပတ်လမ်းအတိုင်း လမ်းလျှောက်လေညင်းခံထွက်ကြသူတွေ၊ နောက်ပြီး အလုပ်ဆင်းအလုပ်ပြန် ရထားစီးပြီး အမောဖြေဖို့ ကိုကြီးစိုးဆိုင်ဖောဝင်နား အအေးသောက်သုံးသူတွေနဲ့ စည်ကားနေပါတယ်။

ဆိုင်ထဲရောက်တော့ အအေးဖျော်နေတဲ့ ကိုကြီးစိုးက ...

"ဟာ မင်းလာတာနဲ့အတော်ပဲ ...."

ကျွန်တော်က ကိုကြီးစိုး အအေးဖျော်တဲ့နေရာဆီ လျှောက်လာပြီး အအေးထဲညှစ်ထည့်ဖို့ သံပရာသီးလှီးနေတဲ့ ကိုကြီးစိုး လှီးပြီးသား သံပရာသီးတွေကို လက်ဆေးကာ အအေးခွက်ထဲ ညှစ်ထည့်ပိုင်းကူပေးနေရင်း ...

"ဘာဖြစ်လို့လဲ ... အစ်မရော ..."

"မင်းအစ်မ ...သားငယ်ကို ကျောင်းသွားကြိုတယ်၊ ဒီမှာကွာ ရေခဲကုန်နေပြီ၊ ရေခဲလာမပို့သေးဘူး ... မင်း ဆိုင်မှာ ခဏစောင့်ပြီး ရောင်းထားလိုက်ကွာ၊ ငါ ရေခဲသွားယူလိုက်ဦးမယ်"

"ကျွန်တော် သွားပေးမယ်လေ ...."



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးစိုးက ဝိုင်းတစ်ဝိုင်းဆီ ညွှန်ပြပေးတော့ အအေးခွက်တွေကိုယူပြီး သွားချပေးသည်။

"ညီမလေး လိုတာရှိရင်ပြောနော်"

ဝိုင်းကူလုပ်နေကျအလုပ်မို့ စားသုံးသူကျေနပ်အောင် ပြောပေးမိပါသည်။ ကိုကြီးစိုးဆီ ပြန်လျှောက်လာတော့ ...

"ရေခဲဆိုင် မင်းမသိဘူး ငါ စက်ဘီးနဲ့ သွားလိုက်မယ်၊ မင်း ဒီမှာပဲနေခဲ့ ... မင်းအစ်မလဲ လာတော့မှာပါ"

ကျွန်တော်က လက်ကနာရီကိုကြည့်ရင်း ...

"စောမွန် လာသွားပြီလား"

"ဟင့်အင်း မင်းတို့ ချိန်းထားလို့လား"

"ချိန်းထားတယ်ဗျ၊ ပြောတော့ သူ အရင်ရောက်မယ်လို့ပြောပြီး ဘယ်လိုကောင်မလေးမှန်းမသိဘူး"

ကျွန်တော့်စကားကြောင့် ကိုကြီးစိုးကရယ်ကာ "စိတ်ချမယ်နော်လို့ မှာကာ စက်ဘီးစီးပြီး ထွက်သွားပါတယ်။

ဆိုင်ထဲမှာ အအေးသောက်နေသူတွေက သုံးဝိုင်းလောက်ပဲရှိပါတယ်။ ကျွန်တော်က အအေးကတ်တွေထားရာ ဘေးကခုံမှာဝင်ထိုင်မယ်လုပ်တော့ ...

"ညီလေး မြင်းခွာရွက်သုပ် ရတယ်မဟုတ်လား ...လာ စန္ဒာ"

ဆိုင်ထဲဝင်လာသူက ကောင်မလေးတစ်ယောက်ကို လှည့်ပြောပြီးဝင်လာပါတယ်။ ထိုသူက ကျွန်တော်တို့ထက် သုံးလေးနှစ်ခန့်





အသက်ပိုကြီးနိုင်မည်ထင်ရပါသည်။ ဝတ်စားဆင်ယင်ထားပုံက ကုမ္ပဏီပိုင်ရှင်လိုလို မန်နေဂျာလိုလိုပါ။ လည်ပင်းမှာလည်း ကြောင်လျှာသီးတွေဘာတွေနဲ့၊ အနက်ရောင် စတိုင်ဘောင်းဘီနဲ့နှစ်ရောင် ရှပ်လက်ရှည်နဲ့ ဥပဓိရုပ်က နဖူးပြောင်တာလေးကလွဲရင် တော်တော်ကြည့်ကောင်းပါတယ်။ ကောင်မလေးကတော့ ကျွန်တော်တို့နဲ့ ရွယ်တူလောက်ပါပဲ။ အဲဒီကောင်မလေးက ရိုးတိုးရှန့်တန့်ဖြစ်နေပုံရပြီး ကုမ္ပဏီဝတ်စုံဆန်ဆန်ဝတ်ဆင်ထားတာတွေ့ရပါတယ်၊ လက်ထဲမှာလည်း ဖိုင်ကတစ်ဖက် ပခုံးသိုင်းအိတ်လေးက တစ်ဖက်ပါ။

ကျွန်တော်ကလည်း လောကွတ်ချော်စွာ ...

"ရတယ် အစ်ကို၊ အစ်ကိုတို့ အေးအေးဆေးဆေးစကားပြောလို့ရအောင် ကန့်အစပ်ကဝိုင်းမှာ ထိုင်လိုက်ပါလား"

"သိုင်းကျူး ညီလေး ... လာလေ စန္ဒာ ..."

လက်မဆွဲရုံတမယ် အတင်းခေါ်ပြီး ကန့်အစပ်ကဝိုင်းဆီသွားပါတယ်။ ထိုသူက ကန့်ကိုကျော်ပေးထိုင်ပြီး ကောင်မလေးက ကန့်ကိုချက်နှာမူကာ ဝင်ထိုင်ပါတယ်။ သူတို့နှစ်ယောက် အလယ်မှာတော့ ဒိုက်ဘာစားပွဲခုံအပုလေးခြားထားပါတယ်။ ကျွန်တော်က ရေနွေးအိုးအသစ်လဲပေးတော့ ...

"ဒီနေရာက ပျော့စိပျော့စိနဲ့"

ထိုလူရဲ့စကားကြောင့် ကျွန်တော်က ရယ်ရင်း ...

"သစ်မှုန့်နဲ့ရွှံ့ကိုရောပြီး မြေဖို့ထားတာအစ်ကို၊ နေရောင်ချည်းလို့



www.burmeseclassic.com

www.burmeseclassic.com



နေရာချဲ့ထားတာပါ ဘာမှမဖြစ်ပါဘူး"

ညနေကလည်း အမှောင်ကို လက်ခံဖို့ အားယူနေပါသည်။ ကျွန်တော်က မြင်းခွာရှက်သုပ်တစ်ပွဲကိုလာချရင်း ဘူတာဘက်ကြည့်မိတော့ စောမွန်ပိုင်က ဘူတာအဆင်းလမ်းသွယ်လေးက လျှောက်လာတာ မြင်ရပါတယ်။ ဆိုင်မှာ လူလည်းရှင်းနေပါတယ်။

"ကိုကြီး ဒီစကားပြောလို့ စန္ဒာ တစ်မျိုးထင်မှာ ကိုကြီး အသေအလဲကြောက်မိတာ တကယ်ပါ"

အသံတိုးတိုးကြောင့် မသိမသာကြည့်မိတော့ ကန်အစပ်က ပုဂ္ဂိုလ်က ရည်စားစကားပြောဖို့ နိဒါန်းခြွေနေတာတွေ့ရပါတယ်။ ပုဂ္ဂိုလ်ကြီးက အေးအေးဆေးဆေးမနေပါ။ မတ်တတ်ထရပ်လိုက်ပါသေးတယ်။ ကန်ကိုမျက်နှာမူပြီး ခါးထောက်ကာ ရုပ်ရှင်မင်းသားအိုက်တင်နဲ့ အဝေးကို ဆွေးဆွေးမြည့်မြည့်ငေးရင်း ...

"ဟော်ဒီ ညနေခင်းကြီးရယ် သာယာတဲ့လေညင်းရယ်..."

ကျွန်တော်တောင် ပြုံးစိစိဖြစ်ရပါသည်။ ကောင်မလေးက စိတ်အိုက်ဟန်နှင့် ဘေးဘီကြည့်မိတော့ ကျွန်တော့်ကိုမြင်သွားကာ ရှက်သွားဟန်နဲ့ ခေါင်းငုံ့ပါသည်။

"လွင်ပြင်ကျယ်ကို ဒုန်းစိုင်းပြေးလာတဲ့ ကိုကြီးရင်ခုန်သံတွေ စန္ဒာရှေ့မှာ အခုလို ပုံ ..."

စကားက တိုးလိုးတန်းလန်းရပ်သွားပါသည်။

"ဗုဒ္ဓေါ"





ကျွန်တော်လည်း မျက်လုံးပြူးရပါသည်။ မြင်ရတဲ့မြင်ကွင်းက အန္တရာယ်သည် ကိုယ့်ခြေထောက်အောက်မှာရှိသည်ဟု မပြောရုံတစ်မယ်ပါ။ ကိုကြီးဆိုတဲ့ ပုဂ္ဂိုလ်က ငေးကြောင်အံ့ဩနေပုံနဲ့ သူ့ရဲ့ခြေထောက်အောက်ကို ငုံ့ကြည့်နေပါသည်။

သူတို့ထိုင်နေတဲ့ဝိုင်းက ကန်အတွင်းဘက်ကို ထိုးထွက်နေတဲ့ ကျွန်းဆွယ်သေးသေးလေးလိုဖြစ်နေတဲ့နေရာ ...

စန္ဒာဆိုတဲ့ ကောင်မလေးနဲ့ ဖိုက်ဘာခုံစားပွဲကို ဘာမှမထိခိုက်ပေအောင် အိုက်တင်ပေးပြီး ကန်အစွန်းမှာ ခါးထောက်စကားပြောနေတဲ့ ပုဂ္ဂိုလ်ကြီးခမျာ သူ့ကိုယ်တိုင် ကိုယ့်ခြေထောက် ငုံ့ကြည့်နေရင်းနေရင်းက ခြေထောက်နှစ်ချောင်းအောက်က မြေသားက တဖြည်းဖြည်း အက်ကြောင်းပြပြီးကွဲထွက်လာကာ ခြေထောက်နှစ်ချောင်းက တဖြည်းဖြည်းပြကားလာပါသည်။ မြေသားထုထည်နှစ်ခြမ်းပြတ်သွားသလိုဖြစ်ကာ အဲဒီ ဒိုက်အမိုက်ရောနှောနေတဲ့ မြေသားနှစ်ခုကြားမှာ ရေတွေမြင်လာရပါတယ်။

"ဟဲ့ တိုးတိုး ဘာလုပ်နေတာလဲ ..."

နောက်ကနေ ကျွန်တော့်ပခုံးကိုပုတ်ကာခေါ်လိုက်တဲ့ စောမွန်ရဲ့အသံကြောင့် ကျွန်တော် သတိဝင်လာကာ ကိုကြီးဆိုတဲ့ ပုဂ္ဂိုလ်အျာကို အယောင်ယောင်အမှားမှားနဲ့ လက်ညှိုးထိုးပြမိပါသည်။ ထိုအခါကျမှ စောမွန်ကာ ကိုကြီးဆိုတဲ့ ပုဂ္ဂိုလ်ကြီးကို မြင်သွားကာ မျက်လုံးပြူးသွား ပါးစပ်လေးတဖြည်းဖြည်းဟလာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ကိုကို …"

စောမွန်က လက်ညှိုးလေးထိုးရင်း အသံထွက်ရေရွတ်ေ

ကိုကြီးကလည်း ပေါင်ပြကွဲထွက်နေရင်းက လက်ညှိုးလေး ပြန်

ရင်း…

"ဟင် ညီမလေး ကျကျ …"

"ဝုန်း"

စုံးစုံးမြုပ်တယ်ဆိုတာ ဒီပုံစံကို ခေါ်တာလား မသိပါ၊ သူတို့

အထိအောင် ရေတွေစဉ်ထွက်လျှံလာပါသည်။

"လုပ်ကြပါဦး"

စန္ဒာဆိုတဲ့ ကောင်မလေးရဲ့အော်သံ စောမွန်ရဲ့ အော်သံ

ပတ်ဝန်းကျင်မှာ ဆူညံသွားပါသည်။

"ဟာ ဘယ်လိုဖြစ်တာလဲ"

ရေခဲတင်လာတဲ့စက်ဘီးကို ဒေါက်မထောက်တော့ဘဲ ဝုန်း

ပစ်ချကာ သူ့အနီးကိုရောက်လာတဲ့ ကိုကြီးစိုးက တအံ့တ ဩမေ

သည်။ စောမွန်ကလည်း ကျွန်တော့်လက်မောင်းကို လှုပ်ရင်း…

"ဟဲ့ …ငါ့အစ်ကို့ကို ကယ်ပါဦး၊ ရေထဲဆင်းလေ တိုးတိုး"

"အေးပါ"

ကျွန်တော်လည်း အယောင်ယောင်အမှားမှားနဲ့ ရေထဲဆင်းမေ

လုပ်ပြီးမှ ကျွန်တော့် ကော်လံစကို လှမ်းဆွဲပြီး ကိုကြီးစိုးက …

"ဟေ့ကောင် မင်းမှရေမကူးတတ်တာ"





"ဟုတ်သားပဲ"

ကိုကြီးစိုးက သူ့ကို နောက်ဆုတ်ခိုင်းပြီး ရေထဲကို ဒိုင်ဗင်ထိုး ခုန်ဆင်းလိုက်ပါတယ်။ ထပ်ပြီးကံဆိုးချင်တော့ ရေပေါ်ပြန်ပေါ်လာတဲ့ ကိုကြီး ဦးခေါင်းနဲ့ ကိုကြီးစိုးမေးရိုးတိုက်မိကာ နှစ်ယောက်သား ရေထဲမှာ ရုပ်ယှက်ခတ်နေပါတော့တယ်။

အကြောင်းစုံတော့ ကိုကြီးစိုးနဲ့ စောမွန်အစ်ကိုကို အချိန်မီ ရောက်လာတဲ့ ကိုကြီးစိုးမိန်းမက ရေထဲခုန်ဆင်းပြီး နှစ်ယောက်လုံးကို ကယ်တင်လိုက်ရပါတယ်။

⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com



မော်ကြီးနဲ့ ဖိုးကုလားက ခွက်ထိုးခွက်လန်ရယ်တဲ့စကားက
အသုံးချကာ ရယ်ပါတော့သည်။ ကျွန်တော့်မှာသာ ငူငူငိုင်ငိုင်နဲ့ သ
ပြင်းချ ခေါင်းခါနေရပါသည်။

"အဲဒီတော့ ဇာတ်လမ်းက ..."

"ဘာပြောကောင်းမလဲ၊ စောမွန်အစ်ကိုက ကုန်းပေါ်ပြန်တ
လာတော့ ငါ့ကို ထိုးမယ်ကြိတ်မယ် တကဲကဲပေါ့ ..."

"ဘာဆိုင်လို့လဲကွ ...."

ဖိုးကုလားက မကျေနပ်ဟန်နဲ့ ပြောတော့ ကျွန်တော်ကလည်
စိတ်ပျက်ပျက်နဲ့ ...

"မသိပါဘူးကွာ၊ ငါပြောလို့ အဲဒီနေရာမှာ ထိုင်မိတာတဲ့၊ အဲ
နေရာမှာထိုင်မိလို့ သူ ဒီလိုဖြစ်တာတဲ့"

"ဟ အဲဒီလိုဖြစ်ကြေးဆို မင်းပြောတဲ့ စန္ဒာဆိုတဲ့ ကောင်မလေ
လဲ ဖြစ်မှာပေါ့ ..."

"အေး ကိုကြီးစိုးလဲ ဝင်ရှင်းပြပါတယ်ကွာ၊ ဒီလူကသာ ဟိုကော





လေးနဲ့ သူညီမရှေ့မှာ ရှက်ရမ်းရမ်းနေတာ၊ သူသွားရပ်တဲ့ မြေသား
က်က သစ်မှုန့်လွှစာမှုန့်နဲ့ ရွှံ့က ရောနေတာလေ၊ အဲဒါကြောင့် ပြုတ်
တာပေါ့ကွာ အဲဒါကိုကွာ ..."

"စောမွန် ဘာပြောလဲ"

ကျွန်တော် ခေါင်းခါပြမိရင်း မကျေမချမ်းနဲ့ ကားလမ်းမဘက်
ငေးကြည့်ကာ...

"ပြောကိုမပြောလိုက်ရတာ၊ မျက်နှာလဲပျက်နေတာပဲ၊ သူ့အစ်ကို
ကိုချော့မော့ပြီး ထွက်သွားတာပဲကွာ၊ ငါ့ကိုကမှားတာပါ၊ ကျောင်းကျမှ
အေးအေးဆေးဆေးပြောလဲ ဖြစ်တဲ့ဟာကို ရှည်တာ ..."

"ဘာရှည်တာလဲ"

"လျှာဟော့လျှာ ...တော်ပြီကွာ ...ပြန်တော့မယ်"

"နေပါဦးကွာ မင်းကလည်း စိတ်ကြီးပဲ"

ဟိုနှစ်ကောင်က ကျွန်တော် ဒေါသဖြစ်နေမှန်းသိတာကြောင့်
န်ချော့မော့ပါသည်။ တောက် ဘယ်ဘဝက အကုသိုလ်ကံပါလိမ့်၊
ယ်ကြမ္မာရဲ့ ဆန်ခါတင်ရွေးချယ်ထားတဲ့ လွဲမှားခြင်းလက်ရွေးစင်
ာရင်းမှာ ကျွန်တော်က အောင်မှတ်အပြည့်နဲ့ ထိပ်ဆုံးကကောင်များ
ဘာကြောင့် ဖြစ်ခဲ့ပါလိမ့်နော် ....။

"သူ့အစ်ကို သူ့အကြောင်းတရားကြောင့် သူဖြစ်တာ စောမွန်
ားလည်ပေးမှာပါ ...."

"အဲဒီလို ထင်ရင်တော့ ကောင်းတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စိတ်အားလျှော့သံစကားကြောင့် ဖိုးကုလားက လှမ်းကြည့်သည်။

(ပေါက်ပေါက်ရှာရှာ အမှားများစွာကို ရွေးချယ်စုဆောင်းသူလို့ မင်းစွပ်စွဲဦးမှာလား စောမွန်ပိုင် ...

ငါရွေးချယ်ထားတဲ့ ချစ်ခြင်းမေတ္တာရဲ့ အမှန်တရားကို နင် နားလည်လက်ခံပေးမှာလား စောမွန်ပိုင်၊ သောကအပြင်းစားတွေ ရင်ထဲက မှုတ်ထုတ်တော့ လူတွေက သက်ပြင်းလို့ အမည်တပ်မယ်၊ ငါကတော့ အလွမ်းရဲ့ လောင်မီးကျနေတဲ့ဒဏ်ရာလို့ သတ်မှတ်ထားခဲ့ပါပြီ ချစ်သူလေးရယ် ....

နောက်ထပ် နောက်ထပ် ငါ အမှားတွေနဲ့ ကံဆိုးနေရဦးမှာလား နော်)

⚓ ⚓ ⚓







အစွဲ...

အစမှာ စနေသူ
ခြေရာများပေါ်ကျန်ခဲ့သူ ဝေဒနာများ...

နေ့တွေက
မြွေအရေခွံချွတ်သလို
သူ့ကို ချွတ်ခွာထားခဲ့

ပင့်ကူမျှင်တန်းလို အစွဲအလမ်း
ကော်တွယ်ထားစရာ ခံစားမှုများ
အတွေးထဲ စားမြုံ့ပြန်လို့ ..

(ငြိမ်းစစ်မင်း)



www.burmeseclassic.com

www.burmeseclassic.com



လက်ကနာရီကြည့်လိုက်တော့ ကျွန်တော် စိတ်စောစွာ စော
ရောက်လာမှန်း သိလိုက်ပါတယ်။ ဖယ်ရီကား ကျောင်းဝန်းထဲက ဖြတ်
တော့ ကျောင်းသားတစ်ယောက်စနှစ်ယောက်စနဲ့ စားသောက်ဆိုင်
တန်းက ဆိုင်ခင်းကျင်းသူအချို့သာရှိပါသေးသည်။

ဘူတာလေးဆီခြေလှမ်းကို ဦးတည်ရင်း သူ့အတွေးတွေကို စော
မွန်ပိုင်က အပိုင်စားနေရာယူထားမှန်း သတိထားမိတော့ပြုံးချင်စရာ

ဘူတာရုံလေးထဲ နားခိုဖို့ဝင်မိတော့ ကျွန်တော်ရဲ့ ထင်မြင်ချက်
တွေဟာ လွဲမှားသွားမှန်းသိလိုက်ရပါတယ်။ ဘယ်အချိန်ကတည်းက
ဘယ်လိုရောက်နေသည်မသိပါ ...ကျွန်တော်ရဲ့ အမှန်တရားလေးက
ဘူတာထဲက ထိုင်ခုံတန်းလျားလေးတစ်ခုမှာ တိတ်ဆိတ်ငြိမ်သက်ခြင်း
နဲ့အတူ ထိုင်နေတာတွေ့ရပါတယ်။

ကျွန်တော့်ကိုမြင်ပုံလည်းမပေါ်၊ တစ်ခုခုကပ်ငြိတွယ်နေတဲ့ ချု
နှောင်မှုအရိပ်တွေနဲ့ အဝေးကို လက်ပိုက်ငြိမ်ငြိမ်သက်သက်လေးငေး





ကြည့်နေပါတယ်။ ငေးကြည့်နေတယ်လို့ပြောမလား စဉ်းစားအတွေး
တစ်ခုခုဆိုရမလားမသိပါ။

“နင် စောလှချည်လား စောမွန်ပိုင်”

ကျွန်တော် သူမရဲ့ဘေးမှာ ဝင်ထိုင်ရင်းပြောတော့ သူမက လှည့်
ကြည့်ပါ၊ အံ့သြသွားပုံမရပေမယ့် သူမ စိတ်ကောက်နေတာ သေချာ
မှန်းသိပါသည်။

“မနေ့က ကိစ္စအတွက် ငါ့ကို နင် စိတ်ဆိုးနေတာလား”

သူမက တဖြည်းဖြည်း ကျွန်တော့်ဘက် လှည့်လာပါတယ်။
အတန်ကြာတဲ့အထိ တစ်ဦးနဲ့တစ်ဦး စကားမပြောဖြစ်ဘဲ ငေးကြည့်
နေပါတယ်။

အဓိပ္ပာယ်ပေါင်းများစွာ စကားလုံးပေါင်းများစွာ မျက်ဝန်းတွေက
ပြောကြတယ်။ တစ်ဦးကခွင့်လွှတ်ဖို့ တောင်းပန်တဲ့ မျက်ဝန်းစကား၊
တစ်ဦးက စိတ်ပျက်ခြင်း စိတ်ရှုပ်ခြင်းနဲ့ အပြစ်တင်တဲ့ မျက်ဝန်းစကား။

“နင့်ကြောင့် ငါ စိတ်ညစ်ရပေါင်းများပြီ တိုးတိုး”

“အဲဒါက ...”

သူက လက်ဝါးကာပြီး ကျွန်တော့်ကို စကားထပ်မဆက်ရန်
ငြင်းဆန်တယ်။

“ငါ့အစ်ကို နင့်ကို အမှန်ကြိတ်ချစ်နေတာ နင်သိလား တိုးတိုး”

ကျန်တဲ့အချိန်တွေဆိုလျှင် သူမရဲ့ စကားတစ်ခွန်းအတွက်
ကျွန်တော် ပြန်လည်နှောက်ပြောင်မိမှာ အမှန်ပါ။ စောမွန်ရဲ့စကား



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်တော့်ကိုယ်ကျွန်ကော် ပြန်လည် နာကျင်လိုက်ချင်ပါတယ်။ အမြဲတမ်း ကံဆိုးမိုးမှောင်ကျနေတဲ့ ကျွန်တော့်နက္ခတ်တွေကို အသစ်ရွေးချယ်ခွင့်ရှိလျှင်လည်း ကျွန်တော် ပြန်၍ ရွေးချယ်လိုက်ချင်ပါသည်။

"မနေ့က ဖြစ်ပျက်တဲ့ ကိစ္စမှာ ငါ့အမှားပါတယ်လို့ နင်ဆိုလိုချင်တာလား စောမွန် ..."

"မဟုတ်လို့လား"

"ငါ့အမှားမဟုတ်ဘူးလို့ ငြင်းရမှာပဲ စောမွန်"

သူမက ကျွန်တော့်ကို ဆတ်ခနဲ လှည့်ကြည့်သည်။ ကျွန်တော် သက်ပြင်းချရင်း ဟိုးအဝေးက ကွင်းပြင်တွေဆီ ငေးကြည့်နေမိသည်။ မနက်ခင်းတစ်ခုရဲ့ ငြိမ်းချမ်းမှုဟာ အာကြောင့်ပျောက်ဆုံးနေခဲ့တာလဲ၊ ဒီလိုတွေ့ဆုံမှုနဲ့ သူမနဲ့အတူဖြတ်သန်းရလိမ့်မယ်လို့ ကျွန်တော် တစ်ခါမှ မတွေးခဲ့မိဖူးပါ။

"နင့်အစ်ကိုကို နေရာထိုင်ခင်း စီစဉ်ပေးတာမှန်ပါတယ်၊ ဒါပေမဲ့ သူ့ခြေထောက်တွေက အငြိမ်မနေခဲ့ဘူး စောမွန်"

"ဘယ်လို..."

သူမက ဖာတ်လမ်းတစ်ပုဒ်ရဲ့ အစအဆုံးကို သိရှိနိုင်ပုံမရပါ။ စောမွန်ရဲ့အစ်ကိုက ကျွန်တော့်အပေါ် အပြစ်အားလုံး ပစ်ချပုံချထားခြင်း ဖြစ်ဟန်တူပါသည်။

"ဟုတ်တယ် ကုမ္ပဏီဝတ်စုံနဲ့ ကောင်မလေး ဘယ်သူ ..."





"စန္ဒာ ...ငါ့အစ်ကို ကုမ္ပဏီက ဝန်ထမ်းတစ်ဦးလေ ..."

ကျွန်တော် နှုတ်ခမ်းတွေ တွန့်ကွေးသွားပါသည်။

"ဟုတ်တယ် စန္ဒာဆိုတဲ့ မိန်းကလေးကို ရည်စားစကားပြောဖို့ နင့်အစ်ကို ရွေးချယ်ထားတဲ့နည်းလမ်းက မှားနေတယ်"

စောမွန်မျက်ဝန်းတွေ ဝိုင်းစက်သွားကာ တဖြည်းဖြည်း နှုတ်ခမ်းတွေ ပြုံးချင်လာဟန်တူသည်။

"ငါ့အစ်ကိုက ..."

ကျွန်တော့်အပြုံးနဲ့ ခေါင်းညိတ်ပြပါသည်။

"နင့်အစ်ကိုက ရုပ်ရှင်ကားတွေထဲက ရည်းစားစကားပြောပုံကို အသေအချာလေ့လာထားပုံရတယ်ဟ၊ မြေဖို့ထားတဲ့ စားပွဲဝိုင်းကထပြီး ကြက်တွေနွားတွေ ဖို့ထားတဲ့နေရာဆီ ဟန်ပါပါနဲ့ လျှောက်သွားတာဆိုး ... အဲဒီမှာ သူ့ကံကြမ္မာ သူစီရင်သွားတာပေါ့ ..."

သူ့အစ်ကိုကို အပြစ်ပြန်ဖို့တော့ ကျွန်တော့်ရဲ့ အမှန်တရားလေး ဘာ မျက်စောင်းထိုးပါသည်။ နေရောင်ခြည်ဟာ ယခုမှ ပိုအားကောင်းလာပါတယ်။ လေပြည်တွေဟာ ခုနအချိန်ကာလနဲ့မတူစွာ လတ်ဆတ်နေပါတယ်။ ကျေးငှက်သံတွေကို ပို၍ သတိထားမိလာပါတယ်။

"ငါသာ နင့်အစ်ကိုနေရာမှာဆိုရင် အဲဒီလိုနည်းလမ်းကိုရွေးချယ်မှာမဟုတ်ဘူး"

"နင်က ဘယ်လိုနည်းလမ်း ရွေးချယ်မှာလဲ"

အလိုက်ကန်းဆိုးမသိစွာ ထုံအနေသော အမှန်တရားလေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အသံထွက်အောင်ရယ်မိတော့ သူမက နှုတ်ခမ်းစူ မျက်ခုံး တွန့်ကာ အခုလိုပြောပါတယ်။

"ဘာရယ်တာလဲ ငါပြောတာ ရယ်စရာပါလို့လား"

ကျွန်တော် နှုတ်ခမ်းတင်းတင်းစေ့ရင်း ရယ်ချင်စိတ်ကို ထိန်းထားရပါတယ်။ ထပ်ပြီးပြောမိပါတယ် ...

"ငါသာဆိုရင် ..."

"အင်း ဆက်ပြောလေ"

"ငါသာဆိုရင်"

"ပြောပါဆို"

ကျွန်တော့်စကားကို အဆုံးသတ်ဖို့ခက်နေပါသည်။ ခေါင်းကုတ်လိုက် ပတ်ဝန်းကျင် လူရိပ်လူခြေကို အကဲခတ်တော့ သူမက စိတ်မရှည်နိုင်ပုံရပါသည်။

"ပြောလေဟာ"

ကဲ မထူးဇာတ်ခင်းတယ်ဆိုတာ ဒီလိုအနေအထားပဲထင်ပါတယ်။

"ငါသာဆိုရင် ကိုယ်ကြိုက်နေတဲ့ကောင်မလေးကို ဟောဒီလို လက်ကလေးကိုင်လိုက်မယ်"

"သြော်"

သူမရဲ့ လက်ဖဝါးလေးကို ကျွန်တော် အသာအယာဖမ်းဆုပ်လိုက်တာတောင် ဒီကောင်မလေးက တုံးတုန်းပါပဲ၊ ထပ်ပြီးတော့ တောင်မေးပါသေးတယ်။





"ပြီးတော့ ..."

"ပြီးတော့ ဟောဒီလို ငါ့ရင်ဘတ်မှာကပ်ပြီး စောမွန် နင့်ကို ငါ မြတ် မြတ်နိုးနိုးချစ်နေတာ ကျေးဇူးပြုပြီး ယုံကြည်ပေးပါ"

"အေးနော် ငါ့အစ်ကိုကလဲ အဲဒီလိုပြော... ဟင် ..."

အခုမှ သူမ ကျောချမှ ဓားပြမှန်းသိပုံရတာ မျက်လုံးလေးဝိုင်းသွားရင်း သတိရကာ သူမရဲ့လက်ကို ကျွန်တော့်ရင်ခွင်က ရုန်းထွက်ဖို့ကြိုးစားနေပါတယ်။ ကျွန်တော် ဘယ်လွှတ်ပေးနိုင်မှာလဲ... (ဂိုးရှေ့ရောက်ပြီးမှ နောက်ပြန်ပြန်ကွေ့လိမ်ခေါက်သွားလို့ဖြစ်မလားဗျာ)

"စောမွန် ...."

ကျွန်တော် သူမရဲ့အနီးခုံးသို့ တိုးကပ်ရင် တိုးတိုးခေါ်တော့ သူမက ခေါင်းလေးငိုက်ကာ ရှက်သွားဟန်ရှိပုံရပါတယ်။ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးတဲ့ သူမရဲ့အပြုအမူဟာ ကျွန်တော့်ရင်ခုန်သံတွေကို စိန်ခေါ်နေသလိုပါပဲ။ လေပြေ့လို့ ကျွန်တော်မျက်နှာကို မထိတထိ တို့ကစားနေတဲ့ ဆံနွယ်စတွေနဲ့ ဆံနွယ်စပိုင်ရှင် မိန်းကလေးရယ်ကို ကျွန်တော် အတိုင်းမသိ ချစ်မြတ်နိုးခဲ့တာ ဘယ်လောက်တောင်ကြာခဲ့ပြီလဲ။

"နင် ယုံကြည်ပေးမှာလား စောမွန်"

"ယုံပေးလိုက်ပါသမီးလေးရယ်၊ ယုန် မရရင်တော့ သမင်ဖြစ်ဖြစ်ပေါ့"

အနားကဖြတ်သွားတဲ့ ရင်းနှီးနေတဲ့ လက်မှတ်ရောင်းတဲ့ဦးလေးကြီးက လှမ်းစတော့ သူမက ရှက်ရမ်းရမ်းကာ ကျွန်တော့်ရင်ခွင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခိုနားသည်။

"ငါပြောတာ ဖြေဦးလေ"

"အေးပါ"

"ငါ့ကိုကြည့်ပြီးပြောဟာ ..."

"နင် မညစ်နဲ့နော် အမှားကောင်"

ထူးထူးဆန်းဆန်း သူမက ဒီနှာမည်ခေါ်တော့ ကျွန်တော် ရယ်
လိုက်ပါတယ်။

"ဟော ရထားလာတော့မယ်"

သူမနဲ့ ကျွန်တော် မတ်တတ်ရပ်ကာ ဟိုကောင်တွေကို စောင့်
ရထားဆိုက်မယ့်နေရာကို သူမလက်ကိုဆုပ်ကိုင်ရင်း လျှောက်လာ
တယ်။

ရထားက ဘူတာမှာရပ်နားပြီး သွဲ့ဝမ်းဗိုက်ထဲက တက္ကသိုလ်
ကျောင်းသားကျောင်းသူတွေက အန်ချဖွင့်ဟပါတယ်။

"ဟဲ့ နင်တို့က စောလှချည်လား"

"စောမွန်ပိုင်ပါဆိုမှ စောမှာပေါ့ဟ"

မော်ကြီးနဲ့ မသက်က တစ်ယောက်တစ်ခွန်းပြောရင်း သူတို့ဆီ
လျှောက်လာပါသည်။ ဖိုးကုလားက ကျွန်တော်တို့ကိုကြည့်ပြီး ညိုညို
နဲ့ အိခိုင်ကို တစ်ခုခုလှမ်းပြောလိုက်တာ ကျွန်တော် သတိထားမိလိုက်
ပါတယ်။ ကျွန်တော့်လိုပဲ စောမွန်က ရိပ်မိကာ ကျွန်တော်လက်ကနေ
သူမလက်ကို ရုန်းထွက်လိုက်ပါတယ်။





မသက်က ခပ်တည်တည်နဲ့ လက်ညှိုးနဲ့ ပါးစပ် တဖတ်ဖတ်ရိုက်
ကာ ခေါင်းကိုမော့၍...

"ကဲ ဒီနေ့တော့ ငါတို့အုပ်စုကို ဒကာခံမယ့် နှမ်ယောက်ကတော့
အမှားနဲ့ စောမွန် ဖြစ်ပါတယ်"

မသက်စကားကြောင့် ကျန်တဲ့သူတွေက သူတို့နှစ်ယောက်ကို
အကဲခတ်တော့ စောမွန်က ...

"ဘာဆိုင်လို့ ကျွေးရမှာလဲ"

"အေးလေ"

ကျွန်တော်လည်း ထောက်ခံဟန်ပြောတော့ အိခိုင်က...

"တွေ့လား အတိုင်အဖောက်ကိုညီနေတာပဲ၊ ကဲ အပိုတွေ လုပ်မ
နေနဲ့ နင်တို့နှစ်ယောက် ရည်းစားတော်သွားတဲ့ အထိမ်းအမှတ်လေ"

အခုကျမှ မော်ကြီးနဲ့ မသက်က သဘောပေါက်စွာ စပ်ဖြဲဖြဲနဲ့ ..

"ဒီလို ဒီလိုလား ...."

"ခြော်... လျှပ်ရှားမှုတွေ တယ်မြန်ပါလား မောင်တိုးတိုးနဲ့ မစော
မွန်"

"ဟာ မဟုတ်ပါဘူး"

စောမွန်က ရှက်ကိုးရှက်ကန်းနဲ့ ငြင်းဆန်ရန်ကြိုးစားသေးသည်။
သို့ပေမယ့် အခြေအနေ အကဲခတ်မြန်တဲ့ ဖိုးကုလားက ...

"အခုမှ ဘဲဥလာလုပ်မနေနဲ့"

"မုန်လာဥပါကွာ ...."



www.burmeseclassic.com

www.burmeseclassic.com



"ဥချင်း တူတာပဲကွာ လာ လစ်ကြစို့"

ကုလားရဲ့ ဆော်သြမှုကြောင့် ဘူတာထဲက ထွက်ဖို့ ခြေလှမ်းတွေပြင်တော့ ကျွန်တော်က ညာတာပါတေးနဲ့ စောမွန်လက်ကို လှမ်းကိုင်လိုက်ပါသည်။

စောမွန်က မျက်လုံးပြူးပြူး နှုတ်ခမ်းကိုက်ပြတယ်။ ဟိုအုပ်စုကလည်း ဆံပြိုင်လှမ်းအော်ပါတယ်။

"မ ဟုတ် ပါ ဘူး ဆို"





စောမွန်ရဲ့ စကားဆုံးတော့ အားလုံးက အားတက်သရော ရယ်မိကြပါတယ်။

"ဘာတွေ သဘောကျလို့ ရယ်နေတာလဲကွာ"

တစ်ဖက်ဝိုင်းမှာထိုင်နေတဲ့ (အာခီ)က ဇော်ဝင်းနိုင်တို့အုပ်စုထဲက တစ်ယောက်က လှမ်းမေးပါသည်။

မသက်က လင်းမြင့်ကို ထမင်းသုပ်စားနေရင်းက ပြန်ပြောပါတယ်။

"နင်တို့လူ "အမှား" ကို ဒီက စောမွန်ပိုင်က လာရန်တွေ့တာ အဖြေပါ ပြန်ပေးလိုက်ရတဲ့ဘဝပါရောက်ရောဟေ့"

ဆက်မပြောအောင် မသက်ရဲ့ ခါးကို စောမွန်က လှမ်းတို့အချက်ပြပေမယ့် မရတော့၊ ဟိုဘက်အုပ်စုကလည်း ရယ်ကြပါတယ်။

"ဒီတစ်ခါ အမှန်လို့ပြောရမှာလား၊ အမှားလို့ပြောရမှာလား ကိုမှား"

အမှားကလည်း သွားအကုန်ပေါ် မတတ်ရယ်ပြရင်း တော်တော်ပျော်ရွှင်နေပုံရတဲ့ မျက်နှာနဲ့ ....

"ဟဲ ...ဟဲ မမှန်ကန်သော အမှန်တရားပေါ့ကွယ် ဟုတ်တယ်နော်"

အရေးထဲ အမှားကောင်က စောမွန်ကို လှည့်မေးပြီး မဏ္ဍပ်တိုင်ဘက်ပြနေတော့ ဟိုက နှာခေါင်းရှုံ့ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



စားရင်းသောက်ရင်း စကားတွေလုပြောရင်း ငြင်းခုံဆွေးနွေးခြင်းတွေနဲ့ ဒဂုံတက္ကသိုလ်ရဲ့ နာရီမိနစ်များစွာမှာ ပျော်လွင့်နေကြပါတယ်။

အနာဂတ်ရဲ့ အိပ်မက်သစ်တွေကို သူနဲ့ ကျွန်တော် အတူတူမက်ဖို့အတွက် ကျွန်တော့်မျှော်လင့်ချက်တွေ ပို၍ သစ်လွင်လာခဲ့တယ်။

ကျွန်တော်ဟာ ချစ်သူလာမယ့်လမ်းမှ တာဝန်ကျ မျှော်လင့်ချက်တပ်သားအဖြစ် ဒီနေ့ဒီအချိန်က စပြီး စာရင်းဝင်ခဲ့ပါပြီ။

ဒေဝမလိုဘူး …ဥယျာဉ်မလိုဘူး …ပွေ့ဖက်နမ်းရှိုက်စရာ ယဉ်ကျေးမှုတွေမလိုဘူး၊ အသဲကမ္ဘာရွှေကျောင်းသားဖထီး ဟိုးပထဝီကငှက်ပျောတော အဲဒီစားသောက်ဆိုင် ဒါမှမဟုတ် ကန်တင်းတစ်ခုခုသူမ ဆီကလွင့်ပျံ့လာတတ်တဲ့ ခေါင်းလျှော်ပြီးစ ရှန်ပူရနံ့ကို စိတ်မှန်းနဲ့ ခိုးနမ်းရင်း ကျွန်တော် ကျေနပ်တတ်ပါတယ်။

တစ်ခါတစ်ခါ စိတ်လိုလက်ရရှိရင် သူမက အခုလို မေးတတ်ပါတယ်။

"နှင် ငါ့ကိုချစ်တာ အမှားမဟုတ်ပါဘူးနော်"

အဲဒီအခါ ရောယောင် ပေါယောင်နဲ့ သူမလက်ဖဝါးနုနုကို ဆုပ်ကိုင်းရင်း ကျေကျေနပ်နပ်ပြန်ဖြေဖြစ်ခဲ့တာက …

"ငါ့ဘဝအတွက် ဘုရားပေးတဲ့လက်ဆောင်က ဘဝနဲ့ နှင်ဟာအမြဲတမ်းမှန်နေတဲ့ အမှန်တရားပါ"

အဲဒီအခါ သူမက ကြီးကျယ်ရန်ကောဆိုတဲ့ အကြည့်နဲ့ နှုတ်ခမ်းမဲ့ရင်း…





"ရှုပ်နေတာပဲ"

"ထပ်ရှုပ်ချင်ရင် ရှုပ်ထားလိုက်လေ …"

သူနဲ့ ကျွန်တော်ဟာ ဘာတွေမှန်းမသိ သဘောကျရယ်မောတတ်တယ်။ ဟုတ်ပါတယ် ချစ်သူနဲ့ အတူရှိနေချိန်မှာ ဒါမှမဟုတ် ချစ်ခါစအရာရာဟာ ရယ်မောစရာကောင်းအောင် ကြည်နူးမှုတွေနဲ့ ပြည့်တာပဲဆိုတာ ကျွန်တော် ကောင်းကောင်းကြီးသိခဲ့ပါပြီ။

"နှင်နဲ့ ငါ စတွေ့တာ ကျောင်းသားရေးရာမှာနော်"

ကျွန်တော့်စကားကြောင့် သူမက အပြုံးနဲ့ အခုလို ခေါင်းခါပြပြီး…

"ဘယ်ကလာ၊ အဲဒီကျောင်းသားရေးရာမှာ မတွေ့ခင်လေးတင်သောက်တို့ကို တစ်ပတ်ရိုက်ပြီး စားထားသောက်ထားသမျှကို ကြို…င်းထားခဲ့ခိုင်းတာလေ"

ကျွန်မတောက် မျက်ခုံးမြင့်ပြရင်း သူမကို လက်ညှိုးညွှန်ကာ …

"ဟင် အဲဒီဝိုင်းမှာ နှင်ပါ ဝါတာပေါ့"

"အေးပေါ့"

နှစ်ဦးသား ခုနပြောတဲ့အတိုင်း ရယ်ကြပြန်ပါတယ်။ ဟုတ်တယ်လုပ်စရာမှမရှိတာ ရယ်နေရင်းနဲ့ ညာတာပါတေးနဲ့ သူ့လက်ကို ကိုင်လိုက်နဲ့ တော်တော်ကြီးကို အဆင်ပြေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်လေး ပျောက်ချက်သားကောင်းနေပါလား။ ဘာလ
သရဲလာခြောက်တာလား"

ဂျာနယ်တိုက်ထဲ ကျွန်တော်ဝင်လာတော့ လက်ထောက်အယ်
တာ ကိုစန်းမြင့်နိုင်က သူရဲ့အလုပ်စားပွဲမှာ လူတစ်ယောက်နဲ့ စကာ
ပြောဆိုနေရင်းက အခုလို ဧည့်ခံစကားပြောပါတယ်။

ကိုစန်းမြင့်နိုင်နဲ့ စကားပြောနေသူက ကျွန်တော့်ကို ကျောပေ
ထိုင်နေတာမို့ ထိုသူရဲ့မျက်နှာကို မမြင်ရပါ။

ကွန်ပျူတာစာရေးမလေးအချို့ကို စာလုံးဒီဇိုင်းပြင်ဆင်ဖို့ ညွှ
ကြားနေသူ ဒီဇိုင်းနာ ကိုလေးမိုးက ကျွန်တော့်ကို လှမ်းစနေပါသည်

"ဟော့ကောင် မင်းရဲ့အမှားတွေ အဝင်ဝမှာ ထားခဲ့ရဲ့လား"

"ဟင့်အင်း၊ ကျွန်တော် ခင်ဗျားကို လွှဲပြောင်းပေးဖို့ တစ်ခါတည်
ယူလာပါတယ်"

ကျွန်တော့်စကားကြောင့် အချို့တို့အုပ်စုက ရယ်ကြပါသည်။ ဒီလ
ပါပဲ ဒီဂျာနယ်တိုက်က အယ်ဒီတာချုပ် ဘဘသက်က ကျွန်တော့်တကြ
တော်သူမို့ ဒီကဝိုင်းတော်သားတွေနဲ့ ကျွန်တော်က တော်တော်ရင်းနှ





နေပါသည်။ မြို့ထဲရောက်ရင် ရောက်သလို သူဝင်ထွက်သွားလာနေ
သူပါ။

"ဘဘ ဘယ်သွားလဲ"

"အနီးနားက လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင်မှာ ရှိမှာပေါ့"

ကိုလေးမိုးစကားကို ခေါင်းညိတ်ပြရင်း စာမူတစ်ထပ်နဲ့ အလုပ်
ရှုပ်နေတဲ့ နိုင်စိုးဆီသွားရင်း သူ့ရှေ့ကခုံမှာ ဆွဲယူထိုင်လိုက်ပါတယ်။
နိုင်စိုးက စာမူတစ်ထပ်နဲ့ အလုပ်ရှုပ်နေရာမှ ...

"ဟော့ကောင် ပြီးရင် ငါ့ကို လက်ဖက်ရည်တိုက်သွားဦး"

"မင်းက ကြာဦးမှာလား"

"အဟီး ဘာအလုပ်မှမရှိဘူး၊ အဘ လာရင် အမြင်ကောင်းအောင်
အလုပ်ရှုပ်ပြနေတာ"

နိုင်စိုးဆိုတဲ့ကောင် အဲဒီလိုကောင်ပါ။ ကော်လံကတုံးနဲ့ မျက်မှန်
အကြည်နဲ့ တော်ရုံတန်ရုံလူများ ဂျာနယ်တိုက်ထဲဝင်လာရင် ဒီကောင့်
ကို အယ်ဒီတာချုပ်လောက်ထင်အောင် နေတတ်ထိုင်တတ်သည်။

"ဟော့ကောင်လေး လာဦး"

ဧည့်သည်နဲ့ စကားပြောဆိုနေတဲ့ ကိုစန်းမြင့်နိုင်က အယ်ဒီတာ
စားပွဲက လှမ်းခေါ်နေတာကြောင့် ကျွန်တော်က နိုင်စိုးကို ခပ်တိုးတိုး
ပြောမိသည်။

"ဒီလူကြီး ဘာတွေအလုပ်ပေးဦးမလဲမသိဘူး၊ ကိစ္စပြီးရင် လာခဲ့
မယ် နိုင်စိုး"



www.burmeseclassic.com

www.burmeseclassic.com



နိုင်စိုးက ရယ်ပြီး ပခုံးတွန့်ပြသည်။ ကျွန်တော် ကိုစန်းမြင့်
စားပွဲရှေ့ရပ်မိတော့ ...

"ထိုင်ဦး၊ ငါသူငယ်ချင်းနဲ့ မိတ်ဆက်ပေးရဦးမယ်"

ကျွန်တော် ညွှန်သည်ဘေးမှာ ဝင်ထိုင်ပြီး ညွှန်သည်ကို လှ
ကြည့်မိပါတယ်။ ညွှန်သည်ကလည်း အပြုံးနဲ့ ကျွန်တော့်ကို လှ
ကြည့်ပြီး ...

"ဟုတ်ကဲ့ ကျွန်တော် Blue Blood ကုမ္ပဏီက ..."

မိတ်ဆက်ပေးတဲ့ ညွှန်သည်ရဲ့ စကားတောင် မဆုံးလိုက်
ပထမဦးဆုံး မျက်ခုံးတွေမြင့်တက်သွားပါတယ်။ နောက်တော့ ပါး
ကြီး ဟလာပါတယ် ။နောက်တော့ မျက်နှာကြီးရဲလာကာ ...

"မင်း... မင်း..."

"ဒီကောင်နာမည်က မင်းမင်းမဟုတ်ဘူးကွ၊ တိုးတိုးလို့
တယ်၊ မင်းနဲ့ သိလို့လား"

ကိုစန်းမြင့်နိုင်က အခြေအနေကို သဘောမပေါက်စွာ ခပ်
အေးပြန်ဖြေသံကြောင့် ထိုလူမှာ ကျွန်တော့်ကို မေးကြောကြီး
အောင် အံကြိတ်ထားရင်းက ခေါင်းခါကာ ...

"မသိပါဘူး သိလဲမသိချင်ဘူး၊ ကဲ ငါသွားမယ် စန်းမြင့်၊ ငါ့ကုမ္ပ
ကြော်ငြာကိစ္စအတွက် မင်းကို ညနေစောင်းလောက်မှပဲ ဖုန်းဆက်
လှမ်းပြောလိုက်တော့မယ်"

"ဘယ်လိုဖြစ်တာလဲဟ"





ကျွန်တော်က သက်ပြင်းချရပါသည်။ ဒီလူ ကျွန်တော့်အပေါ်
တော်တော်အမြင်ကတ်တစ်ဖက်စောင်းနင်းဖြစ်နေပုံရပါသည်။ ကျွန်တော့်
ကို တချက်စောင်းငဲ့ကြည့်ပြီး ...

"ကဲ ငါသွားမယ် စန်းမြင့်၊ ညနေငါးနာရီလောက် ဖုန်းဆက်လိုက်
မယ်"

"စိတ်ချ ငါရှိနေဦးမှာပါ မင်းပိုင်"

ကိုမင်းပိုင်ဆိုတဲ့ ပုဂ္ဂိုလ်က ကိုစန်းမြင့်နိုင်ကို နှုတ်ဆက်ပြီး စားပွဲ
ပေါ်က သူ့ပိုက်ဆံအိတ်ကြီးကို ကောက်ကိုင်ကာ ချိုင်းကြားညှပ်ပြီး
ထိုင်ခုံမှ ထရပ်တော့ ...

"ဟား"

ဘယ်လိုအပြေးအတေးနဲ့များ ဒီကိုမင်းပိုင်ဆိုတဲ့လူနဲ့ ကျွန်တော့်
ကို ကံတရားက တည့်တည့်ကြီးလာဆုံပေးသည်မသိပါ။ ထိုလူက
ကျွန်တော်နဲ့ ဘေးချင်းကပ်ရင်ပေါင်တန်းထိုင်နေရာမှ အထ ဘယ်
အချိန်ကတည်းက ကျွန်တော် စစထိုင်ထိုင်ချင်း ပုံကျနေတဲ့ သူ့လုံချည်
အောက်နားစကို အမှတ်တမဲ့ နင်းမိထားသည်မသိ၊ အခုတော့ ...
အောက်ခံဘောင်းဘီအဖြူလေးဝတ်ထားတော့ တော်ပါသေးသည်၊
ဖြစ်ဖြစ်ချင်းမို့ အံ့ဩနေပုံရပါသည်။ ကျွန်တော့်ကိုတစ်လှည့် ကိုစန်းမြင့်
နိုင်ကိုတစ်လှည့် ကြည့်ပြီး နောက်မှ ဒေါသက အတုံးလိုက် အတစ်
လိုက်ထွက်လာပုံရကာ ....

"မင်း... မင်း..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ကျွန်တော် အမှတ်တမဲ့ နင်းမိတာပါဗျာ၊ ကျိန်ဆို ကျိန်ရဲပါတယ်"

လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ရင်း အံကြိတ်တောက်တခေါက်ခေါက်နဲ့ ကိုမင်းပိုင့်ရဲ့ ဒေါသမျက်နှာကြောင့် ကျွန်တော်မှာ အကြောက်အကန် တောင်းပန်နေရပါသည်။

"ဟုတ်ပါတယ် မင်းပိုင်ရာ ဒီကောင်လေး အမှတ်မဲ့ မှားမိတာပါ"

"တောက် မင်းမသိဘူး စန်းမြင့်၊ ဒီကောင် အမှတ်တမဲ့အမှားတွေမှာ ငါ ဘယ်လောက်တောင် ခံရပြီးပြီလဲဆိုတာ ဒီကောင့်ကို မေးကြည့်ပါကွာ စိတ်ရှိလက်ရှိ လုပ်လိုက်ရရင်ဖြော သေတော့မယ်"

"စိတ်ထိန်းပါ အစ်ကိုရာ"

ကျွန်တော်ပြောမှ ဒီလူက ပိုဒေါသထွက်ပြနေပြန်သည်။

"စိတ်ထိန်းရအောင် မင်းက ငါ့ကို အရူးလို့ပြောချင်တာလား"

"ဟင် ကျွန်တော် အဲဒီလိုပြောမိလို့လား"

ကျွန်တော် မသိလို့ မသိကြောင်း ပြောတော့လည်း ဒီလူက ပို၍ပို၍ဆိုးရွားသောဒေါသကို ထွက်ပြပါသည်။ အဲဒီဒေါသတွေသာ သုံးစားလို့ရရင် ဒီလူ တော်တော်ချမ်းသာမှာပါပဲ။

"စိတ်လျှော့လိုက်ပါကွာ ငါ ကြားကတောင်းပန်ပါတယ်"

ကိုစန်းမြင့်နိုင်ကလည်း ကြားကမနေသာ ဝင်တောင်းပန်နေရပါတယ်။ ရုံးအဖွဲ့သူ အဖွဲ့သားတွေကလည်း ပြုံးစေ့စေ့နဲ့ ကျွန်တော်တို့





ကို လှမ်းကြည့်နေပါတယ်။ ကိုမင်းပိုင်ကတော့ လုံချည် သေချာပြင်ဝတ်ရင်း အိတ်ကိုချိုင်းကြားညှပ်ကာ ပါးစပ်က ပွစိပွစိနဲ့ မန်းမှုတ်ရင်း ရုံးထဲကနေ ထွက်သွားပါတယ်။

"ဂွီး ဒီလူနဲ့က ဆုံပဲဆုံနိုင်လွန်းတယ်"

ခြေပစ်လက်ပစ် ခုံမှာမှီချော့ထိုင်ကာ သက်ပြင်းကိုချ ပြောမိတော့ နိုင်စိုးက ကျွန်တော့်ဆီလျှောက်လာရင်း ...

"မင်းနဲ့ ဒီလူနဲ့က ဘယ်လိုဆုံ ဘယ်လိုပြဿနာတွေဖြစ်လာလို့လဲ ပြောစမ်းပါဦး"

"အေးလေး ...မင်းတို့ ဘယ်လိုတွေ့ခဲ့ကြတာလဲ"

ကိုစန်းမြင့်နိုင်ကလည်း ဒီအကြောင်းတွေကို သိချင်နေပုံရပါသည်။ ကျွန်တော်က ကိုမင်းပိုင်နဲ့ ကျွန်တော် ကိုကြီးစိုးတို့ဆိုင်မှာ ဖြစ်ခဲ့သမျှကို အားလုံးကို ပြောပြရပါသည်။ အားလုံးကတော့ တဝါးဝါးတဟားဟားနဲ့ သဘောကိုကျနေတာပဲ၊ ကျွန်တော့်မှာသာ စာမွန်ကို ဘယ်လိုပြောရပါ့မလဲလို့ စဉ်းစားရင်းနဲ့တောင် ရူးချင်စိတ်ဖြစ်လာမိပါတယ်။

⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com



"သမီး နေ့လယ်အ ၁းရင် မေမေနဲ့ အပြင်လိုက်ခဲ့ပေးနော်"

သူမက ဝတ္ထုတစ်အုပ် ကော်ဖီတစ်ခွက်နဲ့ ဖိမ်ကျနေရာမှ မေမေ အသံကြောင့် မေမေ့ကို လှမ်းကြည့်မိလိုက်သည်။ မေမေကတော့ ငါး ပွင့်တွေကို ဓာဂနာတစ်လက်နဲ့ ကတ္တီပါဗန်းအနက်လေးပေါ်မှာ ရွေ ချယ်စိစစ်နေတာကိုတွေ့မိသည်။

"ဘယ်လဲ မေမေ"

"မမြတို့ပြောတဲ့ ဗေဒင်ဆရာက သိပ်မှန်တယ်လို့ပြောလို့ သွား မေးကြည့်မ ို့ သမီးရဲ့"

"ဟာ ...မေမေကလဲ သမီးမလိုက်ချင်ဘူး။ အန်တီလေးကို ခေါ် သွားပါလား"

"ဩော် ... ညဦးအခေါ်က ဒီနေ့ ဥပုသ်စောင့်တယ်လေ၊ လိုက်ခဲ့ ပေးပါ သမီးရယ်၊ မေမေ့သမီးက လိမ္မာပါတယ်"





သူမကတော့ နှုတ်ခမ်းကြီးစူပြီး မေမေ့ကို မကျေမနပ်ကြည့်ကာ စာအုပ်ကို အာရုံပို့မယ်ကြံတုန်း ...

"စောမွန် ...စောမွန်"

အိမ်ရှေ့ကို ကားရပ်လို့ကားပေါ်က ဆင်းကတည်းက အခုလို အသံကျယ်ကြီးနဲ့ အပြင်ကပါ ခေါ်သကို တစ်ပါတည်း ယူလာဟန်တူ သော ကိုကိုရဲ့ ပုံမှန်အနေအထားမဟုတ်ဟန်ကြောင့် စာအုပ်ကို ပစ်ချ ရင်း ဒီနေ့ ကံမကောင်းပါလားလို့ ညည်းလိုက်ချင်ပါသည်။

"ဟဲ့ ဘာဖြစ်လာတာလဲ"

မေမေ့ဘေးမှာ ဆောင့်ကြီးအောင့်ကြီးနဲ့ ထိုင်ချလိုက်ပြီး သူမကို ခပ်စူးစူးနဲ့ လှည့်ကြည့်နေတဲ့ ကိုကို့ကို မေမေက စိတ်မရှည်ဟန်နဲ့ မေးပါသည်။

"စောမွန် အဲဒီကောင်က ဘယ်သူလဲ၊ နင့်ကောင်လား၊ ဒီကောင် ဟာ..."

မေမေက မျက်လုံးပြူးသွားရင်း စိန်တွေရွှေတွေ သတိမရတော့ ဘဲ သူမကို ပြူးတူးပြဲတဲကြည့်လာပါသည်။

"ကိုကို ဘာဖြစ်လာတာလဲ၊ ဘယ်သူ့ကိုပြောတာလဲ"

ကျွန်မပြောမှ ပိုဆိုးပါတော့သည်။ လက်ဖဝါးပေါ်ကို လက်သီးနဲ့ တဖတ်ဖတ်ထိုးရင်း အံကြိတ်သံကြီးနဲ့ ...

"ဘယ်သူရှိရမှာလဲ ဟိုတစ်ခါ စန္ဒာနဲ့ စကားပြောတုန်း ငါ့ကို အရှက်ရအောင် လုပ်တဲ့ကောင်လေ အခုလဲ ငါ့ကို ဂျာနယ်တိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်သွားပြန်ပြီး၊ တောက် ဒေဝဒတ် အိုစမာဘင်လာဒင် ဟစ်တလာတို့ထက် ကောက်ကျစ်တဲ့ကောင်၊ အဲဒီကောင်က နင့်ကောင် မဟုတ်လား စောမွန်၊ ငါ သတင်းတွေကြားတယ်နော်”

“ဟုတ်လား သမီး ညည်းအစ်ကိုပြောတာ အမှန်တွေပဲလား”

သူမ သက်ပြင်းချရင်း စိတ်ထဲကနေ မောင်တိုးတိုးကို မေတ္တာတွေ တစ်ထပ်ကြီးပို့မိသည်။ ကိုကိုနဲ့ ပြဿနာမဖြစ်ပါစေနဲ့၊ အမှားမလုပ်မိပါစေနဲ့လို့ အကြိမ်ကြိမ်အခါခါ ပြောထားပါရက်နဲ့ ....

“ဘယ်က ရည်းစားဖြစ်ရမှာလဲ ကိုကိုရာ၊ ကျောင်းမှာ တွဲဖော်တွဲဖက် သူလိုငါလို သူငယ်ချင်းပါ၊ စိတ်ညစ်တယ် တကယ်ပဲ ကျောင်းအားရက်လေး နားနားနေနေ နေရမလားလို့၊ တော်ပြီ ကိုယ့်အခန်းထဲမှာ ကိုယ်နေတာပဲ ကောင်းတယ်”

စာအုပ်ကို ယူပြီး ကော်ဖီခွက်ကိုမ,ကာ အပေါ်ထပ်က သူမရဲ့အခန်းဆီကို လှေကားအတိုင်း ခြေဆောင့်ကာတက်လာမိသည်။ သူမစိတ်ဆိုးသွားပြီထင်လို့ ကိုကိုနဲ့ မေမေက ဆက်မပြောတော့ သူမ အခုလို ထွက်မလာမချင်း ကိုကိုတစ်ယောက် မေးလို့ဆုံးတော့မည်မထင်။ လှေကားတစ်ဆစ်ချိုးအကွယ်ရောက်တော့ ပခုံးတွန့်ပြီး ရယ်ချမိသည်။ နောက်မှ အောက်ကိုသိသွားမှာစိုးသဖြင့် အောက်ဆီအသာချောင်းကြည့်ကာ အပေါ်ထပ်က အခန်းဆီကို အမြန်ပြေးတက်မိပါသည်။

“ခွေးကောင် ဘာတွေ အမှားလုပ်ပြန်ပြီလဲ မသိဘူး”

ဘယ်ဘဝထဲက အမှားလုပ်ပါ့မယ်လို့ ကျမ်းသစ္စာကတိပြုထား





သည့် မသိတဲ့ကောင်လေး ...

နမော်နမဲ့နဲ့ လွဲမှားခြင်းကို ဆုတံဆိပ်တွေရလောက်အောင် ပိုင်နိုင်ကျွမ်းကျင်တဲ့ သူမရဲ့ ရည်းစား ...

“နင့်ကြောင့် စိတ်ညစ်တယ်ဟာ”

အခုအချိန်မှာ အဲဒီစကားကလွဲပြီး သူမမှာ ပြောစရာစကားမရှိတော့ပါ ....



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကြောင့်တော့ တော်တော်ခက်တယ်ဟာ၊ ပထမပြဿနာက မပြီးသေးဘူး ဒုတိယပြဿနာက စ,ပေါ်လာပြန်ပြီး စိတ်ညစ်တယ် တာကယ်ပဲ"

စောမွန်က ကျွန်တော်ထိုင်နေတဲ့ အမှတ်တရဆိုင်လေးထဲ ဝင်လာရင်း ရောက်ရောက်ချင်း အခုလိုပြောပါတယ်။ ကျွန်တော် စောမွန် ဘာကိုရည်ရွယ်ပြီးပြောတယ်ဆိုတာကို သိနေတာကြောင့် ...

"ငါ တမင်လုပ်တာမှ မဟုတ်တာဟာ သူ့ဘာသာသူဖြစ်သွားတာ၊ တကယ်ပါဟာ ငါ ကျိန်ဆိုကျိန်ပြောရဲပါတယ် စောမွန်ရယ်"

စောမွန်က ကျွန်တော့်ကို မျက်စောင်းထိုးကြည့်ရင်း ...

"ငါကတော့ ယုံတာပေါ့ဟာ၊ ငါ့အစ်ကိုက အိမ်ရောက်ရောက်ချင်း ငါ့ကို ပြောလိုက်ဆိုလိုက်တာဟာ နားကိုငြီးနေတာပဲ"

"ဟုတ်တော့လဲဟုတ်ပါတယ်ဟာ၊ ငါ့ကံအကျိုးပေးကိုက ဒီလို





အားမျိုးနဲ့ သံသရာလည်နေတာ၊ ဘယ်လိုလုပ်ရမှန်းလဲမသိပါဘူး ဟာ"

ကျွန်တော့်ရဲ့ စိတ်ပျက်လက်ပျက်အသံကြောင့် စောမွန်က တည်ည်ငြိမ်ငြိမ်လေး စူးစိုက်ကြည့်ရင်း ...

"အေးပါလေ သူ့ဘာသာသူ ဖြစ်နေတော့လဲ အခက်သားဟာ၊ နောက်ဆို သတိထားပြီး ဆင်ခြင်ပေါ့ဟာ"

ကျွန်တော် စိတ်ပျက်လက်ပျက် ခေါင်းယမ်းပြရင်း ...

"မထင်ပါနဲ့ဟာ၊ သတိထားပြီး ဆင်ခြင်လေ ပိုဆိုးလေးပဲ၊ အဲဒီ အားဆိုတာကြီးက ငါ့အလစ်ကို ကျားချောင်းချောင်းပြီး ချောက်ထဲ တွန်းချနေတာ ငါသိတယ် စောမွန်"

ကျွန်တော်ရဲ့ နာနာကြည်းကြည်းစကားတွေကြောင့် ကျွန်တော့် ငေးကြည့်နေတဲ့စောမွန်က နှုတ်ခမ်းပါးပါးလေးကို ကိုက်ပါတယ်။

စောမွန် ကျွန်တော်ကိုသိပ်ချစ်တယ်ဆိုတာလည်း ကျွန်တော် သိတယ်။ ကျွန်တော်ကလည်း စောမွန်ကို သိပ်ချစ်ခဲ့တာ စောမွန်လည်း သိပါတယ်။ ကိုယ့်ချစ်သူဘက်ကနေ ကာကွယ်ပေးတဲ့ စောမွန်ကို ကံကြီးလှခြင်းရဲ့ အကြေး ကျေနပ်ပါ့မလား ...

ချစ်သူရဲ့လက်ကို ဆုပ်ကိုင်ရင်း အရပ်လေးမျက်နှာက ရင်ဆိုင်လာမယ့် ရန်သူတွေကို ကျွန်တော် ရင်ဆိုင်ရဲပါတယ်။

အိပ်မက်ဟောင်းတွေ စွန့်ခွာချ အိပ်မက်အသစ်တွေ ရင်ဘတ်ထဲ ထည့်ထည့်ပြီး တိုက်ပွဲဆီကိုသွားဖို့ ကျွန်တော် နောက်တွန့်တတ်သူ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါ။

"ဟဲ့..."

တစ်ယောက်နဲ့တစ်ယောက်ငေးကြည့်နေရင်း နောက်က ပခုံး ပုတ်ကာခေါ်လိုက်သံကြောင့် လှည့်ကြည့်တော့ သူ့ကို မတ်တတ်ရပ် ကာပြုံးပြနေတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ရပါတယ်။

"ဟာ ယင်းမာ နင် ဘယ်လာတာလဲ"

"ဒီဘက်က သူငယ်ချင်းတစ်ယောက်ဆီလာရှာတာ၊ မတွေ့ပါဘူး ဟာ နင့်ကိုတွေ့တာနဲ့ ဝင်လာတာ"

"လာ ထိုင်ပါဦး အေးအေးဆေးဆေးပေါ့ ဘာသောက်မလဲ"

"လက် ကျ်ရည်ပဲလုပ်ပါဟာ"

လက်ဖက်ရည်သူ့ လှမ်းမှာပေးပြီးတော့ သူ အခုမှ သတိရကာ

"ဒါ ငါ့ရဲ့ ချစ်ချစ် စောမွန်ပိုင်၊ အာဓိက"

ကျွန်တော့်ရဲ့ မိတ်ဆက်ပေးပုံကြောင့် ကျွန်တော့်လက်ခုံကို စောမွန်က ရှက်ကိုးရှက်ကန်းနဲ့ လှမ်းရိုက်ပါတယ်။ ယင်းမာက သဘော ကျပုံရကာ ပြုံးနေပါသည်။

"ကျွန်မနာမည်က ယင်းမာလို့ခေါ်ပါတယ်၊ ပထဝီကလေ"

"ကျွန်မတွေ ဘာတွေလုပ်မနေနဲ့ ငါလိုပဲ ရင်းရင်းနှီးနှီးပေါင်းပါ ဟာ၊ သဘောကောင်းပါတယ်၊ ပိုက်ဆံမချေးဘူးစိတ်ချ ...."

ကျွန်တော့်အပြောကြောင့် မိန်းကလေးနှစ်ယောက်ကရယ်ကြပါ တယ် ...





"ဟူး ပူလိုက်တာကွာ"

စားပွဲပေါ်ကို အသံမြည်အောင် စာအုပ်ကိုပစ်ချလိုက်ရင်း အင်္ကျီ ကိုဟကာ အပူသက်သာအောင်ခါရင်း မော်ကြီးက ပြောလည်းပြော ခင်လည်းထိုင်ပါတယ်။

"မင်းတစ်ယောက်တည်းလား"

ကျွန်တော်က အခုလိုမေးတော့ မော်ကြီးက ယင်းမာကို တစ်ချက် သိမသာကြည့်ပြီး လမ်းမဘက်ကို မေးဆတ်ပြပါတယ်။ ကျွန်တော် လမ်းမဘက်ကို လှည့်ကြည့်တော့ လမ်းမပေါ်မှာ နေရာအပြည့်ယူရင်း တစ်ယောက်ကို တစ်ယောက် စ,နောက်နေတဲ့ ကုလားတို့ တစ်သိုက် ကို လှမ်းမြင်ရပါသည်။

"ဒီမှာ မင်းတို့က အကြည်ဆိုက်နေတယ်ပေါ့၊ ဘယ်တစ်ဖက် ညာ တစ်ရနန့် ... ဟဲဟဲ"

"ဟဲ့ ..."

ကုလားက ဘယ်သူဘယ်ဝါမသိသေးဘဲ ဝင်ဝင်ချင်း စ,လှမ်း နောက်ကာ ပြောတော့ မသက်က အားနာဟန်နဲ့ လှမ်းဟန့်ရပါသည်။ ယင်းမာက အပြုံးတောင်မပျက်ပါ။

"ကဲကဲ မင်းတို့ကို သူနဲ့ မိတ်ဆက်ပေးရဦးမယ်"

"ဟာ ဒီအတိုင်းတော့ မကောင်းပါဘူး၊ အကျွေးအမွေးလေးနဲ့မှ သူ့ရာဝင်မှာ"

ကုလားက ဗိုက်ကိုပွတ်ရင်းပြောတော့ ညီညီဝေက ..."ငတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုကျတယ်" လို့ လှမ်းပြောတော့ ယင်းမာက ...

"ရပါတယ် အဲဒီအစီအစဉ်လေးက ပိုကောင်းတာပေါ့၊ ကျွန်
အဲ..."

ပြောလက်စ စကားတန့်သွားရင်း ကျွန်တော့်ကို လှမ်းကြည့်ကာ
မျက်လုံးဝိုင်းပြီး...

"ငါ့ကျွေးမှာပေါ့ ..."

"ကဲ မှာပြီ ..."

မော်ကြီးနဲ့ ကုလားက သူတို့စားချင်းတာ အလုအယက်မှာ
သည်။ ညီညီ၊ မသက်၊ အိချိုတို့က အားနာဟန်နဲ့ အအေးလောက်
မှာတော့ ယင်းမာက ...

"စောမွန် ပြောလေ ...မှာစရာရှိတာ မှာကြပါ"

"အေးလေ မှာပါဟာ၊ နင်တို့မှာပြီးရင် မိတ်ဆက်ပေးမယ် နော
လဲ ရင်းနှီးတော့မယ့်ဟာကို ကဲ ... ငါအရင်မှာမယ် ..."

စောမွန်ဝင်ပြောတော့မှ ညီညီတို့က မူလဗီဇအတိုင်း အားမနာ
လျှာမကျိုး မှာပါတော့သည်။

"မိတ်ဆက်ပွဲ စ,တော့မလား"

ကျွန်တော်က မိတ်ဆက်စကားစ,တော့ မော်ကြီးက လက်ကာ
တားရင်း ....

"နေပါဦး အစားအသောက်တွေတောင် မလာသေးဘူး၊ တော်
ကြာ မိတ်ဆက်ပွဲ အထမမြောက်ဘဲဖြစ်နေဦးမယ်"





မော်ကြီးစကားကြောင့် အားလုံးက ရယ်ကြပါသည်။ ဒီလိုနဲ့
အစားအသောက်တွေ ရောက်လာတယ်ပဲဆိုရမှာပေါ့။

"ကဲ ငါ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးရဦးမယ်"

"လက်ဆွဲ နှုတ်ဆက်ရမှာလား ...အဟီး ..."

ကုလားရဲ့ ပြောင်ချော်ချော်စကားကြောင့် ယင်းမာကလည်း
အားကျမခံ ...

"အဲဒါက ရိုးသွားပြီ ခြေထောက်ဆွဲပြီး နှုတ်ဆက်ကြမယ်"

ကုလားရဲ့မျက်နှာ ရှုံ့မဲ့သွားတာကြောင့် မသက်က...

"ကောင်းတယ် " လို့ ထောပနာပြုပါတယ်။ ကျွန်တော် ဝင်မပါ
ချင်း စကားက လိုရင်းကိုရောက်မှာ မဟုတ်တော့တာကြောင့်...

"ကဲ နေကြပါဦး"

"နေမကျပါဘူး မော့ကြည့်ပါဦး ခေါင်းတည့်တည့်မှာ"

"တော်ပါတော့ကွာ"

"တော်ပါတယ် ငါ့အတိုင်းနဲ့ ငါ ချုပ်ထားတာ"

ဘယ်လိုမှ ပြောလို့မရတဲ့အဆုံး ကျွန်တော် ခေါင်းကုတ်တော့
အားလုံးက ရယ်ပါတော့သည်။ အဲဒီကျမှ စောမွန်က ...

"ကဲ... ငါပဲ မိတ်ဆက်ပေးမယ်၊ သူ့နာမည်က ယင်းမာ၊ ပထဝီ
ဓာမနှစ်ကျောင်းသူ"

"ယင်းပြီး မာတော့ ဘာအနာလဲ"

ကုလားက နောက်ဖြစ်အောင်နောက်လိုက်သေးတော့ ယင်းမာ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အားကျမခံ...

"မိန်းမ ဒူလာ ..."

"အေး ..အဲဒါဆို သူငယ်ချင်းဖြစ်သွားပြီ"

ကုလားက လက်သန်းကို ချိတ်ပုံစံကွေးပေးတော့ ယင်းမာက
လည်း ဒီကောင်လို လုပ်ပြကာ လှမ်းချိတ်လိုက်ပါသည်။

"သူက ညိုညို့ဝေ၊ သူက အိအိခိုင်၊ ဒီဘက်က မသက် ငါနဲ့ တ
မေဂျာတည်း။ ဒီဘက်က အသားညိုမွဲမွဲလေးက ဇော်သက်ထွန်း ခေါ်
ကုလား ခေါ် တရုတ်အမည်း"

"ဘာလဲ တရုတ်အမည်း"

ယင်းမာက သိပုံမရလို့ စောမွန် ကိုမေးတော့ ကုလားက ကို
တိုင်ဝင်ဖြေပါတယ်။

"ကျွန်တော်က တရုတ်ဖြစ်ပြီး မည်းလို့ တရုတ်အမည်းလို့ခေါ်တာ"

ယင်းမာက ကုလားအဖြေကြောင့် သဘောကျစွာရယ်ပါတော
သည်။

"ဒီဘက်က အောင်မော် ခေါ် မော်ကြီး ...၊ ဒီတစ်ရှဉ်းက အမ
များစွာသောပုဂ္ဂိုလ်နဲ့ တစ်မေဂျာတည်းပဲ"

'နင်တို့တွေ မေဂျာမတူဘဲနဲ့ တွဲဖြစ်တယ်နော်"

"နင်ကျတော့ရော..."

ကျွန်တော်က မနေနိုင်မထိုင်နိုင် ဝင်ပြောတော့ ယင်းမာကရ
ပါတော့သည်။ အဲဒီနေ့က စားထားသမျှကို ရှင်းကြတော့ သူ ရှင်းမေ





ချင်းမယ်နဲ့ မိန်းကလေးတွေက ဖြစ်နေကြပါတယ်။ ကျွန်တော်တို့က
တော့ ထုံးစံအတိုင်း ဟိုအိတ်ကပ်စမ်း ဒီစမ်းနဲ့ အရှုံးကွက်နှင်းတယ်လို့
ပြောရမှာပေါ့ ....


⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com





သူ့ကိုချစ်မိတာကိုက
အကျင့်ပါသွားတာ ...။
ထစ်စတစ်စနဲ့ ရင်နဲ့အုပ်ပြီး ..
ဖမ်းထားတဲ့ ရင်ခုန်သံတွေ ...
ရင်ထဲမှာ ပြည့်နှက်လာတယ် ....။

*DNK*





"ဟဲ့ ဆိုင်ထဲမှာ နင့်ယောက္ခမကြီးရှိတယ်၊ ဘယ်သူလဲ ကိုယ့်ဘာသာ အဖြေရှာကြည့်"

ညိုညိုက အခုလိုပြောတော့ မသက်က ပြုံးသည်။ ကျွန်မနဲ့ အိခိုင် မသက်တို့နဲ့အတူ မသက်တို့လမ်းထိပ်က ဆိုင်မှာ ဟိုသကောင့်သားကို စောင့်ရင်း ညိုညိုက အခုလိုပြောခြင်းဖြစ်ပါသည်။

ကျွန်မ ဆိုင်ထဲကိုကြည့်တော့ ဇနီးမောင်နှံစုံတွဲတစ်တွဲ၊ နောက်ပြီး ငါးနှစ်အရွယ်ကလေးတစ်ယောက်နဲ့ အသက်သုံးဆယ်နီးပါး မိန်းမတစ်ယောက်နဲ့ သားအမိနှစ်ယောက်၊ အမေက သားကို မျက်ခြည်မပြတ် စောင့်ကြည့်နေပါတယ်။ ဒီအသက်အရွယ် ကလေးလေးကတော့ သူ့ယောက္ခမ မဖြစ်နိုင်။ နောက် အလုပ်စကားပြောဆိုနေတဲ့ လူငါးယောက် အသက်သုံးဆယ်အရွယ်လူလတ်ပိုင်းတစ်ဦး၊ နောက် အသက်လေးဆယ့်ငါးနီးပါးအရွယ် လူကြီးနှစ်ဦးနဲ့ အဲဒီအရွယ် မိန်းမတစ်ယောက် နောက်ဆုံးဝိုင်းက အသက်လေးဆယ်ကျော်ကျော် အရွယ် လူကြီးတစ်ဦး။



www.burmeseclassic.com

www.burmeseclassic.com



ပထမဦးဆုံး အလုပ်စကားပြောဆိုနေတဲ့ လူငါးယောက်ဝိုင်းကို
အရင်ဆုံးလေ့လာဖို့ တွေးမိလိုက်သည်။ နဖူးပြောင်ပြောင်နဲ့ ဦးလေး
ကြီးရဲ့စကား ကျန်လေးယောက်က စိတ်ဝင်တစားနား ထောင်နေပါ
သည်။ ဟိုသကောင့်သားနဲ့ မျက်နှာပေါက်ချင်းနီးစပ်နိုင်မယ့် အနေ
အထားကို ခန့်မှန်းဖို့ စဉ်းစားနေတုန်းမှာ ....

"ဟိုလူကြီး ကျိန်းသေတယ်ဟာ ..."

အိခိုင်က ရုတ်တရက်ထပြောတော့ အိခိုင်မေးဆတ်ပြရာကိုလှမ်း
ကြည့်မိသည်။ အိခိုင်ရဲ့အဖြေကြောင့် ညိုညိုနဲ့ မသက်ကတစ်ယောက်
ကို တစ်ယောက်လှမ်းကြည့်နေရင်း မသက်က စပြီး ...

"နင် ဘယ်လိုသိလဲ ..."

အိခိုင်က သေချာတဲ့ အောင်နိုင်သူအပြုံးနဲ့ ...

"ဟဲ ဟဲ ဆက်ပြီးရှုစားကြည့်ပါဦး၊ သူ့လှုပ်ရှားမှုတွေက အဖြေ
တွေချည်းပဲ"

အိခိုင်ရဲ့စကားကို ညိုညိုနဲ့မသက်က နားလည်ပေမယ့် ကျွန်မ
က နားမလည်၊ ဒါကြောင့် ကျွန်မတို့ရဲ့ပစ်မှတ်ကြီးတစ်ခုဆီ အာရုံပြန်
မိပါတယ်။ ထိုလူကြီးသည် ကျွန်မကြည့်နေတုန်းမှာ အိကြာကွေးကြီး
ကို ခပ်ဖြည်းဖြည်းချင်းလှမ်းကိုင်ကာ ထောင်ကြည့်ရင်း ဇဝေဇဝါဖြစ်နေ
ပုံနဲ့ (တစိမ့်စိမ့်ကြည့်) အဲဒီ သီချင်းရဲလေးလို ကြည့်နေပါသည်။ နောက်
တော့ သက်ပြင်းကြီးချကာ မူလ်နေရာမှာပြန်ထားရင်း စားပွဲပေါ်မှာ
မေးလေးထောက်ကာ စမူဆာဘက်ကို မျက်စေ့လေးစွေကြည့်လိုက်ပါ





သေးတယ်။

အဲဒီလူကြီးလုပ်ပုံတွေကြောင့် ကျွန်မ မရယ်မိအောင် မနည်းကြိုး
စားရပါတယ်။ အဲဒီအချိန်မှာ ကျွန်မတို့ရဲ့ ဓာတ်လိုက်ကျော်ကြီး အမှား
ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီး ကိုတိုးတိုး ဝင်ချလာပါတယ်။ ဝင်ထိုင်ထိုင်
ချင်းပဲ ကျွန်မကို အခုလိုပြောပါတယ်။

"အချစ်ရယ် ကောင်းကင်ကကြယ်တွေ အရည်ကျိုသောက်ဖို့
နေမင်းဆီက ဒယ်အိုးတောင်းတဲ့အခါ ကျပျောက်သွားတဲ့အိပ်မက်တွေ
ကို နေမင်းကြီးက လုံးချေပြီး ဒယ်အိုးအဖြစ် ဖန်ဆင်းပေးတယ်တဲ့"

အဲဒီလိုပြောတတ်တာ သူမရဲ့တိုးတိုး ဖြစ်နေတာကြောင့် ပြုံးတုံ့
တုံ့နဲ့ သူ့ကိုကြည့်မိတော့ ....

"လိုက်လဲလိုက်ပါတယ် နော် မသက်"

မဲ့မဲ့ရွဲ့ရွဲ့နဲ့ ညိုညိုက ပြောတော့ မသက်ကလည်း ....

"ဟုတ်ပါရဲ့ ကြုံလဲမကြုံဖူးပါဘူးဟယ်"

မသက်ရဲ့ ထောက်ခံအားပေးတဲ့စကားကြောင့် ကျွန်တော်က ..

"အဲဒါပဲကြည့် အချစ်ရယ်၊ တို့နှစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကို
နှောင့်ယှက်ဖို့ မာရ်နတ်ရဲ့ အစေအပါး တစ္ဆေဆိုးနှစ်ယောက်ကို သူတို့
အဖြစ် ဖန်ဆင်းပြီးရောက်လာကြပြီ"

"တော်ပါပြီ ...တော်ပါပြီ ...မပြောတော့ပါဘူး"

လက်ကာခြေကာနဲ့ မသက်က ငြင်းဆန်တော့ ကျွန်တော်နဲ့
အောမွန် ရယ်မိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ အမှား အဲလေ တိုးတိုး ..."

ညိုညိုက စောမွန်ကို လှမ်းကြည့်ပြီး မျက်နှာချိုသွေးပြတော့ စောမွန်က မသိချင်ယောင်ဆောင်နေပါသည်။

"ငါက ဒီဆိုင်ထဲမှာ နင့်အဖေရှိတယ် ဘယ်သူလဲလို့ ဉာဏ်စမ်းပဟေဠိပုံစံ အဖြေထုတ်ခိုင်းတော့ နင့်စောမွန်က မသိဘူးဟေ့ အခိုင်က တန်းပြောတာပဲ"

တိုးတိုးက သူ့ခေါင်းသူပွတ်ရင်း ရယ်ရင်း ...

"ခဏနေဦး ငါ့အဖေအတွက် ငါ သွားဆုံးဖြတ်ပေးလိုက်ဦးမယ်"

တိုးတိုးက ခုနလူကြီးဆီ ထထွက်သွားပါတယ်။ သူ့အဖေကတော့ ခုနအတိုင်း အီကြာကွေးနဲ့ စမူဆာနဲ့ လည်နေတုန်းပဲ။

"ငါပြောတဲ့ ရပ်ကွက်လူကြီး ဆိုတာလေ ...."

ဝိုင်းက သိပ်ဝေးဝေးမဟုတ်တော့ တိုးတိုးနဲ့ သူ့အဖေ ပြောစကားတွေကကြားနေရပါသည်။ တိုးတိုးရောက်လာပြီး ဝိုင်းမှာဝင်ထိုင်တော့ သူ့အဖေက တစ်ချက်မော့ကြည့်ပြီး မေးဆတ်ပြသည်။ ဘာလဲဆိုတဲ့ အဓိပ္ပာယ်ပေါ့၊ တိုးတိုးက အီကြာကွေးကို ကောက်ကိုင်ရင်း ...

"ဒီနေ့ တနင်္ဂနွေနေ့ အဖေ၊ အဲဒီအတွက် အဖေ အီကြာကွေးပဲ စားသင့်တယ်"

တိုးတို့ရဲ့အဖေက အီကြာကွေးကို စားရန် ဆုံးဖြတ်လိုက်ပုံရပါသည်။ စိတ်ရှိလက်ရှိ အီကြာကွေးကို လက်ဖက်ရည်ထဲနှစ်ပြီး ပြန်ဆွဲထုတ်ကာ အားပါးတရစားပါတော့သည်။ တိုးတိုးက သူ့မတို့ဝိုင်းဆီ





ပြန်လာကာ ထိုင်ရင်း...

"အဖေက မနက်တိုင်း ဒီလိုပဲ သူ နေ့တိုင်းအစားအသောက်ကို ရွေးနေတာနဲ့ လုံးချာလိုက်နေတာ"

တိုးတိုးစကားကြောင့် အခိုင်က ....

"ထင်သားပဲ ဒီကောင့်အဖေဆိုတော့ ဒီလောက်တော့ရှိမယ်ဆိုပြီး ခန့်မှန်းလိုက်တာ ကွက်တိပဲ ...ဟဲဟဲ"

"ဒါနဲ့ မနေ့ကတောင် ငါ ယင်းမာနဲ့တွေ့သေးတယ် ..."

စောမွန်စကားကြောင့် တိုးတိုးက ...

"သူလဲ ငါတို့နဲ့လာပြီး ခင်မင်နေရတယ်လို့ ..."

"နင်နဲ့ သူက ဘယ်လိုစရင်းနှီးတာလဲ တိုးတိုး"

စောမွန်အမေးကြောင့် တိုးတိုးက ရယ်နေပါသည်။

"ဘာလဲ မှားရင်းနဲ့ သိကြတာလား ..."

"အေး"

"ဖြစ်ရမယ် ...မောင်တိုးတိုး တို့ကတော့ ..."

ညိုညိုကနှာခေါင်းရှုံ့ကာပြောတော့ အားလုံးပြုံးမိကြပါသည်။

"ငါ့ကိုလဲ မှားပြီး ချစ်မိတာလားမသိဘူး"

စောမွန်က ပြုံးစစနဲ့ပြောတော့ တိုးတိုးက သူ့မလက်ကိုဆုပ်ကိုင်တော့ ...

"ဟဲ့ နင့်အဖေ နောက်မှာရှိတယ် ..."

တိုးတိုးက သူ့မလက်ကိုပြန်လွှတ်ရင်း သူ့အဖေကို နောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



မသိမသာလှမ်းကြည့်ပါသည်။ အဖေကတော့ လက်ဖက်ရည်နဲ့ အီကြာကွေးကလွဲရင် လက်ရှိမှာ ကျန်တာကို စိတ်မဝင်စားတဲ့ပုံ။

"ဘုရားသခင်က အမှားကောင်းလေးတစ်ခုကို တစ်သက်မှာ တစ်ခါပဲ ဖန်ဆင်းခဲ့တယ်ဆိုရင် အဲဒီအမှားကောင်းလေးက နင်ပါပဲ စောမွန်"

"နားရှက်လိုက်တာဟာ"

မသက်က မနေနိုင်မထိုင်နိုင် အခုလိုပြောတော့ တိုးတိုးက ...

"အဲဒါဆို ကုလားကို အဖြေပေးလိုက်လေ ...."

"အမ်း"

မသက်က မျက်လုံးပြူး အာမေဋိတ်သံထွက်လာတော့ တိုးတိုးက ...

"နင်တို့ကို မသက် လိမ်ထားတာရှိတယ်နော်"

"တိုးတိုး နင်နော် မဟုတ်တာတွေလျှောက်ပြောမနေနဲ့"

"ဘာမဟုတ်တာလဲ မယ်မင်းကြီးမက ငါတို့ကို လိမ်ထားတယ်ပေါ့၊ ပြော တိုးတိုး"

အခုမှ ညီညီတို့က သဘောပေါက်ဟန်နဲ့ တိုးတိုးကို အတင်းမေးပါသည်။ မသက်ခမျာ ခေါင်းကုတ်သလိုလို နှာခေါင်းပွတ်သလိုလို ရှက်တဲ့မျက်နှာနဲ့ အနေရခက်နေပုံပါ။ တိုးတိုးက စပ်ဖြီးဖြီးမျက်နှာနဲ့ မသက်မျက်နှာကို အတင်းလိုက်ကြည့်ရင်း .....

"ကုလားကိုယ်တိုင်ပြောတာ မသက်နဲ့ ငါနဲ့ ချစ်နေကြပြီတဲ့"





"ဟာ ဒီကောင် မဟုတ်တဲ့ဟာကို တောက်"

"ဟုတ်လား မသက်၊ နင် ငါတို့ကို လိမ်ထားတာပေါ့"

အိခိုင်က မသက်ပေါင်ကို လှမ်းရိုက်ရင်း ပြောတော့ ...

"မဟုတ်ပါဘူးဟယ်။ အဲဒီကောင်က နင်တို့လစ်ရင် ရည်းစားစကားလိုလို နောက်သလိုလိုပြောင်သလိုလို လာလာပြောနေတာပဲရှိတာ၊ ဒီကောင်တော့လေ ....'

"ဟော ဟိုမှာလာပြီ နင်တို့ရှင်းကြတော့ ...လာ စောမွန် လစ်ကြမယ်"

"ဟဲ့ ဘယ်လဲ"

ကျွန်တော် မောင်တိုးတိုးက သူမ စောမွန်လက်ကို ဆွဲခေါ်ပြီး လစ်တော့ လှမ်းမေးပါတယ်။

"ကိုကြီးစိုးတို့ဆိုင် ..."

"ဟဲ့ ငါတို့လဲလိုက်မယ် ..."

"ဟိုကောင့်ကိစ္စပြီးရင် လိုက်ခဲ့ကြလေ"

သူမလက်ကို ဆွဲပြီး ဆိုင်ထဲကထွက်လာတော့ စောမွန်က ...

"ဟဲ့ စုန နင်ပြောတာတကယ်လား"

"ဟင့်အင်း ..."

"နင်ကတော့လေ ဟိုမှာ ပြဿနာတက်ကြဦးမယ်၊ နင် တော်တော်ဆိုးတဲ့ကောင်ပဲဟာ"

"အသာနေစမ်းပါ။ မနေ့က ဒီကောင့်အိမ်ရောက်တော့ နိုင်ယာရီ



www.burmeseclassic.com

www.burmeseclassic.com



ခိုးရေးနေတာ ငါ မသိချင်ယောင်ဆောင်ပြီး ဒီကောင်အလစ်မှာ ဖတ်ကြည့်တော့ မသက်ကို ကြိတ်ခိုက်နေတဲ့အကြောင်းတွေရေးထားတာတွေ့တာနဲ့ငါလဲ အဲဒီစာအုပ်ကိုခိုးလာတာ”

“သြော်၊ ဒီကောင်က ဒီလိုလား ...”

စောမွန်က အပြုံးရိပ်နဲ့မေးတော့ ...

“အေးပေါ့၊ ဒီကောင် ငါ မဝင်မချင်း မသက်ကိုပြောမှာမဟုတ်တာနဲ့ ဒီလိုဒီလိုအကွက်ရွှေ့လိုက်တာပေါ့”

“ဘာဆက်လုပ်ဦးမှာလဲ”

စောမွန် ဆက်မေးလာတဲ့ စကားကြောင့် လျှောက်နေရင်းမှ စောမွန့်နှာခေါင်းကို ခပ်ဖွဖွဆွဲညစ်ရင်း ...

“ငါနဲ့တွဲပြီး တုံးလိုက်တာ စောမွန်မရယ်၊ သူတို့လိုက်လာရင် အားလုံးရှေ့မှာ ဒီစာအုပ်ကို မသက်ကို ပေးလိုက်မယ်”

“နင်ကတော့လေ ...”

အံ့လေးကြိတ်ပြီး သူ့လက်မောင်းကိုခိုကာ စောမွန်ပြောလာတော့ ကျွန်တော်က ရယ်မိပါသည်။

⚓ ⚓ ⚓



BURMESE CLASSIC



“သိပ်အကြည်ဆိုက်မနေနဲ့ မင်းကိစ္စ မင်းရှင်းပေး”

ကျွန်တော်နဲ့ စောမွန် စကားကောင်းနေစဉ်မှာ တစ်အုပ်စုကြီး ဝင်လာကာ ကုလားက မကျေမနပ်နဲ့ အခုလိုပြောခြင်းဖြစ်ပါတယ်။

“ဘာကိစ္စလဲ”

ကျန်တဲ့သူတွေက ကျိတ်ရယ်နေကြပါသည်။ မရယ်နိုင်သူနှစ်ဦးက ဟန်ဆောင်ဒေါသတွေ ထွက်ပြနေပါတယ်။ ကျွန်တော်က မသိချင်ယောင်ဆောင်နေပါတယ်။

“မင်းတို့ ဘာသောက်ကြမလဲဟေ့ ...”

ကိုကြီးစိုးက ဖျော်ရည်စက်ခလုတ်ကို ဖွင့်ရင်းလှမ်းမေးပါသည်။ ကုလားက လှမ်းပြောပါတယ် ...

“အက်ဆစ်ပြင်းပြင်းလေးရှိလား ကိုစိုးကြီး”

“ဘာလုပ်မလို့လဲ”

“ဒီကောင့်ကို ပက်ဖို့လေ ...”

မကျေမနပ်ပြောတော့ ကျွန်တော်အပါအဝင် အားလုံးက ရယ်ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ အဲလောက်ဒေါသကြီးနေရတာလဲကွ"

ကိုကြီးစိုးက ဘာမှမသိသူမို့ မေးတော့ မသက်က ကျွန်တော့်ကို ဘုကြည့်ကြည့်ပြီး ...

"ဒီကောင် ရှုပ်ထားတာတွေက ဒေါသမကြီးလို့ကိုမဖြစ်တော့ဘူး ကိုကြီးစိုးရေ ...."

မော်ကြီးက ရယ်ရင်း ...

"မသက်ကလဲဟာ သူငယ်ချင်းအရင်းကြီးတွေပဲ စိတ်လျှော့ပေါ့"

"မလျှော့နိုင်ပါဘူး"

"မလျှော့နိုင်ရင် မဝယ်တော့ဘူးဗျာ၊ ဒီပြင့်ဆိုင်မှာပဲ သွားဝယ်တော့မယ်"

"တွေ့လား ကုလား၊ နင့်ကောင် အခုထိ မျက်နှာပြောင်တုန်း"

မသက်က မကျေမချမ်းနဲ့ ယောင်ယမ်းပြီး ကုလားကိုပြောတော့ ကျွန်တော်က စောမွန်ကို မေးဆတ်ပြရင်း ...

"မဟုတ်ဘူး မဟုတ်ဘူးနဲ့ တွေ့လားကုလားတဲ့ဟော့၊ အဲဒါ မင်းတို့ ရှေ့မှာနော်"

မသက်က အခုမှ သတိရဟန်နဲ့ပျာပျာသလဲလဲလက်ကာပြရင်း...

"မဟုတ်ဘူး ငါက ရိုးရိုးပြောတာ"

"ဒါဆို မသက်က ကုလားကို (ရှယ်) နှစ်ယောက်တည်း ပြောချင် တယ်ပေါ့"

အခိုင်ကလည်း ကျွန်တော်တို့ကို မျက်စိမှိတ်ပြရင်း ဝင်ဖောက်





သည်။

"ဟော့ကောင် မင်း မဟုတ်တာကို လိမ်ပြောပါနဲ့ကွာ"

ကုလားက ကျွန်တော့်ကို မျက်နှာအထားရခက်တဲ့ပုံစံနဲ့ ပြောလာတော့ ကျွန်တော် ပိုင်နိုင်သေချာတဲ့အပြုံးနဲ့ပြုံးရင်း မေးစေ့တောင် ပွတ်သိုက်သေးသည်။ ပြီးတော့ ရင်ဘတ်ထဲကနေ ဒိုင်ယာရီကို ထုတ်ယူပြီး ဆောင့်ပြကာ ...

"ဒါဆို ဒါ ဘယ်သူ့ဟာလဲ"

ကုလားက ပါးစပ်ကြီးအဟောင်းသားနဲ့ အံ့သြနေပါသည်။

"ဒါ...ဒါ ဘယ် ဘယ်ကရတာလဲ"

"အဲဒါ မမေးနဲ့လေ... ဟဲဟဲ"

မသက်က ဘာမှမသိပုံနဲ့ ကျွန်တော့်ကိုတစ်လှည့် ကုလားကို တစ်လှည့်ကြည့်ရင်း ...

"ဘာတွေလဲဟာ ရှုပ်နေတာပဲ"

စောမွန်က ကျွန်တော့်လက်ထဲက စာအုပ်ကို ဆွဲယူရင်း ...

"အဖြေသိချင်ရင် ညီမလေး ဖတ်ကြည့်ပါဦးကွာ ..."

"ဟော့ကောင် ဟော့ကောင်တွေ"

ကုလားက မျက်နှာပျက်ပျက်နဲ့ စာအုပ်ကိုလုဖို့ လက်လှမ်းတော့ ကျွန်တော်နဲ့ တိုင်ပင်ပြီးသား မော်ကြီးက ကုလားပခုံးကိုပြန်ဆွဲနှိမ့်ချရင်း...

"နေစမ်းပါကွာ မင်းပုံစံနဲ့ဆို ဒီတစ်သက်ပြောဖြစ်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ"

မသက်က ကြောင်တောင်တောင်နဲ့ စာအုပ်ကိုဖွင့်ရင်းမေးတော့ စောမွန်က စာအုပ်ကို ပြန်ပိတ်ပေးရင်း ...

"အိမ်ရောက်မှ ဖတ်ကြည့်၊ ကဲ ထ သွားကြမယ်၊ နင်တို့ နေခဲ့မှာ မဟုတ်လား ... လာထစမ်းပါ မသက်ရာ ..."

စောမွန်က ထိုင်နေတဲ့ ကျွန်တော်တို့ကို ဒီမှာနေခဲ့လို့ အချက်ပြပြီး မသက်နဲ့အတူ ညိုညိုတို့ကိုပါ ပထုတ်သွားပါတယ်။

သူမတို့ထွက်သွားပြီးမှ ငူငူငိုင်ငိုင်နဲ့ ကျန်နေခဲ့တဲ့ ကုလားကို ပခုံးပုတ်ရင်း ...

"ကဲ ချာတိတ် မင်း ငါတို့ကို ဘာလေးညာလေး လိုက်တိုက်တော့"

"ဘာလို့ လိုက်တိုက်ရမှာလဲ ..."

ကုလားက မကျေမချမ်းနဲ့ပြောတော့ မော်ကြီးက ဒီကောင့်ကို နပန်းကျင်းပြီး ...

"ဟ ငါတို့ အကွက်ကျကျစီစဉ်ထားလို့ မင်း မသက်ကို ချစ်နေတာ မသက် သိသွားပြီ ..."

"ဟမ်း ...."

ကုလားက မျက်လုံးလေးပြူးရင်း ကျွန်တော်တို့နှစ်ယောက်ကို တစ်လှည့်စီကြည့်ရင်း တဖြည်းဖြည်း ပြုံးလာပြီး ကျွန်တော်တို့နှစ်ယောက်ပါးတွေကို တရွတ်ရွတ်နမ်းရင်း ....

"ဟုတ်တာပေါ့ ငါကောင်ကြီးတွေ ကျေးဇူးတင်လိုက်တာ"





"တော်ပါတော့ကွာ ယောက်ျားချင်းနမ်းတာလောက် သောက်[illegible]ကတ်တာမရှိဘူး"

"ကဲ လစ်ကြမယ်"

"ဘာလဲ"

"အေးလေ ..."

ကျွန်တော်တို့အမေးကြောင့် ဟိုကောင်က ထရပ်ကာ ကျွန်တော်[illegible]လက်တွေကို အတင်းဆွဲထူရင်း ...

"မင်းတို့ ကြိုက်တဲ့ဆိုင်ကို သွားဖို့ ကျေးဇူးရှင်တို့ရယ် ..."

"ဟော့ ဖဲ မပါဖူးလား"

ကိုကြီးစိုးက အအေးဖျော်နေရာမှ မေးတော့ ကုလားက ...

"ဘယ်မပါလို့ဖြစ်မလဲ လာ သွားမယ်လေ ..."

"ဟား ဟား မင်းတို့ဘာသာသွားကြ၊ ငါက သက်သက်စ,တာ[illegible]ပါဘူးကွာ"

"ဒါဆို သွားပြီ ကိုကြီးစိုး"

"အေး ငါ့ညီလေး အဆင်ပြေပါစေ"

"ပေးတဲ့ဆုနဲ့ပြည့်ပါစေဗျာ"

သုံးယောက်သား ပခုံးဖက်ကြပြီး ရှေ့ကို ချီတက်ကြပါတော့သည်။

⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မျက်နှာ ရှုပ်ပုပ်ဖြစ်နေသလောက် စောမွန်
သဘောကျရယ်မောရင်း ကျွန်တော့်ကို မေဂျာနဲ့အနီးဆုံးက "အ
ကမ္ဘာ"ထဲဝင်လာတော့ မော်ကြီးတို့နဲ့အတူ ထိုင်နေတဲ့ ယင်းမာက

"ဒီစုံတွဲက ဘယ်လိုဖြစ်လာတာလဲ"

ယင်းမာ ကျွန်တော်တို့ ထိုင်လို့ရအောင် နေရာရွှေ့ပေးတေ
စောမွန်က ယင်းမာဘေးမှာ ဝင်ထိုင်ရင်း ...

"ဘယ်သူဖြစ်ရမှာလဲ ဒီကောင်ပေါ့"

"ဘာ... ငါလဲ နင်ကြောင့် ...."

ကျွန်တော်က စောမွန်ကို ပြန်ပြောတော့ စောမွန်က ...

"ငါနဲ့ ဘာမှမဆိုင်ဘူး နင့်ဘာသာ နမော်နမဲ့နဲ့ ..."

"ဟ ငါက နင်ပဲထင်တာကို ..."

ကျွန်တော်တို့ရဲ့ အပြန်အလှန်စကားတွေကြောင့် ကုလားက

"ကဲ ငြင်းမနေကြနဲ့ လိုရင်းကိုရောက်မှာမဟုတ်တော့ဘူး"

စောမွန်က ပြန်တွေးပြီး ရယ်ချင်ပုံရှိသည်။ သူမကပဲ ပြော





တယ်။

"ကျောင်းသားရေးရာမှာ ချလံသွင်းပြီး ပြန်ထွက်တော့ ငါက ချိုချို
ထွေးနဲ့ တွေ့လို့ရပ်စကားပြောနေတာဟာ ..."

"ဟို ဖစ်ဆစ်က မျက်မှန်တပ်ထားတဲ့ ကောင်မလေးလား"

"အေး... ငါလဲ ချိုချိုထွေးနဲ့ ရပ်စကားပြောနေတုန်း ကိုယ်တော်
ဒါ့ဘေးက ကောင်မလေးတစ်ယောက်ကို ငါထင်ပြီး လက်ဆွဲပြီး
ထွက်သွားတော့ ဟိုက ပြဿနာရှာတာပေါ့။ မော်ကွန်းထိန်းတိုင်မယ်
သေးဘာလေးပေါ့ ငါ မနည်းဝင်ရှင်းရတယ်၊ မှားပြီး လက်ဆွဲတဲ့
ကောင်မလေးကို တောင်းပန်ရသေးတာပေါ့"

တိုးတိုးကိုကြည့်ပြီး အားပါးတရ ရယ်ကုန်ကြပါသည်။ ဟိုကောင်
ည်း မျက်နှာမတင်းနိုင်တော့ဘဲ ဝင်ရယ်ပါတော့သည်။

"ငါလဲ စောမွန်ပဲ ထင်တာပေါ့၊ ဘယ်သိမလဲ"

ကျွန်တော် ရှက်ကိုးရှက်ကန်းနဲ့ ပြောမိပါသည်။

"ဒီကောင်ကတော့ ဘယ်တော့များမှ အမှားရပ်မလဲမသိဘူး"

မော်ကြီးရဲ့ အပြောကြောင့် ...

"ငါဟာ နာရီတစ်လုံးဆိုရင် အချိန်တန်ရင် အမှားဆိုတဲ့ သံပတ်
ရပ်သွားမှာပါ"

"အေးပါ အဲဒီ သံပတ်မရပ်ခင် ကြီးမားတဲ့ပြဿနာ မဖြစ်စေနဲ့"

ကျွန်တော်နဲ့ မော်ကြီးရဲ့ စကားတွေကြောင့် ယင်းမာက ဝင်ပြော
ပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ နေကြစမ်းပါဦး ... ငါ့ကို ခေါ်တဲ့ကိစ္စက ..."

"ဒီနေ့ မသက်နဲ့ကုလားတို့ရဲ့ ချစ်သူရည်းစားဖြစ်တဲ့နေ့မို့ ဝါးတီးအစီအစဉ် ရှိတယ်လေ"

"ဟင် မသက်နဲ့ကုလားက ..."

ယင်းမာက ကျွန်တော့်စကားကြောင့် အံ့ဩဟန်နဲ့ မသက် ကြည့်တော့ မသက်က ရှိုးတိုးရှန့်တန့်နဲ့ အနေရခက်ဟန် ကုလား တော့ ထုံးစံအတိုင်း ပြောင်ချော်ချော် ...

BURMESE CLASSIC

"မသက်တို့က ဘယ်လိုကနေ ဘယ်လို ..."

ယင်းမာက ပြုံးတုံ့တုံ့နဲ့စတော့ ကုလားက ဝင်ပြောပါသည်။

"ဒီလိုကနေ ဒီလိုပေါ့"

"တော်စမ်းပါ ကုလားရာ၊ မင်းအစွမ်းအစနဲ့ဆို ဒီတစ်သ မသက်ကိုရမှာမဟုတ်ဘူး နော် ညီညီ .."

မော်ကြီးက အမြင်ကတ်ကတ်နဲ့ပြောပြီး အနားက ညီညီ ပခုံးဖက်လိုက်တော့...

"အောင်မယ် ...အသားကယူချင်သေးတယ်၊ ခေါင်းကို ထ ထုလိုက်လို့ ဘုသွားမယ်"

မော်ကြီးတို့ အဖြစ်အပျက်တွေကြောင့် အားလုံး သဘောကျ တဟားဟားတဝါးဝါးပေါ့။

ယင်းမာက ...

"နင်တို့ကသာ အဆင်ပြေနေ ငါ့ကို ဒီရက်ပိုင်း လူတစ်ယော





လိုက်နေတယ်ဟ"

"နင်လဲ အမြီးပေါက်တော့မယ်ပေါ့"

ကျွန်တော့်စကားကြောင့် ယင်းမာက မျက်နှာရှုံ့မဲ့ရင်း ...

"အဲဒီလူကြည့်ရတာ လူကြီးလူကောင်းပုံစံတော့ပေါက်ပါတယ်။ ဒါပေမယ့် ကြောင်တောင်တောင်နဲ့ဟ"

"ကြောင်တောင်တောင်က အရေးမကြီးပါဘူး၊ ဂျားတားတား မဖြစ်ဖို့ အဓိရေးကြီးတာပဲ"

ဘာအဓိပ္ပာယ်မှန်းမသိတဲ့စကားကို မော်ကြီးကဆိုတော့ ဘာမှန်း မသိဘဲ ရယ်မိကြပြန်သည်။ စားပြီးသောက်ပြီး ကိုယ့်အတန်းကိုမလစ် ခင် ယင်းမာက ခပ်တိုးတိုးတိုးလေး လူအလစ်မှာလာပြောပါတယ် "ညကျ နင်ငါ့ဆီဖုန်းဆက်ဦး အရေးကြီးစကားပြောစရာရှိလို့"တဲ့လေ။

ကျွန်တော်က ပြန်စနောက်မိပါတယ်၊ သူ့ကို ခပ်တိုးတိုးလေးပါ ပဲ...

"နင် ငါ့ကို ရည်းစားစကားပြောဖို့လား ..."

အဲဒီအခါကျတော့ ...

"သေနာကောင်" လို့ ထောပနာပြုပါတယ်။

"ငါ ယင်းမာဆီ ဖုန်းဆက်စရာရှိတယ်ကွ"

ညစုနစ်နာရီထိုးလောက် လမ်းထိပ်ကဆိုင်လေးမှာ မော်ကြီးတို့ နဲ့ အတူထိုင်ရင်း ကျွန်တော် အခုလို ဆိုမိတော့ မော်ကြီးက ရေနွေး သောက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဂ ဲ့စ္စရှိလဲ ..."

"မသိဘူး ...သူက ဆက်ဆိုလို့ ဆက်ရမှာ"

"မင်းကို ရည်းစားစကားပြောမလို့လားမှမသိတာ"

"အဲဒီအခါကျရင် အမေနဲ့ ငါတိုင်ပင်ရမှာပေါ့၊ အမေ သဘောတူရင် ကျွန်တော် အဖြေပေးပါ့မယ်လို့ပြောလိုက်ရရင် ကောင်မလား"

ကျွန်တော်ရဲ့ ခပ်တည်တည်စကားကြောင့် ကုလားကလည်း မင်သေသေနဲ့ ...

"ကိုယ်က ယောကျ်ားလေးဆိုတော့ ဣန္ဒြေမထိခိုက်စေနဲ့နော်၊ ဗိုင်းကောင်းကျောက်ဖိ ယောကျ်ားလေးပီပီ ချင့်ချိန် စဉ်းစားတန်သင့် စဉ်းစား"

"အေး ဟုတ်တာပေါ့၊ ဆူးပေါ် ဖက်ကျလဲ ဆူးကျိုးမှာပဲ၊ ကဲ ငါ ဆိုင်ကပဲ ဖုန်းဆက်လိုက်မယ် ခဏလေး ..."

"ရပါတယ်ကွာ အကြာကြီးဆက်"

ကျွန်တော် ကောင်တာဆီသွားပြီး အလွတ်ရနေတဲ့ ယင်းမာရဲ့ ဖုန်းနံပါတ်ကို ဆက်လိုက်ပါသည်။ ဖုန်းက ချက်ချင်းတန်းဝင်ပါတယ်။ ဖုန်းကောက်ကိုင်လိုက်သံကြားတော့ ....

"ဟာလို ...ယင်းမာရှိပါသလားခင်ဗျား"

တစ်ဖက်က မိန်းကလေးကလည်း ...

"ဟုတ်ကဲ့ နှင်းနုနုနေခြည် ဖုန်းပြောနေပါတယ်"

ကြည့်ရတာ ယင်းမာရဲ့ညီမ ဖြစ်မည်ထင်ပါသည်။ ကျွန်တော်





မေးတာတခြား သူပြောနေတာတခြား ဖြစ်နေတာကို ဒီကောင်မလေး သိပုံမရပါ။

"ကျွန်တော် တိုးတိုး လို့ခေါ်ပေးပါခင်ဗျာ"

"ဟုတ်ကဲ့ ကျွန်မအသိထဲမှာ တိုးတိုးဆိုတာ မရှိပါဘူးရှင်"

ကျွန်တော် ခေါင်းကုတ်လိုက်ရင်း ...

"ကျွန်တော့်ရဲ့အသိထဲမှာလဲ နှင်းနုနုနေခြည်ဆိုတာ မရှိပါဘူး ခင်ဗျာ"

"ကျွန်တော်နဲ့သိတဲ့ ယင်းမာကို ခေါ်ပေးပါလားဗျာ"

"လူကြီးမင်းခေါ်ဆိုသော ဖုန်းပိုင်ရှင်မှာ ရေချိုးနေ၍ သော်လည်းကောင်း၊ အဝတ်အစားလဲနေပါ၍လည်းကောင်း ခေါ်ဆိုလို့မရနိုင်ပါရှင်"

ပြောလည်းပြောပြီး ဖုန်းကိုချသွားတာကြောင့် သူ ကသိကအောက် ဖြစ်သွားပါသည်။ နောက်တစ်ကြိမ် ခဏစောင့်ပြီး ထပ်ဆက်မှ ...

"ဟဲလို ယင်းမာ စကားပြောနေပါတယ်"

အစုမှ ကျွန်တော် သက်ပြင်းချမိရင်း ...

"မယ်မင်းကြီးမ နင် အလာကောင်းလို့ ငါ အခါမနှောင်းတာ"

တစ်ဖက်က ယင်းမာက ရယ်မောရင်း ....

"ဘာဖြစ်လို့လဲ နင် မိန်းမဘာဝကိုပြောင်းသွားဖို့ နီးစပ်နေလို့လား"

"တော်စမ်းပါ ယင်းမာရာ"

"တော်ပါပေတယ် မောင်အမှားရယ် "



www.burmeseclassic.com

www.burmeseclassic.com



ယင်းမာက နောက်ပြောင်နေတာကြောင့် ....

"လာပြန်ပြီ တစ်ယောက်...."

"ဘာဖြစ်လို့လဲ"

ကျွန်တော့်ရဲ့စကားကြောင့် ထင်တယ် ယင်းမာက သိချင်ဟန်ဖြင့် မေးလာပါသည်။

"ခုန နှင့်ညီမလား နှင့်အစ်မလား ..."

"ဘယ်သူလဲ"

"နှင်းနုနုနေခြည်ဆိုတဲ့ တစ်ယောက်လေ၊ စကားပြောရတာ ကိုးလိုးကန့်လန့်နဲ့"

ကျွန်တော့်စကားကြောင့် ယင်းမာက တဟားဟား ရယ်ပါတော့သည်။

"နင်က ဘာရယ်တာလဲ"

"ရယ်မှာပေါ့ အဲဒါ ငါတို့အိမ်က အိမ်ဖော်ဟ"

သူ မျက်လုံးပြူးသွားမိရင်း ...

"အိမ်ဖော်ကလဲ နာမည်အပျံစားပါလား"

"ဟဲ့ အိမ်ဖော်လဲ သူမှည့်ချင်တဲ့နာမည်မှည့်မှာပေါ့"

"ထူးဆန်းပါပေ့ဟာ၊ ကဲပြော ငါ့ကို ပြောစရာရှိတယ်ဆို့ .."

ကျွန်တော့်စကားကြောင့် တစ်ဖက်က အသံတိတ်သွားသည်။ တော်တော်ကြာသည်အထိ အသံထွက်မလာတာကြောင့် ...

"ဘာလဲ ငါကိုရည်းစားစကားပြောမလို့လား၊ မရဘူးနော် ငါ့မှာ





အိမ်က စီစဉ်ထားတဲ့သူရှိတယ်"

"သေလိုက်ပါလား"

ဆောင့်ကြီးအောင့်ကြီးနဲ့ ယင်းမာရဲ့အသံကြောင့် သူ တဟားဟားအော်ရယ်တော့ ကောင်တာက မအေးမြင့်က သူ့ကို စူးစမ်းသလို ကြည့်သည်။

"ဒီလိုဟ ..."

"ဘာလဲ... ဒီလို ..."

ကျွန်တော့်ရဲ့ နောက်ရွှတ်ရွှတ်စကားကို သူမက ဂရုမထားဟန်နဲ့...

"ငါ့ကို **လူတစ်ယောက်** ရည်းစားစကားလာပြောလို့"

"**ဘယ်သူလဲ ဘယ်ကလဲ** ကျောင်းကလား ..."

"**အပြင်ကပါ၊ သိတာသိပ်မကြာသေးဘူး။** သူငယ်ချင်း တစ်ယောက် **မိတ်ဆက်ပေးလို့** သိတာပါ"

"**အဲဒီတော့ ...**"

"ငါလဲ နင့်ကို တိုင်ပင်မလို့"

"**စိတ်ပိုင်းဆိုင်ရာ** ရုပ်ပိုင်းဆိုင်ရာ **အခြေအနေက ...**"

ကျွန်တော့်စကားကြောင့် **ယင်းမာရဲ့ရယ်သံကို ကြားရသည်။**

"**အင်း ငါ့ထက်အသက်သုံးလေးနှစ်လောက်ကြီးမယ်**"

"အသက်က အရေးမကြီးပါဘူး အဓိကအချက် ပါမပါ ..."

"ဟဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"စွတ်အော်နေရလား ဒီမှာ နားကွဲတော့မယ်၊ ငါပြောတာ ပညာအရည်အချင်းတို့ ရုပ်ရည်ရူပကာ အဓိကက နင် ကြိုက်နိုင် မကြိုက်နိုင်"

"အဲဒီလို ရှင်းရှင်းပြောပါလား"

"နင်က စကားဆုံးအောင်မစောင့်တာ ..."

"ရုပ်ရည်က မဆိုးပါဘူး၊ ဘွဲ့ရပြီးသား ကုမ္ပဏီတစ်ခုမှာ MD ရာထူးအဆင့်ရှိတယ်၊ ရှေ့မှာတော့ စိတ်သဘောထား မဆိုးဘူးလို့ ပြောရမှာပဲ"

"ကဲပါဟာ ငါပြောတဲ့ အဓိကအချက်သာပြောပါတော့ မယ်မင်းကြီးမရှယ်"

"အင်း တစ်မျိုးတော့ တစ်မျိုးပဲဟ"

"ဘာ တစ်မျိုးတာလဲ ရှင်းရှင်းပြောစမ်းပါဟာ"

"ဟိုလေ ရင်ထဲမှာ တစ်ခုခုဖြစ်နေသလိုလို"

"အဲဒါဆို နင် ကြိုက်လိုက်တော့ ...ဂရွလာက်"

ဖုန်းကို ဆောင့်ချလိုက်ရင်း ကောင်တာက မအေးမြင့်ကို ...

"ဖုန်းဖိုးမှတ်ထားလိုက် အစ်မ၊ ရှာရာပိုဗာ ကျွန်တော့်အိမ်ပြန်လာရင် ဆက်ဆက် ဆပ်ပဲ့မယ်"

မအေးမြင့်ရဲ့ မြည်တွန်တောက်တီးမှုတွေကို နားအေးပါးအေးဟန်နဲ့ လေလေးတချွန်ချွန်နဲ့ ဟိုကောင့်ဝိုင်းဆီ လျှောက်လာရင်း ဝင်ထိုင်တော့ ...





"ဘာတဲ့လဲ ယင်းမာက ..."

"အမြီးပေါက်ချင်တဲ့ကိစ္စ"

"ဘယ်လိုလဲဟာ ...သွားပါပြီကွာ ..."

မော်ကြီးရဲ့ စိတ်ပျက်လက်ပျက်အသံကြီးကြောင့် ကျွန်တော်နဲ့ကုလား ကြောင်သွားပါသည်။

"ဘာဖြစ်တာလဲ"

"ငါက ကြံမလို့ စဉ်းစားနေတာ"

"မင်းကသာ စိတ်ကူးနဲ့ချိန်နေ ဒီပြင်လူက လက်ဦးသွားပြီ၊ ကဲ ရည်းစားမဖြစ်ခင် မင်း အသည်းကွဲခန်း စပြီ"

ကျွန်တော့်ရဲ့ ထောပနာပြုသံကို မော်ကြီးက စပ်ဖြဲဖြဲနဲ့ လက်ခံပါတယ်။ ရှေးဟောင်းနှောင်းဖြစ်တွေလို့ခေါ် မလား၊ ရောက်တတ်ရာရာလို့ပြောမလား၊ တောင်စဉ်ရေမရလို့ဆိုမလား ပြောဆိုဆွေးနွေးပြီး လက်ဖက်ရည်ဆိုင်က ညဥ့်နက်မှထွက်လာခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေတာလဲ ဦးဟန်စိန်မြင့်"

ရပ်ကွက်ထဲက သူငယ်ချင်းမင်းသန့်နဲ့ သူ့ရည်းစားကိုယ့်ရည်းစား အကြောင်း ဖလှယ်ဆွေးနွေးရင်း လျှောက်လာနေရာမှ ဈေးထိပ်မှာ မတ်တတ်ရပ်ရင်း ဟိုကြည့်ဒီကြည့်ဖြစ်နေတဲ့ ဦးဟန်စိန်မြင့်ကို တွေ့လို့ ကျွန်တော် မေးမိသည်။

အမှားလုပ်တတ်တဲ့ လူကြီးတော်တော်များများဟာ လူမိရင် ထုံးစံအတိုင်း စပ်ဖြီးဖြီးနဲ့ ခေါင်းကုတ်သလိုလုပ်ရင်း လက်ညှိုး ဟိုထိုး ဒီထိုးနဲ့ ...

"ဟဲ... ဟဲ... ဒီလိုပါပဲ... ဟဲဟဲ"

ဦးဟန်စိန်မြင့်ရဲ့ တဟဲဟဲစကားကြောင့် မင်းသန့်နဲ့ ကျွန်တော် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြပါတယ်။ ပြီးတော့ နားမလည် နိုင်သလို နှစ်ယောက်သား နှစ်ခေါင်းခါရင်း ဆက်လျှောက်လာမိသည်။

"တစ်ခုခုတော့ တစ်ခုခုပဲ မင်းသန့် ..."

မင်းသန့်ကလည်း ခေါင်းညိတ်သည်။ ဦးဟန်စိန်မြင့်ဆိုသူက လူ





ကြီးတစ်ယောက်ဖြစ်ပြီး သဘောကောင်းမနောကောင်းတစ်ယောက် ...

ကျွန်တော်တို့နဲ့က အပေါင်းအသင်းလိုပေါင်းတတ်ပြီး ကျွန်တော် တို့ကို ညီငယ်ရင်းများလို စောင့်ရှောက်ကူညီတတ်သူဖြစ်သည်။

ဈေးကွေ့နားအလွန်က လက်ဖက်ရည်ဆိုင်ထဲ သူတို့ လှမ်းဝင် တော့ ဒီဆိုင်မှာ လာသောက်ရင်း ရင်းနှီးစဖြစ်နေသူ အချို့က လှမ်း နှုတ်ဆက်ပါသည်။

ကိုအောင်ချိုနဲ့ ကိုသန်းထွန်းတို့ဝိုင်းမှာ ဝင်ထိုင်ရင်း ...

"နောက်ကျလှချည်လားကွ"

ကိုသန်းထွန်းစကားကို ပြန်မဖြေအားသေး။ အနားရောက်လာတဲ့ ...ဘားပွဲထိုးလေးကို မှာစရာရှိတာမှာပြီးမှ သူတို့နဲ့ မျက်နှာချင်းဆိုင်ရ ...သည်။

"ဟိုနှစ်ယောက်ကိုစောင့်နေတာဗျ။ စောင့်ပြီးတော့လဲ လိုက်လာ ...မဟုတ်ဘူး"

"မော်ကြီးတို့လား"

ရင်းနှီးပြီးသားမို့ ကိုအောင်ချိုက သိနေဟန်နှင့်မေးသည်။ ကျွန်တော် ... ရေနွေးကြမ်းနဲ့ ပလုတ်ကျင်းရင်း ခေါင်းညိတ်ပြပါသည်။

ထုံးစံအတိုင်း အနုအပတ်လာမယ့် ဘောလုံးပွဲအကြောင်းတွေ ...မိသည်။ ဦးဆောင်ပြောသူက ကျွန်တော်ပေါ့။

"ဒီပွဲကတော့ အင်္ဂလန်အတွက် သေရေးရှင်ရေးပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပဲ့မလား မောင်တိုးရာ၊ မင်းအင်္ဂလန်ကို အားကိုးမိလို့ ငါ့မှာလဲ ဝတ်စရာမရှိတော့ဘူး"

ကိုအောင်ချိုရဲ့ ညောင်နာနာစကားကြောင့် ကိုသန်းထွန်းနဲ့ မင်းသန့်က ရယ်ကြပါသည်။

"ဒီတစ်ခါ ယုံလိုက်စမ်းပါဗျာ"

"ဟော့ကောင် အင်္ဂလန်နဲ့ကန်မယ့် ခရီးအေးရှားကို ထည့်တွက်ဦးနော်၊ ခရီးအေးရှားက အုပ်စုထဲမှာ ထိပ်ဖြစ်နေတာ"

မင်းသန့်ရဲ့ တွေတွေဝေဝေစကားကြောင့် ကျွန်တော်ကပြုံးသည်။

"ဟော ထိုင်ဦးလေး... ဘာသောက်မလဲ"

စကားပြောဆိုနေရင်း ကိုသန်းထွန်းက လူတစ်ယောက်ကို နှုတ်ဆက်သည်။ ဒီလူကြီးက မရင်းနှီးပေမယ့် ဒီဆိုင်မှာထိုင်ရင်း မျက်မှန်းတန်းမိနေတာအတော်ကြာပါပြီ။

"ဒီကောင်လေးပြောတာ စိတ်ဝင်စားတယ် မောင်သန်း"

"စွတ်ဆက်လဲယုံမနေနဲ့ ဦးလေး၊ ဒီကောင်က ဦးလေးလိုပဲ တလွဲတချော် ..."

ဦးလေးကြီးက လက်ကာပြကာ ကျွန်တော့်စကားကိုသာ မျှော်လင့်နေပုံရပါသည်။ ကျွန်တော်ကလည်း ဆရာကြီးစတိုင်ပေါ့။ မသိရင် အားကစားအသံလွှင့်လိုင်းတစ်ခုခုက ဘောလုံးပွဲဝေဖန်သူလို ဘာလိုလိုပေါ့ဗျာ။

"မယုံမရှိနဲ့ဗျာ၊ ကိုယ့်အိမ်ကိုယ့်ကွင်းမှာ ဒီ ခရီးအေးရှားလောက်





တော့ တစ်ရေးနိုးထကန်တာတောင် နိုင်ပါတယ်ဗျာ"

"ကောင်လေး တယ်ရီတို့ အိုဝင်တို့ ပါနိုင်ပဲ့မလား"

ကျွန်တော်ကလည်း စွတ်တင်ပါသည်။

"ပါမှာပါ တယ်ရီဒဏ်ရာကပြန်ကောင်းလာပါပြီ၊ နောက်ဆုံး မပါင်တောင် အင်္ဂလန် အရံအသင်းနဲ့ ကန်တာတောင်နိုင်ပါတယ်"

"အေး ဟုတ်တယ် မင်းပြောတာဖြစ်နိုင်တယ်"

ဦးလေးကြီးကလည်း ကျွန်တော့်စကားထောက်ခံဟန်ဝင်ပြောသည်။

"ဒီပွဲမှာ သရေတစ်မှတ်ရရုံနဲ့ အင်္ဂလန်ခြေစစ်ပွဲအောင်ပြီး အင်္ဂလန် အုပ်စုထဲက အင်္ဂလန်ကို ကယ်တင်ခဲ့တဲ့ အစ္စရေးရဲ့ မျက်နှာကို ထောက်ပြီး အင်္ဂလန် မီးကုန်ယမ်းကုန် ကစားတော့မယ်။ ကဲ ရှင်းရှင်းပြောရရင် အင်္ဂလန် ဘယ်နှစ်ဂိုးသွင်းမှာလဲဆိုတာပဲ စောင့်ကြည့်၊ လှပတဲ့ ကစားကွက်တွေနဲ့ ရင်သိမ့်တုန်စရာကောင်းတဲ့ ဂိုးသွင်းတဲ့ ဖော်မြူလာတွေကို ဒီညအင်္ဂလန် အသင်းက ကစားပြပါမယ်၊ မယုံရင်ကြည့်လိုက်"

ကျွန်တော့်ရဲ့ အဆုံးသတ်စကားကြောင့် ဦးလေးကြီးက သူ့ပေါင်ကို ဖြန်းခနဲ အားရပါးရရိုက်လိုက်ရင်း ...

"အားရစရာကောင်းတဲ့စကားပဲ၊ ငါ့တူကို သိပ်ကျေးဇူးတင်တာပဲ၊ ကဲ မောင်သန်းထွန်းရေ ညကျရင် ဦးလေးကို ဖုန်းဆက်လိုက်၊ မင်းဧည့်ကျိုးဆောင်ပေးဦးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဦးလေး ကျွန်တော် ဆက်လိုက်ပါမယ်"

ဦးလေးကြီးက အပြုံးနဲ့ ကျွန်တော့်ကို သွားဦးမယ်လို့ပြောပြီး ဆိုင်ထဲက ထွက်သွားပါတယ်။

"မင်းစကားကြောင့် ဒီလူကြီး အင်္ဂလန်ဖြစ်သွားပြီ"

မင်းသန့်စကားကြောင့် ကျွန်တော်ကလည်း ...

"ငါပြောတာ ငါ့ခံစားချက်ပဲဟာ"

မင်းသန့်က နှာခေါင်းရှုံ့ရင်း ....

"အေး နိုင်ငံရင်အကြောင်းမဟုတ်ဘူး၊ ရှုံးလိုက်တော့ အဘိုးကြီး မင်းကို ဒေါ်ခီးမှာ သေရျာတယ်"

မင်းသန့်စကားကြောင့် ကျွန်တော် ပခုံးတွန့်ပြမိသည်။ အဲဒီအချိန် မှာ ဆိုင်ထဲကို လမ်းမှာတွေ့ခဲ့တဲ့ ကိုကြီးဦးလေးဟန်စိန်မြင့် ဝင်လာပြီး သူတို့ဝိုင်းမှာ ဝင်ထိုင်ပါသည်။ ကိုသန်းထွန်းနဲ့ ကိုအောင်ချိုက ထရပ် တော့ ဦးဟန်စိန်မြင့်က ...

"ဟ ...ငါလာတာနဲ့ ပြန်တော့မလို့လား"

ကိုသန်းထွန်းတို့က ပြုံးရင်း ...

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်တို့က ခင်ဗျားနဲ့ ဒီနှစ်ကောင်လို အလုပ်မရှိအကိုင်မရှိမဟုတ်တော့ မအားဘူးလေ"

ကိုသန်းထွန်းစကားကြောင့် ....

"ဟော့ကောင် နှစ်ကောင် မင်းတို့မပြန်ရင် ငါ ပြန်ရလိမ့်မယ်"

ကိုကြီးဦးလေးစကားကြောင့် ကိုသန်းထွန်းတို့က ရယ်သည်။





ကိုကြီးဦးလေးက စားသောက်ဆိုင်တစ်ဆိုင်ဖွင့်ထားပြီး သူ့ဆိုင် ညပိုင်းသာ အခါကရောင်းသည့်ဆိုင်ဖြစ်သည်။

ကိုသန်းထွန်းတို့ ထွက်သွားတော့ ဝင်ပေါက်ကို မျက်နှာချင်းဆိုင် ထိုင်တဲ့နေရာကို ရွှေ့ထိုင်ပြီး လမ်းမကို လှည့်တကြည့်ကြည့်နဲ့ ...

"ငါ့ကို အကူအညီတစ်ခုလောက်ပေးပါလား"

"ဘာအကူအညီလဲ၊ ကိုကြီးဦးလေး မိန်းမလိုချင်ပြီနဲ့တူတယ်"

ရမ်းစွတ်ပြီး ပြောတဲ့စကားက ချက်ကောင်းကို ထိမှန်သွားပုံရပါ သည်။ မျက်နှာကြီးကဖြီးပြီး တဟဲဟဲနဲ့ပေါ့။

"ငါ့ညီလေး တယ်တော်နေပါလား"

"ဗုဒ္ဓေါ တကယ် ..."

တကယ်တမ်းအမှန်အတိုင်းဖြစ်နေတော့ ကျွန်တော်ရော မင်းသန့် ရော ချက်လုံးပြုံးသွားရပါသည်။

"ကူညီပါကွာ"

"ဘာကူညီရမှာလဲ"

အကူအညီစကားကို တတွင်တွင်ပြောနေသော ကိုကြီးဦးလေး စကားစဖို့ ခက်နေပုံရပါသည်။ ပြောင်နေတဲ့နဖူးကို ပွတ်လိုက်နဲ့ ပြောမြိပ်ါ။

"ဟိုလေ... ဟို... ဘယ်လို လိုက်စကားပြောရမှန်းမသိဘူး၊ ပြီး တော့ ငါနဲ့သက်တူရွယ်တူဆိုတော့ သူ့မှာ အိမ်ထောင်ရှိမရှိ .."

"ဟိုး တော်ပြီ၊ ကျွန်တော့်ကို ဦးလေးကိုကြီးရဲ့ အသည်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြ"

ဆရာကြီးစတိုင်နဲ့ ပြောတော့ ဦးလေးကိုကြီး ဝမ်းသာအားရ
သွားသည်။

"ဟာ ကျေးဇူးတင်လိုက်တာ ကျေးဇူးရှင်ရယ်၊ လာ အခုပဲ လိုက်"

"ချက်ချင်းကြီးပါလား ..."

မင်းသန့်ကို ခဏထားခဲ့ကာ ဦးလေးကိုကြီးနဲ့အတူ ဆိုင်အပြ
ထွက်သွားပါသည်။

"ငါ ခုန ဈေးမှာရှာတာ မလာသေးဘူး၊ သူဈေးလာဝယ်တတ်
တယ်၊ လာခါနီးပါပြီ"

လက်⋯နာရီကိုကြည့်ရင်း ဟိုကြည့်ဒီကြည့်နဲ့ ကြီးမှ ဝက်သ
ပေါက်ချင်နေတဲ့ ကိုကြီးဦးလေးကြောင့် မမြင်အောင်ကျိတ်ရယ်မိသည်
သြော်အချစ် ...အချစ် ....

"ဟော... လာပြီ"

ရှေ့ကို တရွေ့ရွေ့လှမ်းလာတဲ့ ဦးလေးကိုကြီးရဲ့ ဟိုဒင်းဟို
ဆိုတော့ ဒေါ်ကြီးအစ်မပေါ့။ ဒေါ်ကြီးအစ်မက ဦးလေးကိုကြီးကို မြ
တော့ ရှက်သလိုလိုဖြစ်သွားတာ အကဲခတ်မိလိုက်သည်။ ဦးလေ
ကိုကြီးက အညို့ခံရသူလို ဒေါ်ကြီးအစ်မနောက်က လိုက်မယ်လု
တော့ ကျွန်တော် ဦးလေးကိုကြီး လက်ကောက်ဝတ်ကို လှမ်းဆွဲထာ
ရင်း ...

"ဘယ်သွားမလို့လဲ"





"တား ...လိုက်သွားမယ်လေ"

"တားက လိုက်လို့မရဘူး"

"ဘာဖြစ်လို့ ..."

"သူ့ အိမ်ထောင်ရှိမရှိ ကျွန်တော် ဈေးထဲမှာ လိုက်စုံစမ်းရမယ်၊
ား ...အဲ ဦးလေးကိုကြီးက လက်ဖက်ရည်ဆိုင်မှာ မင်းသန့်နဲ့အတူ
ိုင်နေ ဟုတ်လား"

ကျွန်တော့်စကားကြောင့် ဦးလေးကိုကြီးက အင်တင်တင်ဖြစ်ချင်
ခံရပါသည်။

"သွားပါဗျာ သိပ်မကြာစေရဘူး"

"ဟင်းနော် ...တားက လိုက်ချင်နေတာ"

ဦးလေးကိုကြီးက စပ်ဖြီးဖြီးနဲ့ လှမ်းနောက်နေပါသည်။ ဦးလေး
ကြီးကို တွန်းလွှတ်ပြီး ဒေါ်ကြီးအစ်မနောက်ကို မီအောင်ပြေးလိုက်
း ခပ်လှမ်းလှမ်းကနေ အကဲခတ်နေပါသည်။

တကယ်တမ်းလေ့လာကြည့်တော့ ဒေါ်ကြီးအစ်မက ခန့်ခန့်
ည်ထည်နဲ့ ကျက်သရေရှိတဲ့ အလှမျိုးပါ။ ကိုကြီးဦးလေးတို့များ
ရွေးချယ်တတ်တာအံ့သြပါရဲ့။ ဒေါ်ကြီးအစ်မနောက်ကနေ ဈေးထဲ
ိက်ဝင်ရင်း မျက်ခြည်မပြတ် အကဲခတ်သည်။ ပထမ ကြက်သားဝယ်
ယ်၊ နောက်တော့ သစ်သီးသစ်ရွက်တွေ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်နဲ့
ဲ၊ နောက် ကုန်စုံဆိုင်တစ်ဆိုင်ကို ဝင်ပါသည်။

"မဝေတို့များ ဘယ်အချိန်ကြည့်ကြည့်လှနေတာပဲ ...ဟဲဟဲ"

www.burmeseclassic.com



ကြက်သွန်တွေကို ခြင်းထဲရွေးထည့်ရင်း ဒေါ်ကြီးအစ်မဝင်လာ
လာချင်း ရွှေသွားတွေအကုန်ပေါ်မတတ် တဟဲဟဲရယ်ရင်း ပြောလိုက်
တဲ့လူကြောင့် ကျွန်တော် အားတက်သွားပါသည်။

"သိပ်လည်းမြှောက်မနေပါနဲ့ ကိုလှဦးရယ်၊ ဒါနဲ့ မမရွှေး ဘယ်
သွားလို့လဲ"

"အိမ်ခဏပြန်သွားတယ်၊ ထမင်းချိုင့်သွားယူတာလေ"

ကျွန်တော်သိချင်တာလေးတွေ အဆင်ပြေပြီလို့ ဦးလှဦးကို မေး
လိုက်ကတည်းက သိလိုက်ပါသည်။ မသိမသာ အဲဒီနားမှာရစ်
ဒေါ်ကြီးအစ်မ ဈေးဝယ်ပြီးစီးချိန်ကို စောင့်နေရပါသည်။ ဒေါ်ကြီးအစ်
ဆိုင်ထဲကထွက်လာတော့ ကျွန်တော် ထပ်လိုက်သွားဖို့မလိုအပ်တော့
ပါ။ စီးကရက်ကိုလွှင့်ပစ်ပြီး ဖိနပ်ဦးနဲ့နှင်းချေပြီး ကြက်သွန်တွေ အာလူး
တွေကို အလေးချိန်စီးအောင် ရေထိုးရင် ကောင်းမလားလို့ စဉ်းစား
ပုံရတဲ့ ဦးလှဦးဆီ သွားကာ ...

"ကြက်သွန်နီ ဆယ်ပိဿာလောက်"

"အလို ကျားသားနဲ့ မုန့်ကြွပ်"

ဦးလှဦး ယောင်ပုံက အဲဒီလိုပါ သူ့ကို အံ့သြဟန်နဲ့ ကြည့်ရင်း

"ထူးထူးဆန်းဆန်း ဈေးတွေဘာတွေ လာလို့ပါလား"

ကျွန်တော်က အာလူးနှစ်လုံးကို လေမှာ မြှောက်ဆော့ကစား
ရင်း...

"ဦးလှဦး ကျွန်တော် သိချင်တာလေးတစ်ခုရှိလို့ ..."





"ဘာအကြောင်းလဲ"

ကြက်သွန်တွေ ချိန်တွယ်နေရာမှ ကျွန်တော့်ကိုမကြည့်တဲ့ ဦးလှဦး
က လှမ်းပြောသည်။

"ခုန ဝင်လာတဲ့ ခပ်ချောချော အန်တီကြီးအကြောင်း"

ကျွန်တော်လည်း စကားဆုံးရော ဦးလှဦး ချိန်တွယ်နေတဲ့ ကြက်
သွန်ခြင်းဟာ မှောက်ကျသွားတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ ပါးစပ်ကြီးဟ
ချက်လုံးကြီးပြူးရင်း ကျွန်တော့်ကို ...

"မင်း ...မင်းက မင်းထက်အသက်အရွယ်ကြီးတဲ့ ..."

"ဟာ မဟုတ်ဘူး ...ဒုက္ခပါပဲ ....ကျွတ်"

ခေါင်းကုတ်ရင်း ဘယ်လိုရှင်းပြရမလဲ စဉ်းစားနေမိသည်။ မထူး
တော့ပြီမို့ ....

"ကျွန်တော်မဟုတ်ဘူး ဦးလှဦးသူငယ်ချင်း ဦးလေးကိုကြီးလေ"

"ဗုဒ္ဓေါ ဟန်စိန်မြင့် ...ဟုတ်လား"

ကျွန်တော်က ခေါင်းညိတ်ပြတော့ ...

"ခုနတည်းက အဲဒီလိုပြောပါလား"

ဦးလှဦးစကားကြောင့် ကျွန်တော်ကလည်း ...

"ဦးလှဦးက စကားဆုံးအောင်မှ နားမထောင်တာ၊ လုပ်ပါဗျာ
သိသလောက်လေး... ပွဲတည့်ရင် ဦးလှဦးလဲ တစ်ဝိုင်းကောင်းကောင်း
သောက်ရမှာပါ"

"အင်း ဒီကောင်ကြီးနဲ့ဆိုလိုက်တယ်ကွာ၊ နေပါဦး ဒီကောင်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကဘယ်လိုဖြစ်သွားရတာတုန်း၊ အစက သက်နံ့းပဲစည်းမလို လို ဘာလိုလိုနဲ့ ...”

ကျွန်တော်က ရယ်ပဲရယ်နေမိတော့တယ်။ ဘာပြောလို့ရမလဲ လူတွေရဲ့ အချစ်ဆိုတာကို ...

“မဝေစိုးက အပျိုကြီးကွ...”

“သေချာလား ...”

“သေချာတာမှ သေပြီတော့အောင်ချာလိုက်ချင်သေးတယ်”

“ကျွန်တော်လိုချင်တာ အဲဒီသတင်းပဲ သွားပြီး”

“ဟော့ကောင် နေဦးလေ ...ဩော် ဘယ်လိုကောင်လဲမသိဘူး”

ကျွန်တော်သိချင်တဲ့သတင်းထူးရပြီမို့ ထွက်လာတော့ ဦးလှဦး က မကျေမနပ်နဲ့ ကျန်ရစ်ခဲ့ပါသည်။

ဒီလူကြီးက စကားသိပ်ပြောချင်တဲ့လူကြီး လစ်မထွက်လို့မဖြစ်ပါ





“ဖြစ်ပါ့မလားကွာ”

အသံကညောင်နာနာနဲ့ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသော ကိုကြီး ဦးလေးအသံကြောင့် ကျွန်တော်က တွန်းလွှတ်ရင်း ...

“ဖြစ်ပါတယ် ကျွန်တော်ပြောတဲ့အတိုင်းသာလုပ်စမ်းပါ၊ ခုနပြော တော့ မဝေစိုးအတွက်ဆိုရင် ဇရက်တောင်ကို ရဟတ်ယာဉ်နဲ့ တိုက် ရတယ်ဆို”

“အဲဒါ ရဟတ်ယာဉ်လေ ...အခုဟာက ...”

“ကိုကြီးဦးလေး မသွားရင် ကျွန်တော်သွားမှာနော်”

“မောင်မင်းကြီးသား ခင်ဗျားလေးမသွားပါနဲ့၊ ကျုပ်ပဲ သွားပါ့မယ်၊ ဟဲ မောင်ဟာန်စိန်မြင့် မင်းနှလုံးကို ရဲဆေးတင်တော့၊ ဟုတ်ပြီ မင်းသွေး တွေ ရဲလာပြီ ....”

“ရဲလာရင် ဇာတ်သိမ်းပိုင်းရောက်ပြီ”

ကျွန်တော်က လှမ်းနှောက်မိတော့ လူကြီးတန်မယ့် ကလေးလို ချက်စောင်းထိုးတာကြည့်ပြီး ကျွန်တော်က တဟားဟားရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရယ်သံကြောင့် ကျွန်တော်တို့ရှေ့သာသာက လျှောက်နေတဲ့ အဒေါ်ကြီးအစ်မက လှည့်ကြည့်သည်။ အဲဒီအကြည့်ကြောင့် နှစ် ယောက်လုံး ခြေလှမ်းနေတာကို ရပ်ပြီးတွန့်သွားမိပါတယ်။ ဟုတ်တယ် ဘယ်လိုဖြစ်ပါလိမ့်၊ သူတို့နှစ်ယောက်ကို မကျေနပ်ဟန်ကြည့်တဲ့ အကြည့်မျိုး...

"ဖြစ် ...ဖြစ်ပါ့မလားကွာ ..."

"ဖြစ်တယ် ...သွားသာသွားစမ်းပါဗျာ"

ကျွန်တော်အတင်းတွန်းလွှတ်တဲ့အရှိန်နဲ့ ဦးလေးကိုကြီးခမျာ ဒေါ် ဝေစိုးရဲ့ ဘေးကို အရှိန်နဲ့ရောက်သွားပြီး ဟပ်ထိုးလဲမတတ်ဖြစ်ကာ ဒေါ်ကြီးအစ်မဒေါ်ဝေစိုးရဲ့ပခုံးကို လှမ်းကိုင်ထိန်းမလိုလိုဖြစ်သွားသည်။

"ဩော် ဘယ်လိုလူလဲ ..."

မကျေမနပ်အသံနဲ့ မကြီးဒေါ်လေးရဲ့ စကားကြောင့် ဦးလေး ကိုကြီး ....

"ဝေ့ ဘေးနားက အချစ်တော်လူသားပါ ဝေ ..."

"ဘာ.."

ဒေါ်ကြီးအစ်မ အံ့သြသွားတာလား ဘာလားမသိပါ။ ဘာဆိုတဲ့ အသံကတော့ ကျွန်တော် ကောင်းကောင်းကြားလိုက်ရပါတယ်။ ပြီး တော့ ဒေါ်ကြီးအစ်မက ဟိုကြည့်ဒီကြည့်နဲ့ ကျွန်တော့်ကိုလည်း နောက်လှည့်ပြီး ခပ်စိန်းစိန်းကြည့်တယ်။

"ဒီကောင်တိုးတိုးကတော့ပြောတယ်၊ လောကမှာ မလိုက်ဖက်





ဆုံးက လက်ထိပ်ရယ် ရာဇာနေဝင်းကေနဲ့ ပရက်စလေမျက်မှန်က တွဲစပ်ကြည့်လို့မရဘူးတဲ့၊ ကိုယ်နဲ့မင်းကတော့ လိုက်ဖက်တယ်တဲ့လေ"

"ဘာတွေလာပြောနေတာလဲ"

ဆောင့်ကြီးအောင့်ကြီးနဲ့ ပြောလာတဲ့ ဒေါ်ကြီးအစ်မ စကား ကြောင့် ဦးလေးကိုကြီးက ...

"အချစ်စကား ချစ်ခြင်းမေတ္တာရဲ့တစိမ့်စိမ့်ကျလာတဲ့ ရေစီး ရင်ခုန်သံတွေ ဝေ ကိုယ့်ကိုနားလည်ပေးပါ"

ဒီတစ်ခါကျမှ ဒေါ်ကြီးအစ်မက မျက်နှာကြီးရဲ့ ဒေါသတွေ ကုန် ဈေးနှုန်းလို တလိပ်လိပ်တက်လာရင်း ခါးပေါ်လက်ထောက်ကာ ဦးလေးကိုကြီးနဲ့ ခပ်လှမ်းလှမ်းက ကျွန်တော့်ကို တစ်လှည့်တစ်ပြန်စီ ကြည့်ပြီး ...

"နားတော့မလည်ဘူး ပါးတော့လည်သွားမယ်၊ လူကို ဘာမှတ် နေလဲ လိုက်ရဲရင်လိုက်ခဲ့ကြည့်"

"လိုက်ရဲရင်လိုက်ခဲ့ကြည့်ဆိုတော့ တို့ကိုခေါ်တာလားဟင်"

ကိုကြီးဦးလေးရဲ့ ညောင်နာနာအသံကြောင့် ဒေါ်ကြီးအစ်မက လည်း ...

"ခေါ်တာမဟုတ်ဘူး သေရွာပို့မှာ"

ဈေးခြင်းကိုကိုင်ကာ ဆောင့်အောင့်ထွက်သွားသော ဟီးနိုးကား ကြီးလို ဒေါ်ကြီးအစ်မ ထွက်ခွာသွားပါတယ်။ ကျွန်တော် ဦးလေးကိုကြီး နားသွားတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အသည်းတွေကွဲပါပြီကွာ ...လာသွားမယ်"

"ဘယ်သဲ့ အရက်ဆိုင်လား ..."

"ဟင့်အင်း မုန့်ဟင်းခါးဆိုင်"

"စိတ်မလျှော့စမ်းပါနဲ့ဗျာ ဖြစ်ပါတယ်၊ ဒီအရွယ်ဆိုတော့ နည်းနည်းတော့မူမှာပေါ့၊ ဒါနဲ့ ဘူးသီးကြော်ပါထည့်မှာနော်"

ကျွန်တော်ကို ကိုကြီးဦးလေးက ခေါင်းညိတ်ပြရင်း တံတွေးမျို ချပါသည်။





ဒေါ်ဝေမိုး ဈေးကပြန်လာလာချင်း ဒေါ်နဲ့မောနဲ့ထိုင်ချလိုက်ပြီး ပိုက်ဆံအိတ်ကို စားပွဲပေါ် အသံမြည်အောင် ပစ်ချလိုက်ရင်း တောက်ခေါက်သည်။

"တောက်"

"ရှာရာပိုဗာ ငါနဲ့ညား အဲ... ဘွာတေး"

ကိုယ်ဖြစ်ချင်တာတွေ ရောယောင်နေတဲ့ မောရိယမန်းဆေး တောင်မကယ်တင်နိုင်တဲ့ ရောင်ပုံမျိုးကြောင့် ဒေါ်ဝေမိုးက ယောက်ျား ဖြစ်သူကို မျက်စောင်းထိုးပါသည်။

"အသက်ကကြီးနေပြီ နှာထချင်နေတယ်"

"အဟဲ... ဟို... ယောင်သွားလို့ပါ"

"ရှင့်ကိုပြောတာမဟုတ်ပါဘူး"

ဒေါ်ဝေမိုးစကားကြောင့် ဦးသက်စောက အားကျတာဟုနယ်



www.burmeseclassic.com

www.burmeseclassic.com



ဖတ်နေရာမှ ဘယ်သူများရှိလဲ နောက်ပြန်လှည့်ကြည့်မိပါသည်။ ဘယ်သူမှလည်း ရှိမနေပါ။ နံရံပေါ်ကြည့်တော့လည်း သူ့အဖေဓာတ်ပုံသာ နှုတ်ခမ်းမွေးကော့ကော့ကြီးနှင့် ငါးချူပြုံးလေးပြုံးရုံ ဆိုတာလေး( ဝေမိုးများ အဖေ ဇာတ်လမ်းတစ်ခု ရှုပ်ခဲ့ဖူးတာ သိများသိသွားပြီလား) ဒါကြောင့်...

"လူဆိုတာ အမှားနဲ့တော့ ဘယ်ကင်းနိုင်ပါ့မလဲ၊ မင်း ခွင့်လွှတ်လိုက်စမ်းပါကွာ"

ဦးသက်စောစကား ကြားတော့ ဒေါ်ဝေမိုး ဒေါသပိုဖြစ်ရပါသည်။

"ခွင့်လွှတ်ရအောင် အဲဒီအမှားက ကျုပ်ကိုမှားတဲ့အမှားရှင့်"

"ဘာ... မင်းကိုမှားတာ၊ ဘာ...ဘာတွေဖြစ်ကုန်တာလဲ၊ အဖေ... အဖေဗျာ ရက်စက်..."

ဦးသက်စော ထိုင်ခုံမှ ဝုန်းခနဲထရပ်မိအောင်ဖြစ်သွားရင်း သူ့အဖေဓာတ်ပုံကိုကြည့်ကာ ကြေကြေကွဲကွဲပြောတော့ ဒေါ်ဝေမိုး မျက်လုံးတွေပြူးကျယ်သွားရင်း...

"ရှင် ဘာတွေပြောနေတာလဲ"

ဦးသက်စော ဇနီးဖြစ်သူဘက် လှည့်ရင်ဆိုင်ရင်း...

"မင်းပဲပြောတော့၊ အိုကွာ..."

"ဟာ တော်ပါတော့ ကိုသက်စောရယ်၊ ကျွန်မပြောတာ အဲဒါ မဟုတ်ဘူး"

ဦးသက်စောကို စိတ်ပျက်လက်ပျက်နဲ့ပြောနေစဉ်မှာ ဒေါ်ဝေမိုး





ရဲ့ညီမ၊ အမြွာလို့ထင်ရလောက်သည့် ညီမငယ် အပျိုကြီး ဒေါ်ဝေစိုးက အစ်မဘေးမှာ ဝင်ထိုင်ရင်း...

"ဘာတွေဖြစ်လာတာလဲ မမရယ်"

"ပြောရမှာတောင် ရှက်တယ် ဝေစိုးရယ်၊ ငါ ညည်း ဒီနေ့ ဘုန်းကြီးကျောင်းသွားလို့ တစ်ခါတလေ ဈေးသွားဝယ်ပါတယ် လမ်းမှာ ဘယ် လူတစ်ယောက် ငါ့ကို ရည်းစားစကား လိုက်ပြောတယ်"

"ဘာကွ မင်းကို... ဟာကွာ၊ ဘယ်ကကောင်လဲ၊ မင်း ဘာမှ ပြန်မပြောဘူးလား"

အခုမှပေါက်ကွဲပြနေတဲ့ ဦးသက်စောကြောင့် ဒေါ်ဝေမိုး မျက်စောင်းထိုး နှုတ်ခမ်းမဲ့ပြမိသည်။

"ဝေမိုး တစ်မိုးပဲရှိတယ်၊ နှစ်မိုးရှိရင် နှစ်ခါရွာပစ်လိုက်မယ်၊ ကြည့်တော့ လူကြီးလူကောင်းလိုလိုနဲ့ နမူးကပြောင်နေပြီ..."

ဒေါ်ဝေးစိုး အစ်မဖြစ်သူစကားကြောင့် ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရင်း သူ့ကို ပြေးမြင်ယောင်မိသည်။ သူနဲ့ ဒေါ်ဝေးစိုး အပြန်အလှန် မျက်လုံးချင်းစကားပြောနေတာ ကြာခဲ့ပါပြီ၊ အသက်အရွယ်တွေအရ ဣန္ဒြေဆိုတဲ့ အဲဒီကောင်ကြီးက တံတိုင်းတစ်ခုလိုခံနေတော့ ဝေစိုးနဲ့ သူ့ရဲ့ချစ်ချင်းမေတ္တာဟာ တောင်ကျချောင်းတစ်ခုရဲ့ ဟိုဘက်ဒီဘက်လို မြင်နေရက်နဲ့ ဝေးနေခဲ့ရတာ။

"အဲဒါ ဟဲ့..."

"ရှင် အဲ... ဟုတ်တယ် မမ"



www.burmeseclassic.com

www.burmeseclassic.com



အတွေးလွန်သွားလို့ စကားရောဖောရောနဲ့ အားတက်သရော ဟုတ်တယ်ပြောလိုက်ခဲ့ရပါသည်။

မမရဲ့ မေတ္တာမဲ့သံတွေ၊ တောက်တခေါက်ခေါက်နဲ့ အိမ်ထဲမှာ လက်သီးလက်မောင်းတန်းနေတာတွေကြောင့် ဒေါ်ဝေစိုး ရင်ထဲမှာ မကောင်းပါ။

တစ်သက်မှာ တစ်ခါသာသီးခဲ့ရတဲ့ ရက်လွန်သစ်သီးပေမယ့် ချိုမြ နေတယ်ဆိုတာ... အို ရှုပ်ကုန်ပါပြီ။

ဒေါ်ဝေစိုး ခေါင်းကို မသိမသာခါရင်း ထထွက်လာခဲ့မိသည်။

⚓ ⚓ ⚓





"တော်ပါပြီ ဟော့ကောင်ရာ"

"ဒီတစ်ခါ တကယ်ပါဗျာ၊ ကျွန်တော် သေသေချာချာ တိုင်းပြီးပါ ... အဲလေ ကြည့်ပြီးပါပြီ"

ကျွန်တော်က လက်ဖက်ရည်ဆိုင်ကို တစ်ချက် မသိမသာ ငုံ့ ကြည့်ပြီး ရက်ပြုံးလေးဖြစ်သွားတဲ့ မကြီးဒေါ်လေးကြောင့် ဒီတစ်ခါ ...တော့ အစစ်အမှန်ဆိုတာ ယုံကြည်လိုက်ပါသည်။ ကိုကြီးဦးလေးက ...တော့ အထိနာတဲ့ လဒကြီးလို အစာဟောင်းကိုမြင်နေရလျက်နဲ့ ရိုင် ...ယ်သံကို ကြောက်နေသူလို...

"ငါ ကြောက်တယ်"

"တစ်ခွန်း နှစ်ခွန်းဗျာ အခြေအနေမကောင်းရင် ပြန်လစ်ခဲ့၊ ...ဗျာ"

အတင်းဆွဲတော့ ကိုကြီးဦးလေး ပါလာခဲ့ပါသည်။ ဒီတောင် ...တော်



www.burmeseclassic.com

www.burmeseclassic.com



ကနေ အတင်းတွန်းလွှတ်ရင်း...

"သွားပါဗျာ ကိုကြီးဦးလေးလုပ်မှ လူတွေဝိုင်းကြည့်နေလိမ့်မေ အဆင်ပြေမှာပါ တကယ်ပါ သွားပါဗျာ ကျွန်တော် ရဲစခန်း လိုက်ခဲ့မယ်

"ဘာကွ"

"ဟဲ ဟဲ နောက်တာပါ၊ သွားပါဆို"

အနီးဆုံးရောက်တဲ့အထိ တွန်းလွှတ်လိုက်တာကြောင့် ကိုကြ ဦးလေး ခမျာ အရှိန်လွန်သွားကာ ဒေါ်ဝေစိုးကိုကျော်ပြီး ဟပ်ထိုး မယ်အလုပ် ဒေါ်ဝေစိုးက ယောင်ပြီး ကိုကြီးဦးလေးလက်ကို လှမ်း ထားရသည်။

"ကျေးကျူးပဲ"

အမှန်တော့ ကျေးဇူးပဲပြောရပါမည်။ သို့ပေမယ့် ရင်သိမ့် ဝတ္ထုတစ်ပုဒ်လိုဖြစ်ရပ်၊ ဒါမှမဟုတ် ကယောင်ကတမ်းနဲ့ ပြောမိ ကြောင့် အခုလို ကျေးကျူးပဲလို့ ကိုကြီးဦးလေး ပြောမိပါသည်။

"အို... ကန်တော့"

ဒေါ်ဝေစိုးက အခုမှ သတိဝင်ကာ လက်ပြန်ရုပ်တော့ ကိုကြ ဦးလေးက ဒီတစ်ခါတော့ ရှေ့မှတ်တိုင်မှာ လူအုပ်ကြီးမြင်လိုက် စပယ်ယာရဲ့မျက်နှာလို ငေးလက်သွားပြီး...

"အိုး.. မကန်တော့ပါနဲ့ ဟန်နီရယ်၊ ကိုယ့်လက်ကို ပြန်ကိုင် ပါ၊ ကြာပါတယ် ကိုယ်ပဲ ကိုင်ထားတော့မယ်"

ဟိုဘဝက ဒသဂီရိသေလို့ ဝင်စားသလားအောက်မေ့ရအေ





လက်ရဲဇက်ရဲနိုင်လှသည့် ကိုကြီးဦးလေးကြောင့် တစ်ချိန်မှာ မကြီး ဒေါ်လေးဖြစ်လာမယ့် ဒေါ်ဝေစိုးသည် ရှက်လည်းရှက် ရင်လည်းခုန် ရင်ထဲမှာ ဆတ်ကော့လတ်ကော့ကြီးဖြစ်သွားကာ..

"ဟယ်... ရှင်နော်"

"ကို ရှင်နော်မဟုတ်ပါဘူး၊ ကိုယ် နေနော်ကိုပဲကြိုက်တာပါ၊ ဝတ္ထု ဝတ္ထု"

"ရှင် လွှတ်ပါ"

"လွှတ်ဘူးဆို လွှတ်ဘူး"

လမ်းလယ်ကောင်မှာ VCD များ ရိုက်နေကြတဲ့ဇာတ်ဝင်ခန်း ကြောင့် ကိုကြီးဦးလေးက...

"ခဏလေးဖြစ်ဖြစ်ပါ ဝေစိုးရယ်၊ အသက်ကြီးမှချစ်ခွင့်ပန်လို့ ဖြစ် လာတဲ့အန္တရာယ်ကိုလဲ တစ်ပွဲတိုး ကိုယ် ဖြေရှင်းရဲပါတယ်"

"ငယ်ငယ်တုန်းကနားထောင်ခဲ့ရဖူးတဲ့ အသံသွင်းဇာတ်လမ်းထဲ ကအတိုင်း ကိုကြီးဦးလေးက ပြောတော့ ဒေါ်ဝေစိုးကလည်း သူမ ကြိုက်သည့် ဒေစီကျော်ဝင်းအသံနဲ့...

"နားထောင်ကောင်းအောင်း နားကို ရေလောင်းနေတာလား ရှင် ရယ်၊ သွား အပိုတွေ"

"အပိုတွေဆိုပေမယ့် တစ်ကိုယ်ရည်သမား ကိုကိုမြင့်ရင်ခွင်ထဲမှာ ရုံပြည်ရုံလျှံ ချစ်ခြင်းတရားနဲ့ မင်းလာမယ့်လမ်းကို ဖြန့်ခင်းထားပါတယ်"

ကိုကြီးဦးလေးဟာ လက်ဟန်ခြေဟန်တွေပါလာပါသည်၊ အမှန်



www.burmeseclassic.com

www.burmeseclassic.com



ဆို ဒီအချိန်ဟာ ကုလားကား မြန်မာကားတချို့လို နောက်ခံသီချင်း ဖွင့်သင့်သည်။ ကုလားကားထဲကလို ဆယ့်ငါးမိနစ်လောက် ဒီ ဈေးသွား ဈေးပြန်ကြားမှ မျက်စိနောက်လောက်အောင် ကသင့် သီချင်းဆိုသင့် တာပေါ့။

ရုပ်ရှင်ထဲမှာဆို ပွဲကပြီးပြီဟု ကိုကြီးဦးလေး မချင့်မရဲ တွေးလိုက်မိသည်။ လှမ်းမြင်နေရတဲ့ ဘယာကြော်သည် ကုလားကြီးကို ဇွေ့ပတ်ပြီး နှစ်ယောက်သား ကမလား။ ရှေ့မှာမြင်ရတဲ့ ဆိုက်ကားဆရာတွေကို ခေါ်ပြီး ယိမ်းတိုက်ပြီးကမလား။ အခုတော့...

"သွားတော့မယ်နော်၊ မနက်ဖြန် ဒီကစောင့်နေ

မျက်စလေးပင့်ပြရင်း မခို့တရို့နဲ့ မကြီးဒေါ်လေးက ထွက်ခွာသွားပါသည်။





"ဟဲဟဲ"

"ဟင်းဟင်း"

နှဖူးလေးကိုပွတ်ပြီး ကိုကြီးဦးလေးက သဘောတွေကျကာ တဟဲဟဲနဲ့ရယ်ပြီး ကျွန်တော် ရပ်နေရာဆီ လျှောက်လာတော့ ကျွန်တော်ကလည်း 'ဟင်းဟင်း'ဆိုပြီး ပြန်ရယ်ပြတာပေါ့။

"ဟဲ ဟဲ ဟဲ"

အခြေအနေကောင်းလာပြီဆိုတာ မဟာဘုတ်တိုင်ထူစရာတောင် မလို၊ သိန်းငါးရာပေါက်ပြီး အနေအထိုင်မထတ်တဲ့ လမ်းဘေးကကောင်လို ကိုကြီးဦးလေးခမျာ သူ့မျက်နှာကို ဘယ်မှာသွားထားရအောင်မသိ ဖြစ်နေပါသည်။

"သိပ်ကိုကျေးဇူးတင်တာပဲ ညီလေးရယ်"

"ဒါဆိုရင်လဲ အစ်ကိုကြီးရယ် အောင်ပွဲရလာတဲ့ လဒမင်းကြီး..."

"သူ့ရဲကောင်းကြီး ပြောပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် ကိုကြီးဦးလေးက မျက်နှာရှုံ့မဲ့မဲ့နဲ့ ပြော ပါသည်။

"ဆောရီး ကန်တော့နော် အစ်ကိုကြီးက အစ်ကိုကြီးပါ၊ အောင် သေအောင်သားပွဲလေး..."

ကျွန်တော့်စကားကြောင့် ကိုကြီးဦးလေးက ကျွန်တော့်ပခုံးကို ပုတ်ကာ...

"ကဲ... ညကျရင် ငါ့ဆိုင်လာခဲ့၊ မင်းအတွက် စပယ်ရှယ်အခန်း ငါ အသင့်လုပ်ထားမယ်၊ မင်းရဲ့ဒိဋ္ဌအယူဝါဒရဟန်းကြီးနှစ်ယောက်ပါ ခေါ်ခဲ့"

ကျွန်တော့်ကို ဦးလေးကိုကြီးက အခုလို ပြန်လည်နှိပ်ကွပ်တော့ ကျွန်တော်ကလည်း...

"အေးပေါ့လေ အရည်းကြီးကိုဇာ်းချုပ်ဆီသွားဖို့ ကျွန်တော် ဒီ ကောင်တွေကို ဆော်ဩ်လိုက်ဦးမယ်"

"အေးပေါ့လေ"

ဒီအချိန်ဒီအခါမှာတော့ ဘယ်လောက်ပြောပြော ကိုကြီးဦးလေး တို့က စိတ်ဆိုးမည်မဟုတ်။

ကျွန်တော့်ပခုံးဆီက သိုင်းဖက်ရင်း လျှောက်လာတော့ ကိုသန်း ထွန်းက မျက်နှာချင်းဆိုင်က လျှောက်လာရင်း...

"ဟာ တယ်အတွဲညီနေပါလား ဒေဝဒတ်နဲ့ မာရ်နတ်မင်းတို့"

ကိုသန်းထွန်းစကားကြောင့် ဦးလေးကိုကြီးက ပဋိသန္ဓာရစကား





အခုလိုဆိုသည်။

"မင်းကြီးတော် ဒေဝဒတ်နဲ့ မာရ်နတ်မင်းတဲ့၊ ငါတို့ကိုများ အဇာ သတ်က ပြောနေရတယ်"

ကိုသန်းထွန်းက တဟားဟားအော်ရယ်သည်။

"ကောင်လေး လှုပ်စမ်းပါဦး"

ကိုသန်းထွန်းစကားကြောင့် ကိုကြီးဦးလေးက မျက်နှာရှုံ့မဲ့သွား သည်...

"ကဲ မင်းတို့ပဲပြောကြတော့ ငါကတော့ ဒုက္ခမခံနိုင်ဘူး၊ တစ်ခါ ကလဲ ဘောလုံး ပြောလို့မဆုံးတော့ဘူး"

ကိုသန်းထွန်းက တဟဲဟဲရယ်ရင်း စီးရီးအေ၊ ပရီးမီးယားလိဂ် မှာ အကြွေးသမားများအသိရော ပြောပါတော့သည်။

လမ်းမပေါ်ကနေ အင်္ဂလန်ကိုရောက်သွားလိုက်၊ အီတလီကို ရောက်သွားလိုက်၊ စပိန်ကိုရောက်သွားလိုက်ပေါ့။

အိမ်မှာ ဈေးဖိုးတောင် လုံလုံလောက်လောက်မရှိဘဲနဲ့ သူ့ဘာ သာသူ ဟိုဘောလုံးသမားကို သန်း ဘယ်လောက်နဲ့ဝယ်လိုက်၊ ဒီဘော လုံးသမားကို သန်း ဘယ်လောက်နဲ့ဝယ်လိုက်နဲ့ စိတ်ကူးယဥ်လို့ကောင်း နေပုံရသည်။ ကျွန်တော်ကတော့ ခေါင်းတညိတ်ညိတ်။

⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ နင်ဆက်ဆက်လာနော်၊ ပြီးတော့ ဘာမှအများမလုပ်မိစေနဲ့"

စောမွှေ့ ပကားကြောင့် ယင်းမာတို့ မသက်တို့က ရယ်ကြပါသည်။ ကျွန်တော်ကတော့...

"နင်ကလဲဟာ ဒါပဲ ပြောနေရတယ်"

"အေးလေ ငါ့သူငယ်ချင်းလေးက တစ်ပတ်မှာ ရှစ်ရက်လောက်ပဲ မှားတဲ့ဟာကို..."

မော်ကြီးစကားကြောင့် ကျွန်တော်က မော်ကြီးကို လှမ်းကန်သည်။

ကျွန်တော်တို့အုပ်စု သူမတို့အခန်းက ဝရံတာမှာ ရပ်ပြီးစကားပြောနေမိခြင်းဖြစ်ပါသည်။ ကျောင်းသူတစ်ယောက်ကို လှည့်ငမ်းနေတဲ့ ကုလားရင်အုံကို မသက်က တံတောင်နဲ့တွတ်တော့ ယင်းမာက ပြုံးစေ့စေ့နဲ့ ...

"ဟဲ့ ယင်းမာ နင်နဲ့ နင့်ကိုကြီးအခြေအနေ ဘယ်လိုလဲ"





ကျွန်တော့်အမေးကြောင့် ယင်းမာက မျက်နှာခိုထွေးထွေးနဲ့ ခေါင်းငုံ့ကာ ရှက်နေပါသေးသည်။

"သိပ်လဲရှက်ပြမနေနဲ့ ယင်းမာ၊ နင့်လက်တွေ ရှက်ရှက်နဲ့ လိမ်ထားရတာ မုန့်ကြိုးလိမ်ဖြစ်နေဦးမယ်"

"မသာ"

ကုလားစကားကြောင့် ယင်းမာက ထောပနာသံပြုသည်။

"ဒီလိုပါပဲဟာ... ငါ အခြေအနေကိုလေ့လာနေတာ၊ တော်ကြာ အဖြေပေးပြီးမှ သူ့စိတ်ရင်းအမှန်တွေပေါ် လာမှာစိုးလို့"

"ဒါကတော့ ကံတရားပေါ့ဟာ၊ ကောင်းတယ် ဆိုးတယ် ဆိုတာ ကိုယ့်အပေါ် မှာလဲ မူတည်ပါသေးတယ်"

ညီညီက လူတတ်ကြီးလုပ်ပြီး ဝင်ပြောနေတော့ ကျွန်တော်က ပြုံးမိသည်။ ဒါကိုတွေ့သွားပုံရတဲ့ ညီညီက ...

"နင် ဘာရယ်တာလဲ"

ကျွန်တော်ပြန်မဖြေလိုက်ရပါ။ အိမ်ခိုင်က ကျွန်တော့်လို့ပဲ ရိပ်မိပုံရကာ...

"ဟဲ့... ရယ်မှာပေါ့၊ အားလုံးက သူ့လိုင်စင်နဲ့သူတွေချည်းပဲ၊ နင်က သွားပြီး ဆရာလုပ်နေတယ်၊ နင်က လိုင်စင်ရှိလို့လား"

အိမ်ခိုင်စကားကြောင့် ညီညီက ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ ညီညီ့ကို အားလုံးက ဝိုင်းရယ်ကြတော့ ညီညီက ...

"ငါ့ကျတော့ ပြောပြီး နင်ကျတော့ရော..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ ငါ့အိမ်က လူကြီးချင်း သဘောတူထားတဲ့ ငါ့ကိုကို ရှိပြီးသား။ အခု လွတ်နေတာက နင်နဲ့ မော်ကြီးပဲရှိတော့ ...ကဲ ..."

အားလုံးရဲ့ အကြည့်တွေကလည်း မော်ကြီးနဲ့ ညိုညိုကို မချိုမချဉ်နဲ့ ဝိုင်းကြည့်နေကြတော့ ကာယကံရှင်နှစ်ယောက်မှာ အနေခက်ကြပုံရပါသည်။ ဒါတောင် မော်ကြီး စပ်ဖြဲဖြဲနဲ့ ....

"ညို ပရိသတ်ကတော့ မြင်ထနှစ်ပါးသွားကိုတောင်းဆိုနေကြပြီ၊ လာ ကိုယ့်လက်ကိုတွဲ တောထဲမှာ သွားကကြမယ်"

ခပ်တည်တည်နဲ့ မော်ကြီးက ညိုညို့လက်ကို လှမ်းဆွဲတော့ ညိုညိုက မော်ကြီးကျောကုန်းကို လိုက်ရိုက်ပါတော့သည်။

ပျော်ရွှင်စရာကောင်းတဲ့ ပုံရိပ်တွေကို ကျွန်တော်နဲ့ စောမွန်ရင်ဖေပါင်တန်းငေးကြည့်နေရင်း စောမွန်က ကျွန်တော့်ကို အပြုံးနဲ့ မော့ကြည့်ကာ ...

"ငါ စိတ်ချမယ်နော်၊ မနက်ဖြန်မနက် ကိုးနာရီလောက် အိမ်ကိုလာခဲ့၊ လိပ်စာအတိုင်းပဲလာ၊ အဲဒီအချိန်လောက်ဆို မေမေလဲ ဘုန်းကြီးကျောင်းကပြန်လာပြီ"

"နင့်အမေ မွေးနေ့လား"

ယင်းမာက မေးတော့ စောမွန်က ခေါင်းညိတ်ပြရင်း ...

"အငွေ့အထူးတော့မဟုတ်ပါဘူး၊ ဘုန်းကြီးကျောင်းမှာ ဆွမ်းကပ်ပြီး အိမ်မှာ မိသားစု စုံစုံညီညီ စားသောက်ရုံလောက်ပါ။ အဓိကက တော့ တိုးတိုးကို အိမ်နဲ့ တွေ့ပေးရုံလောက်ပေါ့"





"နင့်အစ်ကိုရှိနေတော့ ဒီကောင်နဲ့ အဆင်ပြေပါ့မလား"

အိခိုင် အမေးကြောင့် စောမွန်က ...

"ရပါတယ်ဆိုပေမယ့် တိုးတိုးအပေါ် ငါ့အစ်ကိုက ဒီနေ့ထိ အခဲမကျေဘူး။ မေမေကိုတော့ ပြောထားတယ် သမီးသူငယ်ချင်းတစ်ယောက်ခေါ်လာမယ်လို့ မေမေက သိပုံရတယ် ပြုံးနေတယ်ဟ"

"အေး ...ဒါဆို ဟိုရုပ်ရှင်ကားနာမည်လို ပြုံးနေရင်း သတိထားနော်"

"ဟဲ့ မဦးမချွတ် ..."

မော်ကြီးရဲ့ နောက်ပြောင်မှုကို ယင်းမာကတားပါသည်။ စောမွန်ကတော့ တိုးတိုးကိုမော့ကြည့်ရင်း မျက်ခုံးပင့်ပြသည်။

တိုးတိုးကတော့ လေပူကြီးကို မှုတ်ထုတ်မိပါသည်။

အင်း ...မနက်ဖြန်...

⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com



"ငါ နောက်ကျနေလား"

စောမွန်က ခြံတံခါးဖွင့်ပေးပြီး ပြုံး၍ကြို့ဆိုတော့ ကျွန်တော်က မေးမိပါသည်။ သူမက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း--

"နောက်မကျပါဘူး၊ ဖေဖေနဲ့မေမေ ကိုကိုတို့ အပြင်သွားတယ် ခဏနေရင် ပြန်လာလိမ့်မယ် လာလေ"

သူမနဲ့အတူ ခပ်လှမ်းလှမ်းကအိမ်ဆီ လျှောက်လာတော့ စောမွန်က ကျွန်တော်ကို ငဲ့ကြည့်ရင်း ...

"ဒီနေ့ သွားနားနေပါလား ကိုယ်တော်"

ကျွန်တော် အဖြူလက်ရှည် ရှပ်အင်္ကျီကိုလက်ခေါက်ကာ ခပ်မှိုင်းမှိုင်းယောပုဆိုးနဲ့တွဲဝတ်လာတာကို စောမွန်က သတိထားမိပုံရသည်။

"အဟဲ ဒါတောင် ရှပ်အင်္ကျီအဖြူမရှိလို့ ကုလားဆီမှာ သွားငှားလာခဲ့ရတာ"





ကျွန်တော့်အပြောကြောင့် စောမွန်က ပါးစပ်ကို လက်ဝါးနဲ့ကာကာ ရယ်ပါတော့သည်။

"ကဲ ခဏထိုင်ဦး... ငါ တစ်ခုခုသွားစီစဉ်ပြုံက်ဦးမယ်"

ကျွန်တော်ကို ဆိုဖာပေါ်မှာ အကောင်လိုက်ထားသွားပြီး စောမွန်က အိမ်ထဲကို ဝင်သွားပါတယ်။ တစ်ယောက်တည်းအေးအေးလူလူ ထိုင်နေရင်း ထုံးစံအတိုင်း လုပ်စရာမရှိတော့ ဟိုကြည့်ဒီကြည့်ပေါ့။ ဒီလိုနဲ့ လျှောက်ကြည့်နေရင်းက နံရံပေါ်က လူကြီးတစ်ယောက်ရဲ့ ဓာတ်ပုံကို ကျွန်တော် တွေ့မိသွားပါတယ်။

ဓာတ်ပုံကိုကြည့်လိုက် စဉ်းစားလိုက်နဲ့ပေါ့။ စိတ်ထဲက စကားက ကျွန်တော် အပြင်ကို ခုန်ထွက်လာပါတယ်။

"နေပါဦး ဒီလူကြီးကို ဘယ်မှာမြင်ဖူးပါလိမ့်"

ခေါင်းထဲက အဖြေထွက်မလာခင်မှာ အိမ်ရှေ့ဆင်ဝင်အောက်ကို ကားတစ်စီးရပ်လိုက်တာတွေ့ရပါသည်။ ကွက်တိဆိုသလို ကော်ဖီဗန်းလေးကိုင် စောမွန်က အခန်းထဲက ထွက်လာပြီး ...

"အတော်ပဲ ...ဖေဖေတို့လဲ ပြန်လာပြီ"

ကားတံခါးဖွင့်သံပိတ်သံနဲ့အတူ ဓာတ်ပုံထဲကလူကြီးရယ် အန်တီကြီးနှစ်ယောက်နဲ့ ကျွန်တော်ရဲ့ ယောက်ဖလောင်းကြီးရယ်က ကားပေါ်က ဆင်းလာကြပါသည်။ ရှေ့ဆုံးကလူကြီးက ကျွန်တော့်ကို ကြည့်တော့ ကျွန်တော် မတ်တတ်ထရပ်မိသည်။

"ဟော သမီး သူငယ်ချင်းတောင် ရောက်လာပြီပဲ ထိုင်၊ နေဦး..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ ထိုင်မယ်လုပ်ပြီးမှ **"နေဦး"** ဆိုတဲ့ နောက်ဆက်တွဲ စကားကြောင့် ထိုင်ရမလို **ထရမလို ဖြစ်သွားမိပါသည်။**

လူကြီးက ဇဝေဇဝါဟန်နဲ့ **ကျွန်တော်ကို စူးစမ်းအကဲခတ်**နေမိ ရသည်။ ကျွန်တော်လည်း လူကြီးရဲ့ **မျက်နှာကို ဇဝေဇဝါနဲ့** ငေးကြည့် နေရင်း...

"ဒီကောင် ဒီကောင်ပဲ အဖေကြီး ..."

ဒီလူကြီး ဘယ်သူဆိုတာ ကျွန်တော်သိရှိလိုက်ချိန်မှာပဲ ဘေးနား ကအန်တီကြီးက ဒီဦးလေးကြီး လက်မောင်းကို လှုပ်ရမ်းရင်း ဒေါ တကြီး ပြော ါတော့သည်။

သွားပြီ။ ရှိသမျှ ဘုရားအပေါင်း ကယ်တော်မူကြပါတော့လို့ ကြ အော်လိုက်ချင်ပါသည်။ မောင်တိုးတိုးရယ် မင်းလောက်ဆိုးရွားလှ ကံ ရှိမှာမဟုတ်ဘူးလို့ အော်အော်ပြီး ငိုချင်းချပစ်လိုက်ချင်သည်။

ကြည့်စမ်းပါဦး။ ကျွန်တော် မရင်းနှီးတဲ့နေရာတစ်ခုမှာ ရန်သူ ကအများကြီး။ ယောက်ဖလောင်းကြီးက စိန်းစိန်းဝါးဝါးကြီးစိုက်ကြ နေပါတယ်။ ရုပ်ချင်းဆင်တဲ့ ညီအစ်မနှစ်ယောက်က တစ်ယောက် ကြင်ကြင်နာနာဟန်ရှိပေမယ့် တစ်ယောက် အစိမ်းလိုက်ဝါးစားချင် မျက်နှာမျိုး။

"ကျုပ်ကို လူတစ်ယောက် အတင်းရည်းစားစကားလိုက်ပြေ တော့ ဒီကောင် အဲဒီလူဘေးမှာရှိတယ် အဖေကြီး"

"ဘာကွ"





စောမွန်အဖေရဲ့ ကြုံးအော်လိုက်သံက ကျွန်တော့်မှာ ရှူးရှူးတောင် ထွက်ကျမတတ်။

"မဟုတ်ဘူး... ဒီ ...ဒီလိုပါ ..."

အကျိုလက်ရှည်ကို ပင့်တင်ရင်း စောမွန်အဖေရဲ့ ဒေါသကို ကျွန်တော် အကဲခတ်မိတာကြောင့် လေပြေလေးနဲ့ ရှင်းပြမလို့ လုပ်ပေ မယ့် စကားက အရေးထဲ ထစ်နေပါသေးသည်။

"မင်းကြောင့် ငါ အင်္ဂလန်အပေါ်မှာ ယုံစားခဲ့မိတာ အခုတော့ ကွဲပြီ"

"ဘာကွဲတာလဲဟင် ..."

အရေးထဲ စည်းကမ်းမရှိတဲ့ ကျွန်တော့်ပါးစပ်က လွှတ်ခနဲ ထွက် သွားပါသေးသည်။

"ဘာကွဲသလဲ ဟုတ်လား။ အေး_ သိစေရမယ်"

"ဖေဖေ"

"ကိုသက်စော ...မလုပ်နဲ့ ..."

အဘိုးကြီးက လက်နက်တစ်ခုခုကို လိုက်ရှာတော့ ကျွန်တော် လည်း ဘယ်ရမလဲ ဆိုဖာကိုပတ်ကာ အပေါက်ဝဆီသို့ လှစ်ခနဲပြေးပါ တော့သည်။ အရေးထဲ ခြံစောင့်က ခြံတခါးဝကနေ ...

"ဘာတွေဖြစ်နေတာလဲ အစ်ကိုလေး"

ကျွန်တော်က ခြံတံခါး အတင်းဖွင့်ရင်း ...

"မင်းတို့ဆရာကြီး ဆံပင်လေဖြတ်သွားလို့ မြန်မြန် သွားကြည့်

www.burmeseclassic.com




လိုက်ပါ"

"ဟာ ဒုက္ခပဲ ..."

ခြံစောင့်က အိမ်ထဲပြေးသည် ကျွန်တော်က ခြံပြင်ကိုပြေးသည်။ အပြင်ရောက်တော့ တိုင်စီတစ်စီးကို ဈေးမဆစ်ဘဲ လှမ်းတားကာ ဝေးရာကို မောင်းခိုင်းပါတော့သည်။







ရွတ်လွှတ်တစ်ခု
ရှေ့မှာ ဝစ်ချ
သိုဝကို ပုံတူကူးလိုက်ရဲ့
အသုံးသတ် မသေချာခဲ့တာရယ် ...
ဘ်ခမ်းပါးလေးကို ရှုံးနိမ့်ခဲ့တာရယ်
သေအချာထည့်သွင်းဖို့
မေ့လျော့ခဲ့ ...
အရိုင်းဆန်တဲ့ ရင်ခုန်ခြင်းဟာ
ဂီတတစ်ခုလိုလှပ ...
ဒီမှာ ...
ရှေ့တည့်တည့်က
ဖြစ်ခြင်းတွေ
ပျက်ခြင်းတွေ
မလိုအပ်တော့ပါဘူးတဲ့ ...
ရင်ထဲက အရိုင်းတေးဟာ
ဥတုသုံးပါးစလုံး အသုံးတော်ခံခဲ့တယ် ...

*(ငြိမ်းစစ်မင်း၏ တစ်ကိုယ်တော်ကဗျာမှ ...)*



www.burmeseclassic.com

www.burmeseclassic.com



"ငါ မလုပ်ပါဘူးလို့ နင် ပြောချင်သေးလို့လား"

တုန်ခါနေတဲ့သူမရဲ့အသံ၊ စိတ်ပျက်အားလျော့ခြင်းတွေနဲ့ကြည့်တဲ့အကြည့် ရင်တစ်ခုလုံး ဗုန်းဗုန်းလဲသွားအောင် ချစ်သူရဲ့နူးညံ့သော ထိုးနှက်ချက်တစ်ခု ...

ခေါင်းငုံ့စိုက်ကျနေသော ကျွန်တော့်ကို စောမွန် ကြည့်ကာ သက်ပြင်းချရင်း ခေါင်းခါသည်။

လူရှင်းစပြုနေတဲ့ တက္ကသိုလ်ဘူတာရုံလေးထဲမှာ လေပူတွေရယ် ကျွန်တော်တို့ရယ် ရှိနေကြသည်။

ယင်းမာနဲ့ မသက်က အဝေးကိုငေးကြည့်တယ်။ ကုလားက ထိုင်ခုံကိုမှီရပ်နေသည်။ စောမွန်က မတ်တတ်ရပ်လျက် ကျွန်တော့်ရှေ့မှာ ကျွန်တော့်ကို ငုံ့ကြည့်နေသည်။ ချစ်သူကို ရင်မဆိုင်ရဲလို့မဟုတ်ပေမယ့် ထိုင်ခုံမှာထိုင်ရင်း မြေပြင်ကိုသာ ငုံ့ကြည့်နေမိသည်။ ကမ္ဘာလောကကြီးတစ်ခုလုံးမှာ ကျွန်တော့်အတွက် အမှားတွေ ဘယ်လောက် ကျန်





သေးပါသလဲ။

"တကယ်တော့ ဒီကောင်လုပ်တာလဲ မဟုတ်ပါဘူး စောမွန်ရယ်၊ ခု နင့်ကို ဒီကောင်ရှင်းပြခဲ့တဲ့အတိုင်း တလွဲတချော်တွေ ဖြစ်နေကြတာ နင်လဲအသိပဲ"

ရွှေပြည်အေးတရားဝင်ပြောတဲ့ ကုလားကို စောမွန်က ကြည့်သည်။

"နင် ဒီတစ်ခါတော့ ခွင့်လွှတ်ပေးလိုက်ပါဟာ၊ ဒီကောင် ပြုခဲ့တဲ့ အမှားတွေက နင့်အိမ်သားတွေမှန်း ဒီကောင် တကယ်မသိတာပါဟာ"

ယင်းမာက စောမွန်ကို မသိမသာအကဲခတ်ရင်း ပြောလာပါသည်။

စောမွန်က နှုတ်ခမ်းပါးကို ကိုက်ရင်း ...

"ဒါပေမဲ့ အဲဒီအကျိုးဆက်တွေက တိုးတိုးနဲ့ ငါနဲ့ ဝေးဖို့ ဖြစ်လာပြီဟ"

"ဟင် ..."

ကျွန်တော် တုန်လှုပ်သွားပါသည်။ အားလုံးကလည်း စောမွန်စကားကြောင့် အံ့အားသင့်တာထက် မယုံကြည်နိုင်အောင် ဖြစ်နေကြတယ်။

ထိခိုက်ခံစားမှုပြင်းထန်တဲ့ ကြေကွဲခြင်းတွေ သူမမျက်ဝန်းမှာ တွေ့နေရသည်။ အသက်ကို ဝဝရှူလိုက်ဟန် စောမွန်ရဲ့ပုံရိပ် ...

"မေမေ့သူငယ်ချင်းရဲ့သား မင်းကျော်ဦးနဲ့ ငါ့ကို အိမ်က လက်ထပ်ပေးဖို့ စီစဉ်နေပြီ၊ အဓိက,ကတော့ နင်နဲ့ဝေးဖို့ပဲ တိုးတိုး"

စကားသံတွေ တိတ်ဆိတ်သွားကြသည်။ အဆိုးဆုံး တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ စကားလုံး ဘယ်သူမပြု မိမိမှုလို့ပဲ ကိုယ့်ကိုယ်ကို ဖြေသိမ့်လိုက်ရမှာလား…။

ဘဝဆိုတာထဲမှာ အနိုင်နဲ့အရှုံးတွေလည်းပတ်နေပေမယ့် သရေပွဲ အကျခံချင်တဲ့ ကျွန်တော့်အတွက် ကစားပွဲထဲ အတင်းဆွဲထည့်နေတဲ့ ကံကြမ္မာကို မုန်းမိသည်။

မျှော်လင့်ချက်တွေနဲ့ စိတ်ကူးယဉ်ခဲ့တဲ့ ချစ်ခြင်းဖွဲ့ စိတ်ကူးတွေ ကံကြမ္မာက မဲ့နာလိုစွာ ဖျက်ဆီးဖို့ အားထုတ်နေပါပြီ။

"ဘာလုပ်ကြမလဲ"

ကုလားစကားကြောင့် အစကဆို နောက်ပြောင်မိမှာသေချာပါသည်။ ယခုတော့ ကျွန်တော့်ဘက်က ပြောဖို့အတွက် အဖြေက ချစ်သူရဲ့အမိန့်ပေါ် မှာမူတည်ပါသည်။ စောမွန်က ကျွန်တော်ရဲ့ဘေးမှာ ဝင်ထိုင်ရင်း ကျွန်တော့်လက်ဖမိုးကိုဆုပ်ကိုင်တော့ ကျွန်တော် မော့ကြည့်မိပါသည်။ အားတင်းပြီး မျက်ရည်ဝေ့ဝေ့နဲ့ ပြုံးပြတဲ့ ချစ်သူရဲ့အပြုံးဟာ အံ့အားသင့်စရာကောင်းအောင် ရဲရင့်မှုတွေ ပြည့်ဝလာခဲ့တယ်။

"အခြေအနေကို စောင့်ကြည့်သေးတာပေါ့ဟာ၊ တကယ်လို့ မထူးတော့မယ့်အခြေအနေဆိုရင် …"

ကျွန်တော်က သူမ မျက်ဝန်းတွေကို စိုက်ကြည့်မိသည်။

"နင် နောက်ထပ် အမှားတွေမလုပ်မိဖို့ အရေးကြီးတယ် တိုးတိုး"

"အေးပါဟာ စိတ်ချ"

ကျွန်တော်စကားကြောင့် သူမက ရာသီဥတု သာယာလာဟန်နဲ့





ချက်စောင်းထိုးရင်း …

"ပြောလိုက်ရင် ဒါပဲ"

ကျွန်တော်နဲ့ သူမရဲ့အခြေအနေကြောင့် ယင်းမာက …

"အခုမှပဲ စိတ်အေးသွားတော့တယ်၊ ခုနကတော့ သေတော့မယ့်လူနာလိုလို ရှုံးနေတဲ့ကြက်နာကြီး လည်လိမ်နေသလိုလို"

"အေးလေ… အခုကျတော့ သကြားအိုးထဲမှောက်ကျတဲ့ မျက်နှာနဲ့ …"

မသက်ကလည်း အခွင့်အရေးရတုန်း နှိပ်ကွပ်နေပါတယ်။

"ကဲ ကဲ ဟိုကောင်တွေ ဒီအချိန်လောက်ဆို ဖထီးမှာ စောင့်နေကြပြီ လစ်ကြစို့"

အားလုံးကို ထကြဖို့ ကုလားက အချက်ပေးရင်း မသက်နဲ့ ယင်းမာကို ခြံရံကာ ရှေ့ကသွားနှင့်သည်။ ကျွန်တော်နဲ့ စောမွန်ပိုင်က နောက်ကနေ ခပ်ဖြည်းဖြည်းလိုက်လာရင်း စကားတွေပြောမိကြပါတယ်။

"နင့် အကြံဉာဏ်ပေးလိုက်တဲ့ အင်္ဂလန်က ဖေဖေ့အတွက် တော်တော်ထိသွားတယ် တိုးတိုး၊ မေမေကလဲ နင့်ကြောင့် အရှက်ရတော့ပိုဆိုးတော့တာပေါ့။ ဒေါ်လေးနဲ့မီမေ ရုပ်ချင်းအရမ်းဆင်တာ နင်သိဘူးလား"

ကျွန်တော်က ခေါင်းကိုကုတ်မိရင်း …

"ငါ တမင်လုပ်တာမဟုတ်ပါဘူး စောမွန်ရာ၊ ပြီးတော့ နင့်အဖေ



www.burmeseclassic.com

www.burmeseclassic.com



အမေမှန်းလဲ ငါ ဘယ်သိပ်မလဲဟ"

"နင် နည်းနည်းလေးတောင် မရိပ်မိဘူးလား"

"သြော် ရိပ်မိမှာတော့ ဒီလောက်အခြေအနေဆိုးစရာ အကြောင်း မရှိဘူး"

စောမွန်က ပြုံးသည်။

"နင့်အဖြစ်တွေက လူကြားလို့မှမကောင်း။ ငါ စ,သိသိချင်း အတော်စိတ်ညစ်သွားတာဟ၊ နောက်တော့ ရယ်ချင်လာတယ် ပြီးတော့..."

စကားကို တိုးလိုးတန်းလန်းရပ်ထားတာကြောင့် ကျွန်တော် ပခုံးချင်း အသာတိုက်ပြီး ...

"ပြီးတော့ ဆက်ပါဦး .."

သူမက နှုတ်ခမ်းပါးကို ဖိလိုက်ရင်း ...

"နင့်ကို စိတ်ပျက်လို့ အဆက်အသွယ်ဖြတ်လိုက်တော့မယ် တွေးလိုက်မိသေးတယ်"

"ကယ်တော်မူပါ"

ကျွန်တော်ရဲ့ မျက်လုံးပြူးမျက်ဆံပြူး ဘုရားတသံကြောင့် စောမွန်က ရယ်သည်။

"နောက်တော့ နင့်ကိုချစ်တဲ့စိတ်နဲ့ပဲ အရာရာကို ရင်ဆိုင်တော့ မယ်လို့ ဆုံးဖြတ်လိုက်တာ"

"ကျေးဇူးတင်ပါတယ် စောမွန်ရယ် ..."





"အံမယ် ..."

အဲဒီလို ကျေးဇူးတင်စကားဆိုတော့လည်း ကျွန်တော့်ချစ်သူ လေးက လက်မခံချင်။ အမြင်မှန်ရလာတဲ့ ချစ်သူရဲ့အတွေးကြောင့် ဖြတ်သန်းတိုက်ခိုက်လာသော လေနုအေးအေးလေးတွေက ပို၍ လန်း ဆန်းလတ်ဆတ်နေသည်ဟု ကျွန်တော်ထင်သည်။

တက္ကသိုလ်ကျောင်းသားကျောင်းသူတွေ ခဏခဏညည်းတွား ကြတဲ့ ဒဂုံပရဝဏ်ထဲကနေမင်းရဲ့ ပူလောင်မှုဟာ ကျွန်တော့်အတွက် ရယ်မောချင်စရာပါ။

ကျေးဇူးပြု၍ ကျွန်တော့်ရဲ့အမှားတွေ နောက်ထပ် မဖြစ်လာပါ စေနဲ့ ....

⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com



"သမီးကြီး ရှေ့ကိုတိုး"

တောကြီးဆရာတင်လို့ နာမည်ကြီးနေတဲ့ ပုဂ္ဂိုလ်ကြီးရှေ့ကို ဒေါ်ဝေမိုး ရှေ့ထိုင်လိုက်ပါသည်။ ညီမငယ် ဒေါ်ဝေစိုးကလည်း ကျွန်း နောက်ခပ်ကျကျမှာ ထိုင်ပါတယ်။ အခန်းတစ်ခုလုံး အမွှေးနံ့သာနံ့တွေ စူးစူးကဲကဲထိုးထွက်နေပါတယ်။ ပွဲတွေပွဲတွေကလည်းအပြည့်ပေါ့။

တောကြီးဆရာတင်က အသက်ငါးဆယ်နီးပါးရှိပြီး အသားဖြူဖြူ နဲ့ မုတ်ဆိတ်မွေးရှည်ကို လိမ်ကျစ်ထားပြီး ရွှေရောင်ခေါင်းပေါင်းကို အနောက်တိုင်းပင်လယ်ဓားပြကားထဲက ပင်လယ်ဓားပြတွေလို စည်းထားပါတယ်။(စတိုင်အသစ်လားတော့မသိပါ) အပေါ်ပိုင်းမှာ ခ ပုပ်ရောင်ရှပ်လက်ရှည် လုံချည်ကလည်းခဲပုပ်ရောင် ဝတ်ဆင်ထားပြီး ခြေချိတ်ထိုင်နေပါသည်။





"ဘဘပြောတဲ့အတိုင်းလုပ်လို့ အဆင်ပြေကြတယ်ထင်တယ်"

"ဟုတ်ကဲ့ပါ ဘဘ အဆင်ပြေပါတယ်"

"အေးကွယ်၊ ကိုယ့်သား ကိုယ့်သမီးတွေ အဆင်ပြေရင်း ဘဘလဲ ဝမ်းသာပါတယ်။ ကဲ ကဲ အခုရောက်လာကြတဲ့ အပူသောကတွေကို ရှင်းရှင်းလင်းလင်းပြောကြစမ်း"

ဒေါ်ဝေမိုး အံ့အားသင့်ပါတယ်။ပြီးတော့ ညီမဖြစ်သူ ဒေါ်ဝေစိုး ကို လှည့်ကြည့်မိသည်။ ဒေါ်ဝေစိုးက ပုံမှန်ပါပဲ။

"သမီးတို့အိမ်သားတွေကို ဒုက္ခအမြဲပေးနေတဲ့ ကောင်လေး တစ်ယောက်ရှိပါတယ်၊ သူ့နာမည်က တိုးတိုးတဲ့၊ အဘ ဒီကောင်လေးနဲ့ သမီးနဲ့က ..."

"သမီးရည်းစားဖြစ်နေတယ်ဆိုပါတော့ ..."

"ဟုတ်ပါတယ် ဘဘရယ် မှန်လိုက်တာ"

"သမီးက ဘဘရဲ့မြေးကို ဒီကောင်လေးနဲ့ ကင်းကင်းပြတ်ပြတ် ဖြစ်စေချင်တယ်၊ ဘဘ နောက်ပြီးတော့ ဘဘနဲ့ တွေ့ပေးအောင် မိတ် ဆက်ပေးတဲ့ သမီးသူငယ်ချင်းလှလှရဲ့သား မောင်မင်းကျော်ဦးလေးနဲ့ နေရာချထားပေးချင်တယ်လေ"

အဘက ခေါင်းတဆတ်ဆတ်ညိတ်ရင်း မျက်ဝန်းကို မှိတ်ကာ အာရုံပြုသည်။ ညာဘက်လက်ကိုရှေ့သို့တန်းတန်းရွှေ့ကာ ဘယ်ဘက် လက်က ခေါင်လိုက်ခေါင်းပေါ်လက်တင်သည်။ (တောကြီးဆရာတင် ရဲ့စတိုင်ပေါ့။) ဒီကြားထဲ ဝတ်ထားတဲ့အင်္ကျီတွေထဲက အစိမ်းရောင်



www.burmeseclassic.com

www.burmeseclassic.com



မီးခိုးတွေက ထွက်လာပါသေးသည်။

အခန်းတစ်ခုလုံးသည် မှိန်သွားသလိုလို **အရောင်တစ်မျိုး**ပြောင်

သွားသလိုလိုဖြစ်လာကာ ဒါပါနဲ့ဆို ဒုတိယအ**ကြိမ်မြောက်** ဒေါ်ဝေမိုး

အံ့အားသင့်ငေးကြောင်ကြည့်နေရတာအမှန်ပါ။

"မောင်မင်းကျော်စိုးနဲ့ အမြန်ဆုံးစီစဉ်လိုက်ပါ၊ အဖျက်ကောင်

မိစ္ဆာဝင်စားတဲ့ တိုးတိုးကို ဘဘရဲ့ကိုယ်ပွားတွေက တားဆီးပါလိမ့်မယ်

ဘဘ အဆောင်တစ်ခုပေးလိုက်မယ်၊ **စနေနေ့မနက်** နေမထွက်

တညင်းသီးတစ်လုံးကို **ထုံးရည်စိမ်ပြီး** ဖယ်အိုးထဲထည့် မီးနဲ့လှော်လိုက်

ပါ၊ ပြီးရင် ခြံထဲက တောင်**အရပ်မှာ ညကိုးနာရီ** ဘယ်သူမှမသိအောင်

တိတ်တိတ်လေးမြှုပ်လိုက်၊ ကဲ... ဒါပဲ"

ဘဘရဲ့ စကားဆုံးတော့ ရှေ့သို့ **တန်းတန်းဆန့်**ထားတဲ့ ညာ

ဘက် လက်သီးဆုပ်ကိုဖြည်လိုက်တော့ ရွှေအိုရောင်ပဝါပါးလေး ပြုတ်

ကျလာသည်။

ဒေါ်ဝေမိုးက တရိုတသေ လှမ်းကောက်ပြီး အသင့်ထုတ်ယူထား

တဲ့ ပိုက်ဆံအသစ်စက်စက်တွေကို ရွှေရောင်ပဝါပါးနဲ့ ပတ်ပြီးအဘရှေ့

က ရွှေအိုရောင်ကလပ်ပေါ်မှာ လှမ်းတင်လိုက်ပါသည်။





"ဘယ်သူ တောင်ကြီးဆရာဖေ... ဟုတ်လား"

"အို ကိုမြင့်ကလဲ **တောကြီး** ဆရာတင်ပါ"

တလွဲ**ပြောနေတဲ့ ကို**ကြီးဦးလေးကြောင့် ကျွန်တော် ပြုံးမိတော့

ဒေါ်ဝေစိုးက **မျက်စောင်းထိုးရင်း** ...

"ဟဲ့ ကောင်လေး နင် သိပ်ရယ်မနေနဲ့ ဟိုမှာ အမြန်ဆုံးစီစဉ်နေ

ပြီ ဘယ်လိုလုပ်မလဲ"

ကျွန်တော်ရဲ့အမှားတစ်ခုကြောင့် အဆိုးထဲက အကောင်းတစ်ခု

က ဒေါ်ကြီးအစ်မက ကိုကြီးဦးလေးကို လက်ခံလိုက်ပါသည်။ ဒါပေ

မယ့် သူတို့လည်း ကိုယ့်လိုပဲ ဝိပိရိရိနေ နေရပါတယ်။

"ဒီ**တောင်ကြီး အဲလေ** ဒီတောကြီး ဝင်မွှေလိုက်တာ ရန်သုန်း



www.burmeseclassic.com

www.burmeseclassic.com



ကားတွေဖြစ်ကုန်ပြီ... သိမယ် ...”

ကိုကြီးဦးလေးက ကျွန်တော့်အစား ဒေါ်ပွနေပါတယ်။ ကျွန်တော့်မှာသာ ကိုယ့်အဖြစ်အပျက်ကျတော့ ဘာလုပ်လို့ဘာကိုင်ရမှန်း မသိနိုင်အောင်ဖြစ်နေရပါတယ်။

“စောမွန် ဘာပြောလဲ”

ကျွန်တော့်အမေးကြောင့် ဒေါ်ကြီးအစ်မက မျက်စောင်းထိုးသည်။ ဒါကို ကိုကြီးဦးလေးက ...

“ဝေစိုး အဲဒီလိုမျက်စောင်းသိပ်မထိုးနဲ့ ကိုယ်အတွက်လဲ ချန်ထားဦး”

ကိုကြီးဦးလေးစကားကြောင့် ဒေါ်ကြီးအစ်မက ....

“အရေးထဲ ကိုမြင့်က တစ်မျောက်၊ ကဲပါ ဘယ်လိုလုပ်ကြမလဲ စောမွန်လဲ စိတ်ညစ်နေရှာတယ်၊ အိမ်ကကိစ္စကို တိုးတိုးသိအောင် ပြောပြလိုက်ပါတဲ့”

“ဟ... ဒါဆို ခိုးပြေးကြရုံပဲရှိတာပေါ့၊ ငါစီစဉ်မယ်”

“ဟုတ်ပါ့မလား”

ကျွန်တော့်ရဲ့ စိုးရိမ်မကင်းတဲ့အသံကြောင့် ဒေါ်ဝေစိုးကလည်း ကိုကြီးဦးလေးကို လှမ်းကြည့်ပါသည်။

“ဟ... မိန်းကလေးက စခိုးပါလို့ပြောမလားကွ၊ မင်း တော်တော်တုံးတဲ့ကောင်ပဲ၊ ဟိုကောင်တွေကို ညနေ ငါ့ဆီလွှတ်လိုက်၊ မင်း အေးအေးဆေးဆေးနေ ဝင်မပါနဲ့ မင်းပါရင် ထုံးစံအတိုင်း ရှုပ်ကုန်လိမ့်





မယ်”

ဒေါ်ကြီးအစ်မကလည်း ကျွန်တော့်အကြောင်း သိနေသူမို့ ရယ်နေပါတော့သည်။

“ကဲ ဝေစိုးလဲပြန်တော့မယ် ကိုမြင့်၊ အိမ်ကနေ ဈေးဆိုပြီး ထွက်လာတာ အတော်ကြာပြီ”

ဒေါ်ဝေစိုး ထွက်သွားတော့ ကျွန်တော်နဲ့ ကိုကြီးဦးလေးနှစ်ယောက်သား ကိုယ့်အတွေးနဲ့ကိုယ် စဉ်းစားနေမိပါသည်။

“ငါ့ဆိုင်က တပည့်တွေနဲ့ အဲဒီတောကြီးဆရာတင် အကြောင်းကို ခံစမ်းခိုင်းရမယ်”

“ဟုတ်တယ်ဗျာ၊ ဒီပုဂ္ဂိုလ် နှစ်ခွင်ချက်သွားတာ သေချာတယ်”

“ဘာလဲ နှစ်ခွင်ချက်သွားတာ”

ကိုကြီးဦးလေးစကားကြောင့် ကျွန်တော်က ...

“ဒီလိုဗျာ သူရဲ့ဖောက်သည်ရင်းဖြစ်တဲ့ မင်းကျော်ဦးရဲ့အမေ ဒေါ်လှလှဦးနဲ့ နောက် ဒေါ်လှလှဦး မိတ်ဆက်ပေးလို့ ရောက်လာတဲ့ ဒေါ်ဝေစိုးတို့ သူ လက်မလွှတ်ရအောင် သူ ကြိုးဆွဲကခိုင်းလို့ရအောင် ဒီလိုစီစဉ်လိုက်တာပေါ့၊ ကျန်တာ အသည်းမနာပါဘူးဗျာ ...ကျွန်တော့်ကို လူယောင်ဖန်ဆင်းထားတဲ့ မိစ္ဆာကောင်တဲ့၊ ဘယ်နိုင်ငံခြားကားထဲက အခွေတွေကြည့်ပြီး လျှောက်ပြောနေလဲမသိဘူး... တွေ့မယ်”

ကျွန်တော့်ရဲ့ မခံချိမခံသာစကားကြောင့် ကိုကြီးဦးလေးက သဘောကျနေပုံရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလဲ ဒီကြားထဲ အမှား လုံးဝ မလုပ်မိစေနဲ့၊ ကုန်ကုန်ပြောရရင် အိမ်ထဲက အိမ်ပြင် မထွက်စေနဲ့"

"အဲလောက်လဲမဟုတ်ပါဘူးဗျာ"

"ပြောလို့ရမလားကွာ၊ မင်းဆိုတဲ့ကောင်ကလဲ အရာရာနဲ့ အမှားမှားနဲ့ဆိုသလို ဖြစ်နေပြီ"

ဟုတ်ပါတယ် လူတွေပြောလည်းပြောချင်စရာပါ။ ဆယ်တန်းတုန်းက ရေသည်ပြဇာတ်သင်ခဲ့ရတုန်းက ရေသည်ပြောသလို ...(ဆိုးလိုက်တဲ့ ကံနှယ်)လို့ ညည်းလိုက်ချင်ပါသည်။





"နင် အဖြေပေးမယ့်လူက ကိုမင်းပိုင် ဟုတ်လား"

"အင်းလေ ဘာဖြစ်လို့လဲ"

သူနဲ့ကျွန်တော် မသက်တို့အိမ်က ပြန်လာရင်း ကားဂိတ်အထိလိုက်ရင်း သူမ ဟိုတစ်ခါပြောတဲ့လူကို အဖြေပေးလိုက်ပြီလို့ ပြောပါတယ်။

"အဲဒီလူက (.....)ကုမ္ပဏီက မန်နေဂျာ မဟုတ်လား ယင်းမာ"

"ဟင်... နင် ဘယ်လိုလုပ်သိတာလဲ"

ယင်းမာက အံ့သြဟန်ရှိသည်။

"သိတာပေါ့ဟ၊ နင့်ကို ငါ ဟိုတစ်ခါပြောထားဖူးတာလေ စောမွန်အစ်ကို ဆိုတာ..."

"စောမွန်အစ်ကို"

"ငါနဲ့ ပြဿနာတက်တာလေဟာ"

ယင်းမာက စာအုပ်ကိုပိုက်လျှောက်ရင်း အတန်ငယ် စဉ်းစားနေရင်း သတိရမိပုံဖြစ်သွားကာ...



www.burmeseclassic.com

www.burmeseclassic.com



“ဩော်… ငါ သိပြီ၊ ဟို အအေးဆိုင်မှာလေ…”

ကျွန်တော်က ရယ်ရင်း ခေါင်းညိတ်ပြမိသည်။

“တွေ့မယ် ဒင်းတော့…”

သူမက မျက်နှာစူပုပ်ပုပ်နဲ့ ကြိမ်းဝါးတော့ တိုးတိုးက ပျာပျာသလဲ လဲ…

“ဟာ နင် လုံးဝ သွားမပြောနဲ့ဟာ”

“ဘာဆိုင်လို့လဲဟ”

“သွားမပြောနဲ့ မယ်မင်းကြီးမရယ်၊ နဂိုကမှ ဒီလူက ငါ့ကို မကြည် လင်ရတဲ့ကြားထဲ…’

“အို… ဘာဆိုင်လို့လဲ”

သက်ပြင်းချရင်း တိုးတိုး ခေါင်းခါသည်။

“နင်ကတော့ နင့်စိတ်နဲ့နင့်ကိုယ်ကို၊ အခုဟာက စောမွန်နဲ့ အမိ က ဆွေမျိုးရင်းလေ၊ ညီမနဲ့ကြိုက်နေတဲ့ တရားမဝင်သေးတဲ့ယောက်ဖ ကို အမြင်ကြည်ကြည်နဲ့ ကြည့်တတ်တဲ့လူ အပြင်မှာ ရာခိုင်နှုန်းတော် တော်နည်းပါတယ်၊ ပြီးတော့ ငါ့ကြောင့်ဆိုတဲ့အစွဲက သူ့မှာရှိနေတယ် လေ ယင်းမာ”

“အကောင်းဆုံးဖြစ်အောင် နင် စောမွန်ကိုတောင် မပြောတာ အကောင်းဆုံး”

ကျွန်တော့်စကားကို ယင်းမာက ဘဝင်မကျတဲ့လေသံနဲ့ အခုလို ပြောသည်။





“နင် ဘာကြောင်တာလဲ တိုးတိုး”

ကားဂိတ်မှာ နှစ်ယောက်သား ရပ်မိသည်။

“စောမွန် သိသွားပြီး သူ့အစ်ကိုကို ပြန်အကျပ်ကိုင်နေမှ ဒီလူ ငါ့အပေါ် စိတ်အစာမကြေတာ ပိုဆိုးသွားမယ်၊ အားလိုက်ပါဟာ နော် ယင်းမာ၊ နင်က လိမ္မာရေးခြားရှိတဲ့ သူငယ်ချင်းကောင်းပါဟာ နော် နော်လို့…”

ယင်းမာက မှုန်ကုတ်ကုတ်နဲ့ကြည့်တော့…

“လုပ်ပါဟာ မနက်ဖြန်ကျရင် မြွေနှစ်ကောင်ပွေးဆေး ဝယ်ကျွေး ပါ့မယ်ဟာ”

“အဲဒါ နင်နဲ့စောမွန်ပဲ စားကြ၊ ကဲ ငါ သွားမယ်”

ယင်းမာက ဆောင့်ဆောင့်အောင့်အောင့်ပြောပြီး အသင့်ရောက် လာတဲ့ကားပေါ် တက်သွားပါသည်။

ဒီအကြောင်းတွေကို ကိုကြီးဦးလေးတို့ဆိုင်ရောက်တော့ ကုလား နဲ့မော်ကြီးတို့ကို ပြောပြတော့ ဒီကောင်တွေက ကျွန်တော့်ကို နားမလည် တာနဲ့ အခုလို ပြောပါတယ်။

“အေးလေ ယင်းမာပြောတာ ဟုတ်နေတာပဲ၊ မင်း ဘာကြောင် တာလဲ”

ကျွန်တော်က ဦးလေးကိုကြီးရဲ့ အလုပ်စားပွဲနောက်က ကုလား ဆိုင်မှာ ဝင်ထိုင်ရင်း…

“ကြောင်တာမဟုတ်ဘူးကွ ကြိုတင် တားဆီးနေရတာ၊ ဒီလူ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ဘူးဆိုတာ ငါသိတယ်၊ ဘာမဟုတ်တဲ့ဟာလေးနဲ့ ငါနဲ့ စောမွန်ကြားမှာ မလိုလားအပ်တဲ့ အနှောင့်အယှက်တွေ ဖြစ်လာနိုင်တယ်ကွ"

"မဆိုင်ပါဘူး အမှားရှာ၊ မင်းကိုက တွေး...တွေးတတ်နိုင်လွန်းတယ်"

ကုလားက မကျေမနပ်ပြောလာပါသည်။ စကားပြောကောင်းနေကြစဉ် အခန်းတံခါးဖွင့်သံကြောင့် လှည့်ကြည့်တော့ ကိုကြီးဦးလေးနဲ့ မကြီးဒေါ်လေးတို့ ဖြစ်နေသည်။

"ဟာ... ပလ္လင်ပေါ်မှာ မျောက်တက်ထိုင်နေပါလား"

"နဂို ထိုင်နေကျလူက ကိုယ်မသန့်ဘူးပြောလို့ သန့်ရှင်းရေး လုပ်ပေးနေတာ ကိုကြီးဦးလေး"

ကိုကြီးဦးလေးမျက်နှာ ရှုံ့မဲ့သလောက် မကြီးဒေါ်လေးက ရယ်နေသည်။

"ငါ့တူလေးရော နေကောင်းရဲ့လား"

"နေလဲကောင်းတယ်၊ ခြေလဲညောင်းကြောင်းပါ ခင်ဗျား"

ကျွန်တော်တို့ရဲ့ စည်းစည်းလုံးလုံး ညီညွတ်စကားကြောင့် ကိုကြီးဦးလေးက ဟိုနှစ်ကောင်ကို မျက်စပစ်ပြရင်း...

"အမျိုးတွေ တယ်သိနေတတ်ပါလားဟေ့"

"တစ်ချိန်မှာ အမျိုးတော်ရမယ့်အတူတူ စည်းလုံးမှုရှိရမှာပေါ့ မဟုတ်ဘူးလား ချစ်လှစွာသောအဒေါ်ရယ်"

"ဟုတ်.ဟာပေါ့ ငါ့တူလေးရယ်"

ရွှေသမင်ခါပေ



ကိုကြီးဦးလေးက ကျွန်တော့်ကို နှာခေါင်းရှုံ့ပြသည်။

"ဒါနဲ့ အဒေါ်လေး... ဒေါ်လေး လူတစ်ယောက်နဲ့ ကြိုက်နေ
ယယ်ဆို"

"ဟေ့ကောင်... ဟေ့ကောင်..."

ကိုကြီးဦးလေးက မျက်လုံးကြီးပြူးကာ တားသည်။ မကြီး
ါလေးကတော့ ပြုံးနေပါသည်။

"အဲဒီလူက မယားနှစ်ယောက် ရှိတယ်တဲ့"

"ဟုတ်တယ်ကွ၊ ပထမ မယားနဲ့ မင်းကိုမွေးပြီး နောက်မယားနဲ့
ိုနှစ်ကောင်ကို မွေးတယ်ကွ ဘာဖြစ်လဲ"

အရှုံ့တိုက်ပြီး ဘုဆတ်ဆတ်ပြောတော့ ကျွန်တော်နဲ့ မကြီး
ါလေးက ရယ်ပါတော့သည်။ ဟိုနှစ်ကောင်ကတော့...

"နှမပေး မင်းလုပ်မှ ငါ့အမေလဲ မယားငယ်ဖြစ်ရတော့တယ်"

ကုလားစကားကြောင့် မော်ကြီးက စပ်ဖြဲဖြဲနဲ့...

"မင်းအမေက မယားငယ်တော့မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

အမှတ်မရှိ ကုလားက မေးတော့...

"မင်းအမေက ကိုကြီးဦးလေးထက် အသက်ကြီးတာပဲ၊ ဖြစ်ချင်း
ြစ် မယားအိုပဲဖြစ်မှာ"

"ခွေးမသား"

ရယ်သံတွေ ဆူညံသွားပါတော့သည်။

ရွှေသမင်ခါပေ

www.burmeseclassic.com

www.burmeseclassic.com





ဆောင်းသိမ်း

ဆော်ဒါပွင့်သိမ်းပြီ
အကြိမ်ကြိမ်သိမ်းတို့နေတဲ့ ဂါဝ်ကြိုမွှားလေး
နှင်းစေသား ခဝေရွှဲလို့
လုံချည်စိမ်ခံပြီး
အကြိမ်ကြိမ်နွှေးတော့ ဆောင်းသိမ်းပို့ညဲ...
ခဏီးရာချွေ့ပင်ပြီးများ . . .
တင်ဝင် ကျိုင်မှာ်းလေးအလာနဲ့ . . .

(DNK)





"လုပ်စမ်းပါကွာ မင်းကူညီမှရမှာ ..."

မင်းသန့်ကညောင်နာနာနဲ့ ခုတင်ပေါ်မှာ အားတင်းပြောလာပါသည်။ ကိုကြီးဦးလေးအစီအစဉ်နဲ့ စောမွန်ကို ဒီညခိုးပြေးဖို့ အချိန်းအချက်လုပ်ထားပြီး အိမ်ပြန်ရေမိုးချိုးနေစဉ်မှာ ကလေးတစ်ယောက်က ကိုကြီးမင်းသန့်ခေါ်ခိုင်းတယ်ဆိုလို့ ကမန်းကတန်း အဝတ်အစားလဲပြီး ထွက်လာခဲ့တော့ မင်းသန့်အမေက "မင်းသန့် အစားမှားဝမ်းလျှောလို့ ဆေးရုံတင်ထားရတယ်"လို့ပြောတော့ ဆေးရုံကို လိုက်လာရပါတယ်။ မင်းသန့်ညီလေးနဲ့ ညီမလေး အောက်ထပ်သွားပြီး ထမင်းစားနေစဉ်မှာ မင်းသန့်က သူ့အပူကို တင်ပြပါတော့သည်။

သူလည်း ကိုယ့်လိုပါပဲ မျက်နှာကြောမတည့်တဲ့ ကျောင်းတော်သာရန်စကြောင့် မင်းသန့်နဲ့ မင်းသန့်ချစ်သူ ခင်လေးဟာ တိတ်တခိုးချိန်းတွေ့နေကြရပါတယ်။ အိမ်ချင်းကလည်း မျက်နှာချင်းဆိုင်အိမ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ တုပ်တုပ်မျှမလှုပ်ရဲကြ။ အခုတော့ လူငယ်သဘာဝ ခင်လေ မှာ မင်းသန့်နဲ့ရတဲ့ကိုယ်ဝန်ရှိနေပြီဆိုတော့ ခိုးပြေးဖို့ဖြစ်လာကြပါသည် ခင်လေးကလည်း အိမ်ကို မပြောရဲ၊ သူ့အဖေရဲ့ ရှောင်လင်လက် တွေကိုကြောက်နေပုံရသည်။

ဖြစ်ချင်တော့ ခိုးပြေးဖို့ ချိန်းဆိုထားပြီးမှ ဒီသင်္ဘောကောင့်သား ဝမ်းလျှောနေပါတော့တယ်။

"ငါလဲ ငါ့ကောင်မလေးကို ခိုးပြေးဖို့ ကိုကြီးဦးလေးတို့ မော်ကြ တို့နဲ့ ချိန်းထားတယ်ကွ"

ကျွန်တော့်စကားကြောင့် ခုတင်ပေါ်မှ မျက်ကွင်းတွေ ညို ချောင်တွေကျနေတဲ့ ဂီလာနက သူ့လက်ကို လှုပ်ရမ်းရင်း ...

"မင်းချိန်းထားတာက အဝေးကြီးပါကွာ၊ မင်း ခင်လေးကို အစားခိုးပြေးပြီး ဝင်းဖော်ဦးအိမ်ပို့ပေးလိုက်၊ ဟိုကောင် လမ်းထိပ် ကားနဲ့စောင့်နေလိမ့်မယ်၊ ပြီးရင် ဝင်းဖော်ဦးညီမနဲ့ ထားခဲ့လိုက် ပြီးရင် မင်းကိစ္စဆီသွားနော် သူငယ်ချင်း၊ ငါ့မှာ အားကိုးစရာဆို မင်းနဲ့ ဝင်းဖော်ဦးပဲရှိတာ ဘယ်သူမှလဲ အသိမပေးရဲဘူး"

"စိတ်ညစ်တယ်ကွာ၊ ဒါနဲ့ ဝင်းဖော်ဦးအိမ်က မင်းတို့ရှေ့လ ခင်လေးတို့ နောက်ဖေးအိမ်မဟုတ်ဘူးလား၊ အဲလောက် နီးနီး နား ကွာ"

ခုတင်ပေါ်က ညောင်နာနာမင်းသန့်က မရိုပြုံးလေးအားတင် ပြုံးရင်း...





"ဝင်းဖော်ဦးအဖေနဲ့ အမေက နယ်မှာလေ၊ အိမ်မှာ အေးဆေးပဲ၊ ခင်လေးနဲ့ ဝင်းဖော်ဦးညီမနဲ့က သူငယ်ချင်း၊ ငါ့မိသားစုနဲ့ သူ့မိသားစု ကားနဲ့ခိုးပြေးပြီဆိုတော့ အဝေးကြီးပဲတွေး ဘပေ့၊ ဖင်ချင်းပေါက်အိမ် ကို ဘယ်တွေးမိမှာလဲ"

"မင်းက ဒါမျိုးကျတော့ ရတယ်"

ကျွန်တော့်စကားကြောင့် ဒီကောင် ကျွန်တော် ကူညီမယ်ဆိုတာ သိလိုက်ပါသည်။ သူငယ်ချင်းအရင်းတွေဆိုတော့ မကူညီလို့လည်း မကောင်း။ ပြီးတော့ သူ့ရဲ့ ကူညီတတ်တဲ့စိတ်ကို မင်းသန့်ကလည်း သိနေတာတစ်ကြောင်း ကျွန်တော် မင်းသန့်ကို အကူအညီပေးမယ်လို့ ကတိပေးထွက်လာခဲ့ပါသည်။

⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေရာမှာ ည ဆယ့်နှစ်နာရီတိတိစောင့်နေ၊ ကျွန်တော် စောမွန်ကိုခေါ်ပြီးလာခဲ့မယ်"

ကိုယ်ပြောချင်တဲ့အကြောင်းအရာကို အတင်းပြောပြီး ဖုန်းကိုချတော့ တစ်ဖက်က "ဟေ့ကောင် ဟေ့ကောင်" ဆိုတဲ့ စကားသံကို တစ်ဝက်တစ်ပျက် ကြားလိုက်ရပါသည်။

ဝင်းဇော်ဦးဆီ ဒီကောင့်ဟန်းဖုန်း ပြန်ပေးတော့ ...

"ဘာပြောလဲ"

"ဘာမှ ပြန်ပြောချိန်မရလိုက်ဘူး၊ ငါ အတင်းဖုန်းကို ပိတ်လိုက်တာ"

ဝင်းဇော်ဦးက ကားကိုစက်နိုးရင်း ...





"မင်းကို ကိုကြီးဦးလေး ခေါ်ပွနေမှာသေချာတယ်"

ကျွန်တော်အကြောင်းစုံပြောပြထားလို့ ဝင်းဇော်ဦးလည်း သိနေပါသည်။

"ငါ လိုက်ပို့ရမလား"

"လိုက်မပို့နဲ့ မင်းသာ ခင်လေးကို အိမ်ရောက်အောင်ပို့ပေးပြီးရင် ငါ့ကို အနီးဆုံးနေရာကိုလိုက်ပို့ပေး"

"အေးပါ"

ညဆယ်နာရီကျော်လောက်ဆိုတော့ လူက ရှင်းစပြုပေမယ့် ဖြတ်သွားဖြတ်လာ တစ်ယောက်စ နှစ်ယောက်စကတော့ ရှိနေပါသည်။ လမ်းထိပ်မှာ ကားရပ်ပြီး ကျွန်တော်က ဝင်းဇော်ဦးကို အသင့်ဖြစ်ရန်မှာကာ လမ်းထဲကိုလျှောက်လာပြီး ခင်လေးတို့ နှစ်အိမ်ကျော်လောက်က အုတ်ခုံမှာ စီးကရက်သောက်ရင်း စောင့်နေမိသည်။

ခင်လေးတို့အိမ်က စောစောစီးစီး အိပ်တတ်တာကြောင့် မီးတွေ မှိတ်ထားပါတယ်။ နာရီကိုကြည့် သတ်မှတ်ထားတာထက် ဆယ်မိနစ် တောင်စွန်းနေပါပြီ။

ကြည့်နေရင်းက တံခါးခပ်ဟဟပွင့်ကာ လူရိပ်တစ်ခုကိုမြင်လိုက်ရပါသည်။ လူရိပ်က အုတ်ခုံဆီလျှောက်လာတော့ ခင်လေးမှန်း သိလိုက်ရသည်။ အနားရောက်လာတော့ ခင်လေးလက်က အထုပ်ကို လှမ်းယူတော့ ...

"ဟဲ့ ...ထဘီတွေ ပါတယ် ဘုန်းနိမ့်ကုန်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပေးစမ်းပါ ခေါင်းပေါ် တင်ထားတာမှ မဟုတ်တာ၊ နင်က ကိုယ်တိုင်ကြီးနဲ့"

"ဟာ... နင်ကလဲ"

"ဩော် အခုမှ ရှက်နေရသေးတယ် ..ပေးပါ"

အထုပ်ကိုလှမ်းယူရင်း ကားရှိရာလမ်းထိပ်ကို ခပ်သုတ်သုတ် လျှောက်တော့ ဒယိမ်းဒယိုင်နဲ့ ယိမ်းထိုးလျှောက်လာတဲ့ လူနဲ့ ထိပ်တိုက်ဆုံမိသည်။

"ဟာ ဒုက္ခပဲ အမူးသမား ကိုအေးစန်းနဲ့တိုးပြီ၊ ဘယ်လိုလုပ်မလဲ တိုးတိုး"

"ထားလိုက်စမ်းပါ သူက မူးနေတာ သိမှာမဟုတ်ဘူး"

"သိတယ်၊ ဒီလူက အမူးပါး တိုးတိုးရဲ့"

"သိသိဟာ"

ကျွန်တော်တို့ မသိချင်ယောင်ဆောင်ပြီး ဆက်လျှောက်မယ် အလုပ် ...

"ဘယ်သူလဲလို့ကြည့်နေပါတယ် ...တိုးတိုးနဲ့ ခင်လေးပါလား ဘယ်သွား အေ့ ..."

လက်ညှိုးတွေ ပျော့ပျောင်းကွေ့ကောက်ကာ ရေရှိန်မှန်နေပုံရတဲ့ ကိုအေးစန်းကို ကျွန်တော်က ...

"ဟိုလေ ခင်လေး ဈေးထဲဈေးသွားဝယ်မယ်ဆိုလို့ လိုက်ပို့ပေးတာ ..."





"ကောင်းတယ် နေတောင်အတော်မြင့်နေပြီ သွားကြ..."

သူလည်း ပြောချင်ရာပြော ကိုယ်လည်းပြောချင်ရာပြောပြီး ကားဆီ လျှောက်လာခဲ့ပါတယ်။

"တော်သေးတာပေါ့ဟာ ရင်ထဲမှာ ထိတ်သွားတာပဲ"

ခင်လေး အပြောကြောင့် ခေါင်းညိတ်ပြမိပါသည်။ ကားဆီ ရောက်တော့ ခင်လေးကို ကားတံခါးဖွင့်ပေးရင်း ရှေ့ခန်းမှာ ကျွန်တော် ဝင်ထိုင်တော့ ဝင်းဇော်ဦးက ကားကိုမောင်းထွက်ရင်း ...

"အဆင်ပြေတယ်မဟုတ်လား"

"အရေးထဲ ဟို ကိုအေးစန်းကြီးနဲ့တွေ့နေလို့ လျှောက်ရှိုးနေရတယ်"

ခင်လေး ဝင်ပြောတဲ့စကားကြောင့် ဝင်းဇော်ဦးက ရယ်သည်။ ဝင်းဇော်ဦးရဲ့အိမ်ကို ကားကို တစ်ပတ်လျှောက်မောင်းပြီး တခြားလမ်းမှ ပတ်ဝင်ကာ ခြံထဲဝင်ဟွန်းသံပေးတော့ မီးမှိတ်ထားတဲ့ ဝင်းဇော်ဦး အိမ်ထဲက ဝင်းဇော်ဦးညီမ ဝင်းဝင်းဇော်က အိမ်တံခါးဖွင့်ပေးပြီး...

"လာ ခင်လေး"

"ကဲ... ငါလဲလစ်မယ်"

"ဟင် နင်က ဘယ်သွားမလို့လဲ"

ခင်လေးက အိမ်ထဲမဝင်ခင် လှမ်းမေးတာကြောင့် ဝင်းဇော်ဦးက ရယ်ကြဲကြဲနဲ့ ...

"ဒီကောင် နောက်တယောက် သွားခိုးပေးရဦးမယ်"

www.burmeseclassic.com



"တကယ် ..."

ခင်လေးနဲ့ ဝင်းဝင်းဇော်က မယုံကြည်ဟန် မေးကြတော့ ကျွန်တော်က ...

"တကယ်ပေါ့ဟ ဒါ နောက်စရာမှမဟုတ်တာ"

"ယုံပါတယ်၊ အခုလို ကူညီတဲ့အတွက်ကျေးဇူးပါပဲဟာ၊ နင်လဲ အဆင်ပြေပါစေလို့ ဆုတောင်းပေးပါတယ်"

"ပေးဇဲ့ဆုနဲ့ပြည့်ပါစေဟာ၊ ကဲ ဝင်းဇော်ဦး လာ အမြန်လစ်မယ် နောက်ကျနေပြီ"

ခင်လေးတို့ကို လက်ပြကာ ဝင်းဇော်ဦးကို ခေါ်၍ထွက်လာတော့ ချိန်းထားတာတော်တော်ကို လွန်နေပါပြီ။

"မောင်းပါကွာ နောက်ကျနေပြီ"

"အေးပါဟ ဒီမှာ မောင်းနေတာပဲ"

ကားလေးက တရိပ်ရိပ်နဲ့ ပြေးလွှားနေပါတယ်။ သတ်မှတ်ထားတဲ့နေရာကို မရောက်ခင်မှာ ကားကိုရပ်မိုင်းတော့ ...

"မရောက်သေးဘူးလေ"

"ရတယ်၊ ဒီထိပ်ကနေ နောက်ဘက်ကို ပတ်သွားမှရမှာ၊ ရှေ့က ဝင်ရင် သူ့အစ်ကိုပြန်လာချိန်နဲ့တိုးနေလိမ့်မယ် သွားပြီ"

ကားတံခါးဖွင့်ကာ အမြန်ပိတ်ပြီး အမြန်လျှောက်လာခဲ့ရပါတယ်။ ညကတိတ်ဆိတ်နေပြီး ပြန့်ဖြူးနေတဲ့ကတ္တရာလမ်းမပေါ်မှာ ခွေးလေ ခွေးလွင့် တစ်ကောင်တစ်လေ မြင်ရုံကလွဲပြီး လူသူဆိုလို့ ကျွန်တော်





တစ်ယောက်တည်း။

ဆောင်းလေအေးက အသည်းခိုက်စရာ။ ကျွန်တော် လျှောက်နေရင်းက ခပ်လှမ်းလှမ်းမျက်နှာချင်းဆိုင်က မိန်းကလေးတစ်ယောက် လျှောက်လာတာမြင်ရပါတယ်။ ဘောင်းဘီရှည်ဝတ်ထားဟန်ရှိပြီး အိတ်တစ်အိတ် လွယ်ထားပါတယ်။

အဲဒီမိန်းကလေးနဲ့ ကျွန်တော်ဟာ ခုတ်တိုင်တစ်တိုင်ကျော် ကျော်စာလောက်တော့ ရှိမယ်ထင်ပါတယ် ။ သူယောင်မယ်မဖြစ်နိုင်ဘူး ဆိုတာ ကျွန်တော် ယုံကြည်နေပေမယ့် လူကောင်းလားဘာလား တော့ ကျွန်တော် မသိပါ။ ဒီလိုအတွေးတွေနဲ့ စူးစမ်းနေစဉ်မှာ အဝေးက အပြင်းမောင်းလာတဲ့ကားတစ်စီးက မိန်းလေးရှေ့ကို ပိတ်ရပ်လိုက်တာတွေ့မိသည်။ ဘာတွေဖြစ်မှန်းမမြင်ရတော့ပါ၊ ကျွန်တော်လည်း ပြဿနာနဲ့ကင်းကင်းနေချင်တာကြောင့် ဆက်သွားရင် တိုးမိနေမှာမို့ ကားလမ်းတစ်ဖက်ခြမ်းကိုဖြတ်ကူးကာ ဟိုဘက်ကနေ လျှောက်လာပါတယ်။ ကားနဲ့ ဘေးချင်းတိုက်အနေအထားရောက်တော့ အသံတွေ ရုန်းရင်းဆန်ခတ်ကြားရပါတယ်။ မကြည့်ဘူးလို့ အားတင်းထားတဲ့ကြားကနေ မသိမသာငဲ့ကြည့်မိတော့ ခုနကောင်မလေးကို လူသုံးယောက်က အတင်းဆွဲဖက်ပြီး ကားပေါ်တင်ဖို့ ကြံစည်နေတာ တွေ့မြင်ရပါသည်။

ကျွန်တော်ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွားပြီ ရှေ့သွားရမလိုလို ဝင်ကူရမလိုလိုဖြစ်နေပါသည်။ နောက်တော့ စောစောမှန်မျက်နှာဘို ကွက်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



မြင်မိကာ ရှေ့ဆက်လျှောက်မိတော့ နောက်က ခြေသံတွေနဲ့အတူ ကျွန်တော့်လက်မောင်းကို တစ်စုံတစ်ယောက်ဆွဲလှည့်ကာ ရင်ခွင်ထဲ ခိုဝင်လာတဲ့ အထိအတွေ့နဲ့အတူ ...

"အစ်ကို မေလေးကိုကူညီပါ၊ မေလေး လူကောင်းပါ"

အတင်းတတွတ်တွတ်ပြောနေတဲ့ ကြောက်လန့်တကြားမျက်ဝန်းနဲ့ ကောင်မလေးရဲ့စကားသံနဲ့အတူ နောက်ကခြေသံတွေနဲ့ ကျွန်တော့် အရွယ် လူသုံးယောက်ကို တွေ့လိုက်ရပါတယ်။ လူတွေကတော့ ရည်ရည်မွန်မွန်ရုပ်တွေ ဆိုပေမယ့် မူးနေဟန်တူပါသည်။

"မေလေး ကိုယ်နဲ့မလိုက်နိုင်ဘူးဆိုရင် ကိုယ် ဘာမှမလုပ်ဘူး ကတိပေးပါတယ်"

"ဟင့်အင်း မယုံဘူး၊ ကျွန်မ မူးရူးနေတဲ့လူရဲ့အကူအညီကို မယုံဘူး၊ ဒါ ကျွန်မရဲ့ ..."

"ဟင်..."

ကောင်မလေးပြောပုံဆိုပုံတွေက ကျွန်တော်ရော ကျွန်တော့်ရှေ့က လူပါ တစ်ယောက်ကိုတစ်ယောက် ပါးစပ်အဟောင်းသားနဲ့ မျက်လုံးပြူးပြီး အပြိုင်အဆိုင်ကြည့်မိရတဲ့အဖြစ်ပါ။

ဒါပေမယ့် ကောင်မလေးက စကားထပ်မစပေမယ့် ကျွန်တော့် ရှေ့ကလူက ကျွန်တော့်ကို နာနာကျင်ကျင်ကြည့်ကာ ရုတ်တရက် ကျွန်တော့်ကို ထိုးချလိုက်ပါသည်။

ကောင်မလေးရဲ့အော်သံတွေ ကျွန်တော်ခေါင်းကို တစ်ခုခုနဲ့





ရိုက်လိုက်သံတွေ မျက်ဝန်းတွေပြာခနဲ ...

"ဟော့ကောင်တွေ ..."

"ကျွန်တော် အားတင်းကြည့်နေစဉ်မှာ အဝေးက ဂိတ်သိမ်းပြီး ပြန်လာဟန်ထင်ရသော ဆိုက်ကားသမားနှစ်ယောက်ရဲ့ အသံတွေ ကြောင့် ကျွန်တော့်ကိုထိုးကြိတ်ကြသော လူသုံးယောက်မှာ ကားပေါ် တက်ပြေးကာ အတင်းမောင်းထွက်သွားပါသည်။

ဆိုက်ကားနှစ်စီး ကျွန်တော့်ရှေ့မှာ ရပ်လိုက်သည်ဆိုရင်ပဲ ကျွန်တော့်ရဲ့စိတ်တွေလည်း အားလျှော့လိုက်သည်ထင်ပါရဲ့ မျက်လုံး ကို အားယူဖွင့်ချင်စိတ်တွေကို ရပ်လိုက်မိပါသည်။ အရာအားလုံးဟာ အမှောင်ဖုံးလွှမ်းသွားခဲ့ပါတယ်။

⚓ ⚓ ⚓



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မျက်လုံးတွေအဖွင့်မှာ ကျွန်တော် အိပ်စက်နေတဲ့ အိပ်ရာဟာ ကျွန်တော်နဲ့ စိမ်းသက်နေမှန်း သိသည်။ ပြီးတော့ ရနံ့ အသစ်၊ နှောက်ပြီး ...

"ဟော... အစ်ကို သတိရလာပြီ"

ကျွန်တော် အသံရှင်ကိုကြည့်မိလိုက်သည်။ ပထမတော့ သူမကို မမှတ်မိဘူး၊ နောက်တော့ တဖြည်းဖြည်းနဲ့ သူမ ဘယ်သူဆိုတာ ရိပ်မိလာသလို ညတစ်ညကအဖြစ်အပျက်တွေကိုလည်း မှတ်မိလိုက်တယ်။

"အ ..."

ခေါင်းက နာကျင်သလို ခံစားမိလို့ ကိုယ့်ခေါင်းကို ကိုယ်ပြန်စမ်းမိတော့ ...

"သိပ်မလှုပ်နဲ့ အစ်ကို၊ အစ်ကို့ခေါင်းကဒေါက်တာ နည်းနည်းပြင်းလို့ ချုပ်ထားရတာ"

သွားပြီ၊ လွဲချော်ခြင်းတွေက သူ့ကို စတင် နှိပ်စက်ခဲ့ပါပြီ၊ လွဲချော်





သူတိုင်းကို ဖြေရှင်းခွင့်ရခဲ့ပေမယ့် ဒီတစ်ကြိမ် လွဲချော်မှုက သူ့အတွက် အထိနာဆုံးနဲ့ ဖြေရှင်းလို့မဖြစ်နိုင်တဲ့ အခြေအနေ ...။

သိပ်မကြာခင် သူ့ကို စစ်ချက်ယူတော့ ကောင်မလေးက အဖြစ်မှန်ကို ပြောပြချင်နေပုံရသည်။ ကျွန်တော်က ဘူးခံပြီး ဘယ်သူဘယ်ဝါမှန်းမသိပါဘူးလို့ ငြင်းတော့ စစ်ချက်ယူသူက ...

"အခန့်မသင့်ရင် သေမှုသေခင်းဖြစ်နိုင်တယ်နော် ကိုတိုးတိုး"

"တကယ်မသိလို့ပါ ဆရာ"

ကောင်မလေးက တစ်ခုခုကို စဉ်းစားမိဟန်နဲ့ မကျေမနပ်ဖြစ်နေခဲ့ရသည်။ ဒေါက်တာက တော်တော်ချုပ်လိုက်ရပါတယ်။

အဲဒီအချိန်တည်းက စပြီး ခေါင်းက ဒေါက်တာထက် ရင်ထဲက ဒေါက်တာက ပို၍နာကျင်စရာကောင်းခဲ့သည်။

ဆေးရုံကဆင်းတော့ အချိန်နှောင်းနေပြီဆိုတာ ကျွန်တော် သိလိုက်ရပါသည်။ ကျွန်တော် အိမ်ကိုပြန်လို့မဖြစ်သေးပါ၊ ကျွန်တော့်ရဲ့ အမူအရာကိုကြည့်ပြီး ကောင်မလေးက ...

"အစ်ကို မေလေးတို့အိမ်ကို လိုက်ခဲ့ပါလား"

ကောင်မလေးကိုကြည့်တော့ စိတ်မကောင်းဟန် တောင်းပန်ဟန် မျက်ဝန်းတွေနဲ့ ကျွန်တော့်ကို မော့ကြည့်နေပါတယ်။

ကျွန်တော် မေလေးနဲ့ အတူ မေလေးအိမ် လိုက်လာခဲ့မိပါတယ်။ မေလေးအိမ်ရှေ့ တိုင်စီရပ်တော့ ခြံထဲက အဒေါ်ကြီးတစ်ယောက် ပြေးထွက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မေလေးရယ် ဒေါ်လေးဖြင့် တစ်ညလုံး စိတ်ပူနေတာ၊ ညည်းသူငယ်ချင်းလဲ ဒေါ်လေးနဲ့အတူ တစ်ညလုံးမအိပ်ဘဲ စောင့်နေရတာ ရွှေစင်ရေ... ရွှေစင် ဒီမှာ မေလေး ပြန်ရောက်လာပြီ"

တစ်ထပ်အိမ် ရေနံ့ဝနေတဲ့ပျဉ်ထောင်အိမ်လေးထဲက မေလေးအရွယ် မေလေးလိုပုံစံနဲ့ နောက်ထပ် ကောင်မလေးတစ်ယောက် အပြေးထွက်လာကာ ...

"နင် ညက ဘယ်ရောက်နေတာလဲ၊ ငါတို့မှာ စိတ်ပူနေရတာ ဒါနဲ့..."

အခုမှ ကျွန်တော့်ကို သတိထားမိဟန်တူပါသည်။ မေလေးက လက်ကာပြရင်း ကျွန်တော့်ကိုတွဲကာ ...

"လာ အစ်ကို၊ ဒါ မေလေးရဲ့အိမ်ပဲ"

သူမရဲ့ခေါ်သံကြောင့် ကျန်တဲ့လူတွေလည်း ဘာမှမပြောဘဲ အိမ်ပေါ်တက်လိုက်လာပါတယ်။ အိမ်ပေါ်ရောက်လို့ နားနားနေနေ ဖြစ်ပြီဆိုမှ မေလေးက သူမအဒေါ်နဲ့ သူမ သူငယ်ချင်းကို အကြောင်းစုံရှင်းပြပါသည်။

အဲဒီအခါကျတော့မှ အားလုံးက ရင်သပ်ရှုမောဖြစ်ရင်း ကျွန်တော့်ကို ကျေးဇူးတွေ အထပ်ထပ်တင်နေရပါတယ်။

မေလေးက ကျွန်တော် အနားယူချင်နေပုံရသည်။ မေလေး တိုက်တဲ့ ကော်ဖီနဲ့မုန့်တို့ကို သောက်ပြီး ကျွန်တော် အသင့်ပြင်ပေးထားတဲ့ အိပ်ရာပေါ်မှာ လှဲလိုက်ပါတယ်။ တော်... ...ာ်နဲ့ အိပ်လို့မပျော်ခဲ့ပါဘူး





ဒီအချိန်ဆို စောမွန် ဘယ်လောက် သူ့အပေါ် နာကျင်နေမှာလဲ ...သူ သိသည်။ ဆေးအာနိသင်ကြောင့် အိပ်ပျော်သွားခဲ့ပေမယ့် အိပ်မက်တွေ ...ထဲမှာ စောမွန်ရဲ့မီးတောက်မျက်ဝန်းတွေက အိပ်မက်ဆိုးတွေကို ဖြစ်...ပေါ်စေပါသည်။

အိပ်မက်တွေမက်ပါတယ်။ အိပ်မက်ထဲမှာ အနီရောင်ကြက်ခြေ...တ်တွေ ကျွန်တော်ဘေးမှာ ဝိုင်းရံလို့ ကျွန်တော်ဟာ လေဟာနယ်ထဲ...မှာ ဓောက်ထိုးမိုးမျှော် မျောလွင့်နေပါတယ်။

အိပ်ရာကလန့်နိုးတော့ ကျွန်တော် ဘယ်ရောက်နေသလဲလို့ ဖြစ်...ပါသေးတယ်၊ နောက်တော့ အဖြစ်အပျက်တွေကို မှတ်မိလာပါတယ်။

"ဟော အစ်ကိုတောင်နိုးနေပြီ"

မေလေးက ရေမိုးချိုးပြီးဟန်နဲ့ ရှင်းရှင်းသန့်သန့်လေး လှနေပါ...တယ်။ တကယ်တော့ မေလေးလည်း ဆွဲဆောင်ညှို့ငင်အားရှိတဲ့ ...မိန်းမလှတစ်ယောက်ပါ။

"လာ အစ်ကို မျက်နှာသစ်ပြီးရင်း ခြံထဲမှာထိုင်ပြီး စကားပြော...ကြတာပေါ့၊ ဒေါ်လေးနဲ့ ရွှေစင်က ချက်ပြုတ်နေတော့ ညော်မှာစိုးလို့"

ကျွန်တော် လန်းဆန်းသွားအောင် မျက်နှာသစ်ကာ ခြံထဲကို ...ဆင်းလျှောက်လာခဲ့ပါတယ်။ ခြံလေးက မကျဉ်းမကျယ်နဲ့ သပ်သိ...ရပ်ရပ်ပါ။

မေလေးက ကျွန်တော့်အတွက် ကော်ဖီနဲ့မုန့်အပြင် အ...သောက်ရန် ဆရာဝန်ညွှန်ကြားထားတဲ့ဆေးပါ ပြင်ဆင်ပေး...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကော်ဖီသောက်ရင်း ဆေးသောက်ပြီးစီးတော့ မေလေးက ကျွန်တော့်ကို ငေးကြည့်နေတာ ကြုံလိုက်ရပါတယ်။

"မေလေးကြောင့် အစ်ကို အခုလိုဖြစ်နေတာ မေလေး တောင်းပန်ပါတယ်"

ကျွန်တော် အားတင်းပြုံးရင်း...

"ရပါတယ် သူ့ဘာသာသူဖြစ်လာတော့လဲ ဘာတတ်နိုင်မှာလဲ"

မေလေးက သက်ပြင်းချရင်း ....

"အမှန်က အစ်ကိုနဲ့ ရန်ပွဲဖြစ်တဲ့သူက ညီမချစ်သူလို့ ပြောလို့ပါတယ်"

"ဘယ်လို မေလေးရဲ့ ချစ်သူ ..."

မေလေးက ငိုက်ကျလာတဲ့ ဆံပင်ပျော့ပျော့ခွေကို နားရွက်နောက် ဆွဲသိမ်းညှပ်ရင်း ခေါင်းညိတ်ပြပါသည်။

"မေလေးက ဆိုင်တစ်ဆိုင်မှာ သီချင်းဆိုတဲ့ မိန်းကလေး တစ်ယောက်ပါ၊ မေလေး ကိုယ့်ကိုယ်ကျင့်တရားကို ကိုယ် ယုံတယ်။ မေလေးဟာ အဖေနဲ့အမေ မရှိဘူး၊ အဲဒါကြောင့် လူရိုသေရှင်ရိုသေဖြစ်အောင် တောက မေလေးအဒေါ်ကိုခေါ်ပြီး လူကြီးသူမ အဟန့်အတားရှိအောင် မေလေး နေခဲ့တယ်။ ရွှေစင်က မေလေးနဲ့ တစ်ဆိုင်တည်းဆိုတဲ့ နယ်ကလာတဲ့ သူငယ်ချင်းပါ၊ မေလေးနဲ့ အတူနေပါတယ် အစ်ကို"

ကျွန်တော် မေလေးစကားကို စိတ်ဝင်တစား နားထောင်နေမိပါ





သည်။

မေလေးရဲ့ မျက်ဝန်းမှာ အားငယ်ရိပ်တွေ၊ လောကကိုကြောက်ရွံ့မှုတွေ မတွေ့ရတော့ပါ။

"သူ မေလေးဆိုင် အမြဲလာတဲ့ ကာစတန်မာတစ်ယောက်ပါ။ သူနဲ့သိတာ သုံးနှစ်လောက်ရှိပါပြီ၊ သူ မေလေးဆီက အဖြေကိုရဖို့ သုံးနှစ်သုံးမိုးကြိုးစားခဲ့တယ်။ အမှန်တော့ သူက လူရမ်းကားမဟုတ်ပါဘူး အစ်ကို၊ ဒါပေမယ့် သူက ရုတ်တရက်ကြီး လက်ထပ်ခွင့်တောင်းလာတယ်။ မနေ့ညကပေါ့ သူ လက်ထပ်ခွင့်တောင်းတာ သူ မူးနေတဲ့အချိန် မေလေး သီချင်းဆိုနေတဲ့ဆိုင်မှာပေါ့၊ မေလေး ရှက်လဲရှက်မိပါတယ်၊ နောက်တော့ သူ့အပေါင်းအသင်းတွေနဲ့ နောက်ကလိုက်လာပြီး အိမ်ကို အတင်းပို့မယ်လုပ်ရင်း အခုလို..."

မေလေး ခေါင်းငုံ့သွားပါတယ်။ သက်ပြင်းတွေချ ခေါင်းတွေယမ်းရင်း အမှန်တရားကို စိတ်နာပြစ်ချင်မိပါသည်။ ဒီအချိန်ဆို အိမ်မှာ အဖေတို့ အမေတို့ စိတ်ပူနေမှာ ကျွန်တော်သိသည်။ ရုပ်ကွက်ထဲမှာရော ခင်လေးနဲ့ပတ်သက်ပြီး ဘာတွေဖြစ်နေပြီလဲ။

"ကဲ မေလေးလဲ ဆိုင်သွားရဖို့နီးနေပြီ၊ ကိုယ်လဲ ပြန်တော့မယ်"

"ဟင် ဒီမှာ တစ်ရက်လောက် နားနားနေနေ နေပါလား အစ်ကို"

ကျွန်တော်က ခေါင်းခါပြရင်း ...

"အိမ်က စိတ်ပူမှာစိုးလို့ပါ မေလေး၊ နောက်တော့ ကိုယ် လာခဲ့ပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လာခဲ့နော် အစ်ကို၊ မေလေး လိုက်ပို့ ပေးမယ်လေ"

ကျွန်တော်က လက်ကာပြကာ ခြံထဲကထွက်လာခဲ့သည်။ မေလေးက စိုးရိမ်ဟန်နဲ့ ခြံဝထိလိုက်ပို့ပေးပါတယ်။

ကျွန်တော် ခြံထဲကထွက်လာတော့ အိမ်ကို မပြန်ချင်သေး။ ညကတည်းက သွေးစွန်းပြီး ကြေမွနေတဲ့ဝတ်စုံ၊ ခေါင်းမှာ ပတ်တီးစည်းထားတဲ့ လူတစ်ယောက်ကို ဖြတ်သွားဖြတ်လာသူတွေက ဘယ်လိုထင်မလဲမသိပါ။

လမ်းပေါ်မှာ လျှောက်ချင်ရာလျှောက်ပြီး ဦးတည်ရာမရှိ လျှောက်နေမိပါတယ်။ ဘယ်လောက်ထိတောင် လျှောက်နေမိသည်မသိ ရှေ့က ညနေခင်းလမ်းလျှောက်ထွက်လာဟန် စုံတွဲကိုမြင့်တော့ ကျွန်တော် ကြက်သေ,သေကာ ရပ်လိုက်မိသည်။

စောမွန်နဲ့ ထိုသူက အေးအေးသက်သာ ကိစ္စတစ်ခုကို ဆွေးနွေးရင်း လမ်းလျှောက်ထွက်လာဟန်တူသည်။ စောမွန်ဘေးကလူကို ကျွန်တော်က ဇဝေဇဝါဖြစ်သလို ငေးစိုက်ကြည့်မိသည်။ နောက်တော့ ညက သူ့ကို မေလေးရဲ့ကိစ္စနဲ့ ပြဿနာတက်ခဲ့တဲ့သူမှန်း ကျွန်တော် သိခဲ့လိုက်ပါတယ်။

စောမွန်က လက်ပိုက်ကာ အေးအေးသက်သာလျှောက်လာရင်း ထိုသူ့စကားတွေကို နားထောင်ရင်း ဆံပင်တွေခါကာ ရှေ့ကိုလှမ်းအကြည့် ကျွန်တော့်ကိုမြင်တွေ့သွားကာ မျက်နှာအနေအထားတွေ အမျိုးမျိုးပြောင်းလဲလာပါတယ်။ ပထမ အံ့သြခြင်း နောက်ဆက်တွဲ





တွေက အခံရခက်မှုတွေ နာကြည်ခြင်းတွေပါလာတယ်။ ပြီးတော့ ရပ်နေတဲ့ ကျွန်တော့်ဆီ လျှောက်လာကာ ကျွန်တော့်ရှေ့မှာရပ်ကာ စိုက်ကြည့်သည်။

သူမမျက်ဝန်းတွေထဲမှာ လောင်ကျွမ်းစေနိုင်တဲ့ မီးတောက်အရှိန်အဝါတွေ တဟုန်းဟုန်းတောက်နေတယ်။ နှုတ်ခမ်းပါးလေးကို ကိုက်ထားတာ ပြတ်ထွက်သွားမတတ်ပါပဲ။

"ဒါ နင့်ရဲ့ အမှားတွေအတွက် ..."

"ဖြန်း"

မျက်ဝန်းထဲမှာ အရောင်တွေလင်းလက်သွားပါတယ်။ ကျွန်တော် ချက်ဝန်းကို မှိတ်ပေးလိုက်ပါတယ်။

"ဒါက ကတိမတည်တဲ့နင့်အတွက်"

"ဖြန်း"

"ဒါက ငါ့အချစ်နဲ့ ငါ့မိဘတွေအတွက်"

"ဖြန်း"

"စောမွန်"

မေလေးရဲ့ ပုဂ္ဂိုလ်က မျက်စိမျက်နှာအပျက်ပျက်နဲ့ ကျွန်တော့်ကို ခဲရဲတရဲကြည့်ရင်း စောမွန်ကို ထိန်းသိမ်းပါသည်။

"နေဦး ကိုမင်း၊ ဒါက ကျွန်မရဲ့ အမုန်းတရားတွေအတွက်"

"ဖြန်း"

သူမ ပါးပေါ်မှာ မျက်ရည်စီးကြောင်းတွေကို မြင်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်ရည်တွေကို မဖယ်ရှားမိပါ။ ပတ်ဝန်းကျင်ကလူတွေ က ဝိုင်းအုံကြည့်နေကြပါတယ်။ သူမ လှည့်ထွက်ဖို့ အလှည့်မှာ ...

"စောမွန် ..."

ကျွန်တော့်နှုတ်က တစ်စုံတစ်ယောက် အမိန့်ပေးသလို သူ နာမည်ခေါ်မိတော့ တုံ့ခနဲဖြစ်သွားတဲ့ခြေလှမ်းနဲ့ တွန့်ခနဲဖြစ်သွားတဲ့ ကျောပြင်လေး ...

"မင်း ငါ့ကိုမုန်းချင်မုန်းပါ။ ငါ မင်းကိုချစ်မိတာတော့ အမှားတစ်ခု မဟုတ်ဘူးဆိုတာ မင်း နားလည်ပေးပါ"

မျက်ရည်တစ်စက်က ပါးပြင်ပေါ်မှလိမ့်ဆင်းကာ ကျွန်တော့်ခြေ ပေါ်သို့ ကျသည်။ စောမွန် ထွက်ပြေးသွားသည်။ ကျွန်တော့်ရှေ့က မေလေးပုဂ္ဂိုလ်က ကျွန်တော့်ကို တစ်စုံတစ်ခု ပြောချင်နေပုံရသည်။ နောက်တော့ ခေါင်းခါ ဆံပင်သပ်ကာ စောမွန်နောက်သို့ ပြေးလိုက် သွားပါသည်။ ကျွန်တော် အဲဒီကအုတ်ခုံပေါ်မှာ ထိုင်ချမိလိုက်ပါသည်။ လူတွေလည်း အလျှိုအလျှိုထွက်ခွာသွားကြပါပြီ ...

လမ်းမီးတွေလည်း လင်းထိန်နေပြီ၊ ကျွန်တော့်ရဲ့ခန္ဓာကိုယ်သည် အုတ်ခုံပေါ်မှ မရွှေ့မလျား။

အဲဒီအချိန်မှာ ကားတစ်စီးက ကျွန်တော့်ကို ကျော်လွန်သွားပြီးမှ နောက်ပြန်ဆုတ်ကာ ကားတံခါးဖွင့်သံနဲ့အတူ လူတစ်ယောက် ဆင်း လာကာ ...

"ဟာ ရှာလိုက်ရတာကွာ မင်း ဘယ်တွေလျှောက်သွားပြီး မင်း





ဘာတွေဖြစ်နေတာလဲ၊ ရုပ်ကွက်ထဲမှာလဲ မင်းနဲ့ ခင်လေး သတင်းတွေ ပျံ့နေတာ ၊ နောက်မှ မင်းသန့်ပြောမှ ငါသိရတာ"

ကျွန်တော့်ဘေးမှာ ဝင်ထိုင်ပြီး ကျွန်တော့်ကို စိုးရိမ်တကြီးနဲ့ ငေးကြည့်ရင်း ကိုကြီးဦးလေးက ဆိုသည်။

"ကဲ... ထ မင်းအိမ်ပြန်မယ်၊ မင်းအိမ်က စိတ်ပူနေပြီ မောင်တိုး"

"ကျွန်တော် အိမ်မပြန်ချင်ဘူး"

"ဘယ်လို ..."

ကိုကြီးဦးလေး စိတ်ရှုပ်ဟန်ခေါင်းခါရင်း မတ်တတ်ရပ် ခါး ထောက်ကာ ကျွန်တော့်ကို ငေးကြည့်နေသည်။

"ဒါဆို မင်း ဘယ်ကိုသွားချင်လဲ"

"အရက်ဆိုင် ..."

"ဗုဒ္ဓေါ"

ကိုကြီးဦးလေး ဘုရားတပါတော့သည်။ နောက်တော့ ...

"ကဲ ထ...ကားပေါ်တက် ငါ့ဆိုင်သွားမယ်"

ကျွန်တော် ခပ်လေးလေးထရပ်ကာ ကားတံခါးဖွင့် တက်ထိုင် လိုက်ပါသည်။ ကိုကြီးဦးလေးကတော့ ကားပေါ်မတက်သေးဘဲ ဖုန်း ဆက်နေပါသေးတယ်။ ဖုန်းဆက်ပြီးတော့ ကားတံခါးဖွင့်ဝင်ထိုင်ရင်း...

"မင်းကောင်တွေပါ ဆိုင်ကိုခေါ်ထားတယ် စုံစုံညီညီပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မင်းကူညီခဲ့တဲ့ ကောင်မလေးက မေလေးပေါ့"

ကျွန်တော့်ရဲ့ အဖြစ်အပျက်အလုံးစုံကို အားလုံးရှေ့မှာ ပြောပြတော့ ကိုကြီးဦးလေး အခုလို မေးခြင်းဖြစ်ပါတယ်။ အပြင်မှာ တေးဂီတအသံတွေ လွှမ်းခြုံနေသလောက် ကိုကြီးဦးလေးရဲ့ စပယ်ရှယ်သီးသန့်အခန်းလေးထဲကိုတော့ ဒီဂီတသံစဉ်တွေ မထိုးဖောက်နိုင်။

"ကျွန်မကို ဝင်ခွင့်ပြုပါ လေးလေး ..."

တံခါးဖွင့်သံ ဝင်ခွင့်တောင်းသံတို့ကြောင့် ကျွန်တော်တို့ အပေါက်ဝကို တစ်ပြိုင်နက် လှည့်ကြည့်မိတော့ မေလေး ဖြစ်နေတာ တွေ့ရပါသည်။

"ခုန ကိုတိုးပြောတာ အားလုံး အမှန်တွေပါ၊ ဒါပေမယ့်..."

"ကဲ ညည်းဝင်ထိုင်ပါဦး၊ အခုတောင် ညည်းကို ခေါ်ခိုင်းတော့မလို့"





မေလေးက လွတ်နေတဲ့ဆိုဖာပေါ်မှာ ဝင်ထိုင်ပါသည်။

မော်ကြီးနဲ့ ကုလားက မေလေးကို စူးစမ်းဟန်နဲ့ ကြည့်နေပါသည်။

မေလေးက ကျွန်တော့်ကို လှမ်းကြည့်ရင်း ...

"ကိုတိုး ခုနပြောလိုက်တဲ့ ကိုတိုးချစ်သူနဲ့ စေ့စပ်ပေးမယ့်သူဟာ ကိုမင်းကျော်ဦးမှန်း မေလေး တကယ်မသိခဲ့ပါဘူး၊ ခုန ကိုတိုး ပြောသံကြားမှ မေလေး သိလိုက်ရတာ"

ကိုကြီးဦးလေးက ကျွန်တော့်ကို ဘီယာငှဲ့ထည့်ပေးရင်း ...

"ဒါဆို မနေ့က မင်းကျော်ဦး ဒီဆိုင်မှာ ဝရုန်းသုန်းကားဖြစ်တာ အဲဒီအကြောင်းတွေနဲ့ သက်ဆိုင်မယ်ထင်တယ်"

"ဘာဖြစ်လို့လဲ လေးလေး ..."

မေလေးရဲ့ ပြန်မေးတဲ့ မေးခွန်းကြောင့် ကိုကြီးဦးလေးက ...

"ဘာဖြစ်လို့လဲဆိုတော့ ညည်းကို မင်းကျော်ဦး သိပ်ချစ်တာ တစ်ဆိုင်လုံး သိနေကြလို့ပဲ"

မေလေး ခေါင်းငုံ့သွားပါသည်။ အခန်းလေးဟာ ပြန်လည်တိတ်ဆိတ်သွားပါတယ်။

ရှေ့ဆက်ပြီး ဘယ်လောက်တောင် ထပ်မှားနိုင်သလဲ ...လာခဲ့စမ်းပါ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်ကြတာလဲဟယ်"

မကြီးဒေါ်လေးက မေလေးကို တစ်ချက်ကြည့်ပြီး ဝင်ထိုင်ထိုင်ချင်း ပြောပါသည်။ မေလေးက အလိုက်တသိနဲ့ အခန်းထဲက ထွက်သွားပါသည်။

"ကိုမြင့် အရေးကြီးတယ်ဆိုလို့ ငါလဲ အမြန်ထွက်လာခဲ့တာ၊ အိမ်မှာလဲ ယမ်းပုံမီးကျနေတယ်။ မင်းပိုင်ကတစ်မျိုး၊ အစ်ကိုနဲ့အစ်မကလဲ တစ်မျိုးနဲ့ စိတ်တောင်ညစ်တယ်၊ စောမွန်ကလဲ နင့်အသံတောင် မကြားချင်ဘူးဆိုတာကြီးပဲဟယ်၊ ဘာတွေမှန်းကိုမသိဘူး"

ကျွန်တော်က ငူငူငိုင်ငိုင်နဲ့ မကြီးဒေါ်လေးစကားတွေကို မကြားသလိုလို ရှိနေပါသည်။

အရှိန်ပြင်းတဲ့စကားလုံးတွေရဲ့ ရိုက်ခတ်မှု ချစ်သူမျက်ဝန်းထဲက အစိမ်းရောင်ထက်ရှုမှုတွေဟာ ရုပ်ထုထည်မြားသွားတွေထက် ပိုပြီး စူးရှခဲ့ပါသည်။

အဖြစ်အပျက်တွေကို ကိုကြီးဦးလေးက မကြီးဒေါ်လေးကို ပြန်





လည်ရှင်းပြနေခဲ့သည်။ စကားတွေနဲ့ ရှင်းပြရတာ လွယ်ပါတယ်၊ အခုပြော အခုပျောက်သွားတဲ့ အသံတွေ ဖြစ်နေပေမယ့် ဖြစ်ပြီးခဲ့သမျှတွေဟာ နာကျင်စရာကောင်းတဲ့ မမြင်ရတဲ့ဒဏ်ရာအဖြစ် နှလုံးသားမှာ တည်ရှိနေတော့မှာ ဘယ်သူတွေ နားလည်ပေးမှာလဲ။

"နင့်ကိုက အမှားနဲ့မကင်းနိုင်ပါလား သားရယ်"

ကရုဏာစကားဆိုသည့် ဒေါ်လေးကြောင့် ကျွန်တော် ပို၍ နာကျင်မိသည်။ ကိုယ့်နက္ခတ်ကိုယ် ပြန်မုန်းချင်စရာကောင်းလောက်အောင် ဒီလိုဘဝကို ဘယ်သူ ဖန်ဆင်းပေးခဲ့တာလဲ။

နူးညံ့ခြင်းနဲ့ပြည့်စုံတဲ့အိပ်မက်လှလှတွေကို တားဆီးဖို့ ဘယ်နတ်ဆိုးက အမိန့်ပေးခဲ့တာလဲ။

"စိတ်ဓာတ်မကျပါနဲ့ကွာ"

မော်ကြီးက နှစ်သိမ့်သည်။ စိတ်ဓာတ်ကျတာမဟုတ်ဘူး၊ စိတ်ဓာတ်ပျက်စီးသွားတာလို့ နာနာကြည်းကြည်း ပြောပစ်လိုက်ချင်သည်။

"ဖြစ်လာမှတော့ အကောင်းဆုံးဖြစ်အောင် စီစဉ်ရတော့မှာပေါ့"

ဦးလေးကိုကြီးစကားကြောင့် ဒေါ်လေးမကြီးက...

"ဘယ်လိုစီစဉ်မှာလဲ ကိုမြင့်"

ကျွန်တော် သူတို့ဝိုင်းကနေ ထွက်လာခဲ့ပါသည်။ မကြီးဒေါ်လေးက စိတ်မသက်သာသလို သက်ပြင်းချသည်။

အခုအချိန်မှာ သူတစ်ယောက်တည်းနေချင်ပါသည်။ အကျော တွေ အသံတွေနဲ့ ဖွဲ့စည်းထားတဲ့ အလွမ်း တမ်းတသတိရခြင်းဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားအသံတွေကို သိနေ ကြားနေရပေမယ့် ရင်ထဲမှာ ဒီလိုနေလို့မရအောင် အခံ့ ခက်စေမှန်း ဘယ်သူမှ မသိခဲ့။

တစ်ဖက်သတ် စိမ်းကားမှုတွေသည် ချစ်သူ ဝတ်ဆင်ခိုင်းတဲ့ ဝတ်စုံတစ်စုံ...

ဒဏ်ရာဒဏ်ချက်သည် ကျွန်တော် ဖြုတ်ချခွင့်မရှိတဲ့ အလေးဆုံး ဝန်ထုပ်ဝန်ပိုး...

ဒါတွေဟာ အချစ်ကြောင့်ပါလို့ ကျွန်တော် အပြစ်မဆိုရက်ပါ။





"မောင်ရင်တို့ ကျုပ်ကို တွေ့ချင်တယ်ဆိုတဲ့ကိစ္စက..."

ကိုကြီးဦးလေးကိုယ်တိုင် စီမံကိန်းရေးဆွဲပြီး စနစ်တကျ မဟာဗျူဟာတွေ ချမှတ်ထားတဲ့ စီမံကိန်းပါ။ မကြီးဒေါ်လေးဆီက ကိုမင်းပိုင်ရဲ့ဖုန်းနံပါတ်ကိုတောင်းပြီး ကိုကြီးဦးလေးကိုယ်တိုင် ကိုမင်းပိုင်ရုံးခန်းမှာ ချိန်းဆိုပေးထားခြင်းဖြစ်သည်။

ကိုမင်းပိုင်က မော်ကြီးနဲ့ ကုလား ထိုင်ထိုင်ချင်း ခုနစကားကို ဆိုပါသည်။ မော်ကြီးက ချောင်းတစ်ချက်ဟန့်သည်။

"ကိုမင်းပိုင်ဆီ ကျွန်တော်တို့ လာရတဲ့အကြောင်းက ကျွန်တော်တို့သူငယ်ချင်း တိုးတိုး ကိစ္စပါ"

တိုးတိုး နာမည် ကြားကတည်းက ကိုမင်းပိုင် မျက်နှာ စတင်၍ ပျက်သည်။

"ခင်ဗျားတို့ ပြန်ကြရင်ကောင်းမယ်၊ ကျွန်တော်တို့အိမ်အတွက် ဒီကောင်က တကယ်ငြိုဟ်ကောင်၊ အစကတော့ ကျွန်တော့်ကို ဒုက္ခအမျိုးမျိုးပေးတဲ့ ဒီကောင်ကို ကျွန်တော် လုံးလုံးမကျေဘူး၊ ပတ်လဲမပတ်သက်ချင်ဘူး"

"ခင်ဗျား ကျွန်တော်တို့ပြောတဲ့စကားကို အရင်နားထောင်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ကုလားက မနေသာတော့ဘဲ ဝင်ပြောတော့ ကိုမင်းပိုင်က ခါးခါးသီးသီး ငြင်းဆန်သည်။

"မထောင်နိုင်ဘူးဗျာ"

"မထောင်နိုင်ရင် လှဲနေဗျာ"

"ဘာစကားပြောတာလဲ"

"မြန်မာစကားပြောတာလေ"

အရေးထဲ ကုလားနဲ့ ကိုမင်းပိုင်က ငြင်နေပါသေးသည်။ မော်ကြီးက ကိုမင်းပိုင်ကို အဓိက စကားပြောဖို့ အရေးကြီးနေသည်။

"တကယ်လို့ ကျွန်တော်တို့အားလုံးဟာ ယင်းမာရဲ့သူငယ်ချင်းတွေဆိုရင်ရော..."

ဒေါသဖြစ်နေတဲ့ ကိုမင်းပိုင်ရဲ့မျက်နှာအစိတ်အပိုင်းတွေသည် ရုပ်တန့်သွားပါသည်။

"ဒီနေ့ မနက်ဖြန် ခင်ဗျား ယင်းမာဆီက အဖြေရမယ်ဆိုတာလဲ ကျွန်တော်တို့အားလုံး သိတယ် ကိုမင်းပိုင်။ နောက်တစ်ချက်က ခင်ဗျားကုမ္ပဏီက အလုပ်ထွက်သွားတဲ့ အရောင်းမြှင့်တင်ရေးက ခင်သီတာခိုင်ကို ပရိုပို့စ်လုပ်ဖူးတာ ယင်းမာကလွဲရင် ကျွန်တော်တို့ အားလုံး သိတယ် ကိုမင်းပိုင်"

ကိုမင်းပိုင်မျက်နှာ အကြီးအကျယ် ပျက်သွားရင်း...

"ခင်ဗျားတို့ ကျွန်တော့်ကို လာခြိမ်းခြောက်နေတာလား"

"ခြိမ်းခြောက်နေတာမဟုတ်ဘူး ကိုမင်းပိုင်၊ ကျွန်တော်တို့ ပြောစရာစကားပြောပြီးရင် ကျွန်တော်တို့ပြန်မှာပါ စိတ်ချ၊ စောစောက ခင်ဗျား





တိုးတိုးရဲ့ သက်ရောက်မှုအကျိုးဆက်တွေဟာ ခင်ဗျားနဲ့ ယင်းမာအပေါ် မသက်ရောက်စေရဘူး၊ ရှင်းရှင်းပြောရရင် ခင်ဗျား အနေခက်အစိုးလို့ တိုးတိုးဟာ ယင်းမာနဲ့ သူငယ်ချင်းတွေဆိုတာကိုတောင် ကိုမင်းပိုင်ကို မပြောဖို့ နှုတ်ပိတ်ထားခိုင်းရတာ ခင်ဗျား သိလား"

ကိုမင်းပိုင် ငိုင်တွေသွားရပါသည်။ နောက်မှီပေါ် လျှော့ချထိုင်ရင်း...

"ခက်တာက ကျွန်တော် ဘယ်လောက်ပဲ တိုးတိုးအပေါ်ကို အခဲကျေနိုင်ပါစေ သူ့အပေါ် အခဲမကျေတာက တခြားပါ။ ညီမလေးကိစ္စက ကျွန်တော့်အဖေနဲ့အမေပေါ်ပဲ မူတည်တယ်၊ ဒီကောင် လုပ်သွားပုံတွေကလဲ ခင်ဗျားတို့ စဉ်းစားကြည့်လေ"

ကုလားက ခေါင်းယမ်းပြတော့ ကိုမင်းပိုင်က နားမလည်ဟန်ပြသည်။

မော်ကြီးက ဝင်ရှင်းပြရပါတယ်။

"ဒီလိုဗျ၊ ခင်ဗျားတို့မိသားစုအမြင်ကတော့ တိုးတိုးမှားတာပဲ ထင်ကြတာပဲ"

ကိုမင်းပိုင် ခေါင်းညိတ်ပြသည်။

"ခင်ဗျား ဒီကောင့်ကြောင့် အရှက်ကွဲရတယ်လို့တော့ ခင်ဗျား ဘက်ကထင်မှာပေါ့၊ တကယ်တမ်း သေချာစဉ်းစားကြည့်ရင် အဲဒီနေ့က ခင်ဗျား ကန်ရဲ့အစပ်ကိုမသွားရင် ခင်ဗျား အရှက်ကွဲစရာအကြောင်း ရှိမလား၊ တိုးတိုးက ခင်ဗျားကို သွားပါလို့ ပြောခဲ့လား ကိုမင်းပိုင်"

ကိုမင်းပိုင် ပြန်မဖြေနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အထာမြှုပ်ဖုံးကို ပြုလုပ်သူဟာ ဂျပန်ပြည့်အတွက် အမိက တာဝန်ခံလား၊ ဒါမှမဟုတ် လေယာဉ်ပေါ်က ဗုံးကိုဖြုတ်ချသူလား၊ ဒါမှမဟုတ် ဂျပန်ပြည်ကို ဗုံးကြဲဖို့ အမိက စေညွှန်ဆုံးဖြတ်သူတွေလား"

မော်ကြီးရဲ့ အကျိုးသင့်အကြောင်းသင့်စကားတွေဟာ ကိုမင်းပိုင်ကို အမှန်တရား အရင်းအမြစ်ကို သိလာဖို့အကြောင်းဖန်လာပါတယ်။

"လက်ရှိအခြေအနေမှာ အမှားအယွင်းတစ်ခုဟာ အထာမြှုပ်တစ်လုံးဆိုရင် အဲဒီအမှားကို ဖန်ဆင်းသူဟာ ကံကြမ္မာပဲ။ တိုးတက်အဆင့်က အမှားတွေကို ဖြုတ်ချလိုက်သူအဆင့် မရောက်သေးဘူး ကိုမင်းပိုင်။ အင်္ဂလန် ခရီးအေးရှားကို မနိုင်တာ ကိုမင်းပိုင်အဖေ နှလုံးရောဂါ မရလောက်ပါဘူး။ ဒါပေမယ့် အင်္ဂလန်တစ်ပြည်လုံးကတော့ ကြေကွဲလို့မဆုံးဘူး။ ခင်ဗျားအမေကို ရည်းစားစကား လိုက်အပြောခံရတာဟာ ခင်ဗျားအဒေါ်နဲ့ ရုပ်ချင်းဆင်နေတဲ့အချက်ကြောင့်ပဲ ကျွန်တော်တို့ အချက်အလက်တွေထုတ်ပြရင် ခင်ဗျား ဘာပြောနိုင်သေး ကိုမင်းပိုင်။ ကျွန်တော်တို့ ပြောချင်တာ ဒါပါပဲ၊ ခွင့်ပြုပါဦး ကိုမင်းပိုင်"

ကိုမင်းပိုင် ဘာမှမပြောနိုင်ခင် ကုလားနဲ့မော်ကြီးက အခန်းတံခါးဖွင့်ကာ ထွက်သွားခဲ့ပါပြီ။

ပုစ္ဆာတစ်ပုဒ်မှာ ဘယ်လိုကိန်းဂဏန်းတွေ ထိုးကျွေးထားပေမယ့် နောက်ဆုံးတော့ အဖြေဆိုတာ ပေါ်လာစမြဲပါ။

⚓ ⚓ ⚓





ကိုမင်းပိုင်တစ်ယောက် ဂနာမငြိမ်ဖြစ်နေရှာပါသည်။ ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက်နဲ့ တစ်ခါတစ်ခါ ကမ်းစပ်ကို ရပ်မိတော့ တစ်ခုခု သတိရဟန်နဲ့ တွန့်ခနဲဖြစ်ကာ နောက်ပြန်ဆုတ်ပါသည်။ ယင်းမာကတော့ ပြုံးမိသည်။ တစ်ခါခံရဘူးတဲ့ ဒီနေရာကို သူမ တမင်ရွေးချယ်ခေါ်ထားတာပါ။

ကိုကြီးစိုးက ကော်ဖီမစ်ထုပ်ဖျော်နေရာမှ ကိုမင်းပိုင်ကို ကြည့်ကာ မသိမသာပြုံးမိပါသည်။

"ဘာဖြစ်နေတာလဲ ကိုမင်းပိုင်"

သူမက အေးအေးဆေးဆေးထိုင်ရင်း ကိုမင်းပိုင်ကို မော့ကြည့်ကာပြောတော့ ကိုမင်းပိုင်က ခုံမှာဝင်ထိုင်ရင်း လက်တွေ တဆတ်ဆတ်ချိုးကာ ...

"ဘာမှမဖြစ်ပါဘူး ယင်းမာ၊ ကိုယ့်ကို ဒီနေ့ အဖြေပေးမယ်ဆိုလို့ စိတ်လှုပ်ရှားမိတာပါ"

ယင်းမာက ပြုံးသည်။ အအေးကို ပိုက်နဲ့ ရွှေ့နေတက်ရင်း

"တစ်ခုတော့ ရှိတယ် ကိုမင်းပိုင်၊ ယင်းမာဆီက အဖြေမရခင်



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းပိုင်ရဲ့ညီမ စောမွန်အချစ်ကို လူတစ်ယောက်ကို အသာတကြည် ထည့်ပေးလိုက်ပါ"

"ဘယ်လို...၊ ယင်းမာ ဘာကိုပြောတာလဲ"

ကိုမင်းပိုင်က ဘာမှနားမလည်ဟန်ရှိသည်။

ယင်းမာက ဘူတာရုံလေးကို ငေးကြည့်နေသည်။

"ယင်းမာတို့ စောမွန်တို့မှာ သဘောကောင်းပြီး ဖြူစင်တဲ့ သူငယ်ချင်းတစ်ယောက်ရှိခဲ့တယ်၊ သူ မပြုဘဲ သူ့ကိုအကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ မတော်တဆအမှားတွေက သူ့ဘဝမှာ တစ်ပုံတစ်ပင်ပါ၊ အဲဒီ မတော်တဆ အမှားတွေကြောင့် ချစ်နေကြတဲ့ချစ်သူနှစ်ဦး အကြောင်းမဲ့ မကွဲသွားစေချင်ဘူး၊ ကံဆိုးတဲ့ကောင်လေးတစ်ယောက် နှလုံးသားရေးရာမှာ ကံကောင်းစေချင်တာ ကျွန်မတို့အားလုံးရဲ့ဆန္ဒပါ။ ယင်းမာနဲ့ပတ်သက်ပြီး ယင်းမာတို့အုပ်စုနဲ့ ပတ်သက်ရမယ့်သူဟာ သဘောထားကြီးစေချင်တာ ယင်းမာဆန္ဒပါ။ ဘာကြောင့်လဲဆိုတော့ ယင်းမာအဖြေပေးမယ့်သူကို ယင်းမာလဲ ချစ်နေမိလို့ပဲ"

ယင်းမာအသံ တိုးတိတ်ဖျော့တော့သွားသလို ကိုမင်းပိုင်လည်း ခေါင်းငုံ့ငြိမ်သက်သွားပါတယ်။

"ဟမ္ဗုရာဘီရဲ့ ကိုဓဥပဒေလို မျက်လုံးတစ်လုံးဆုံးရင် မျက်လုံးတစ်လုံးပေးရမယ်ဆိုတဲ့ ကလဲ့စားချေတဲ့နည်း ကျွန်မချစ်သူဆီမှာ ရှိမနေချင်တာ ကျွန်မရဲ့ဆန္ဒပါ ကိုမင်းပိုင်"

ယင်းမာက ခဲတစ်လုံးကို ရေကန်ထဲ ပစ်ပေါက်လိုက်သည်။ ရေကန်ထဲမှာ အဝိုင်းလိုက်ရေဂယက်တွေထသွားပါသည်။ ဒါကို ကိုမင်းပိုင်





ကလည်း ငေးကြည့်နေပါတယ်။

"ရေကန်ထဲကို အရာဝတ္ထုပစ်ချလိုက်လို့ အဲဒီအရာဝတ္ထုရဲ့ ပုံသဏ္ဍာန်အတိုင်း ရေဂယက်က လေးထောင့်ဆန်ဆန် စတုဂံဆန်ဆန် ထတာ ကိုမင်းပိုင် မြင်ဖူးလား"

ကိုမင်းပိုင်က ရေကန်ထဲက ဂယက်တွေကို ငေးကြည့်နေမြဲ။

"ပစ်ချသူက ကျွန်မ၊ အပစ်ချခံရသူက ခဲလုံး၊ ရေဂယက်ထသွားလို့ ရေတွေက ခဲလုံးကို အပြစ်မြင်လို့ရလား၊ ဒီသဘောပါပဲ... ကျွန်မ သွားတော့မယ် ကိုမင်းပိုင်"

ကျွန်မ ပိုက်ဆံအိတ်ဖွင့်တော့ ကိုမင်းပိုင်က လက်ကာတားသည်။ သူမရဲ့ရင်ထဲလည်း ရှင်းလင်းသွားပါတယ်။ ကျောက်လမ်းအတိုင်း အေးအေးဆေးဆေးလျှောက်လာရင် ကောင်းကင်ပြာပြာရှင်းရှင်းကြီးကို ငေးကြည့်ရင်း ပြုံးမိလိုက်ပါတယ်။ အဲဒီအပြုံး ရင်ဖွင့်အပြုံးပေါ့နော်။

"ယင်းမာ"

နောက်ကနေ ခပ်အုပ်အုပ်ခေါ်သံနဲ့ ပြေးလျှောက်လာတဲ့ခြေသံ။ သူမ ဆတ်ခနဲ ဝမ်းသာအားရလှည့်ကြည့်တော့ ကိုမင်းပိုင်။ ကိုမင်းပိုင်ရဲ့အပြုံးတွေကလည်း နားလည်ခြင်းနှင့်နွေးထွေးစေတဲ့ အပြုံးတွေ။ အပြေးလာရင်း သူ့အနားရောက်တော့ ခလုတ်တိုက်မိတာကြောင့် သူမ လှမ်းထိန်းရင်း ...

"အို... ကိုကို ..."

ကဲ ပွဲကတော့ ပွဲသိမ်းသွားပါပြီနော် ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ တစ်မှုကတော့ ရှင်းသွားပြီ"

ကိုကြီးဦးလေးက သူ့ရုံးခန်းဆန်ဆန် အခန်းလေးထဲက အဖြူရောင်ဘုတ်ပေါ်မှ မင်းပိုင်ဆိုတဲ့နာမည်ကို ကြက်ခြေခတ်လိုက်သည်။

အလယ်မှာရေးထားတဲ့ ဦးသက်စော ဆိုတဲ့မြားနဲ့ ဘယ်ဘက်က ဒေါ်ဝေမိုးဆိုတဲ့ မြားနှစ်စင်းသာ ကျန်ရှိတော့သည်။

"ကဲ အခု ဘယ်သူ့အလှည့်လဲ ကိုမြင့်"

ဒေါ်ဝေစိုးက ကိုကြီးဦးလေးကို မော့ကြည့်ကာ ပြောသည်။ ကိုကြီးဦးလေးက မေးစေ့ပွတ်ရင်း...

"အောက်ခြေတွေကို အရင်ရှင်းတာကောင်းမယ်ထင်တယ် စိုး"

"ဒါဆိုရင် ဒေါ်ဝေမိုး အောက်ခြေလွတ်အောင် နှစ်တစ်လက်မနဲ့ ရိုက်ရမှာလား"

ကုလား စကားကြောင့် ဒေါ်ဝေစိုး ဘုရားတ,သည်။

"မင်းအဖေကြီးတော့်လင်ကို သွားရိုက်၊ ငါပြောတာ ပြဿနာကို





ရှင်းဖို့ကို ပြောတာကွ"

ကိုကြီးဦးလေးစကားကြောင့် မော်ကြီးက တခွီးခွီး သဘောကျနေပါသည်။

ကိုကြီးဦးလေးက ဘဲလ်နှိပ်လိုက်သည်။ အခန်းအပြင်က ကောင်လေးတစ်ယောက်က တံခါးဖွင့်ဝင်လာပါသည်။

"ငါ စုခိုင်းထားတဲ့ဒေတာတွေ ရပြီလား ကျော်ကောင်း"

ကောင်လေးက ခေါင်းညိတ်ပြကာ ပြန်ထွက်သွားသည်။ ခဏနေ ဖိုင်တွဲတွေနဲ့ ဝင်လာပါတယ်။ ကိုကြီးဦးလေးက ဖိုင်ကို စားပွဲပေါ်ဖြန့်ပြီး ကြည့်ကာ...

"ငါ ထင်တဲ့အတိုင်းပဲဖြစ်နေပြီ"

"ဘာဖြစ်လို့လဲ ကိုကြီးဦးလေး"

မော်ကြီးက ကိုကြီးဦးလေးစကား‌ကို နားမလည်တာကြောင့် လှမ်းမေးပါသည်။ ကိုကြီးဦးလေးက ဖိုင်တွဲကို အာရုံစိုက်ဖတ်ကြည့်နေရင်း...

"ဒေါ်ဝေမိုးတို့ ကိုးကွယ်တဲ့ တောကြီးဆရာတင် ဆိုတာ ထောင်ထွက်တစ်ယောက်ပဲကွ"

ကိုကြီးဦးလေးစကားကြောင့် အားလုံး အံ့အားသင့်သွားပါသည်။ အဆိုးဆုံးကတော့ ဒေါ်ဝေစိုးပါ။

"ဒီကောင်ကို ငါ ကောင်းကောင်းသိတာပေါ့၊ ဟိုတစ်ခေါက် ဘုရားမှာ ငါနဲ့တွေ့တော့ ဒီကောင် ငါ့ကိုလဲမြင်ရော ချက်ချင်း ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ယောင်ဖျောက်သွားသေးတယ်”

“ကိုမြင့်နဲ့ ဆရာတင်နဲ့ သိတယ်”

ကိုကြီးဦးလေးက ခေါင်းတဆတ်ဆတ်ညိတ်ကာ ခနဲ့တဲ့တဲ့ပြုံး ပြီး…

“သိတာမှ သိပ်သိတာပေါ့ကွာ မိတ်ရင်းဆွေရင်းတွေပဲ၊ ကဲ ငါ ပြောတာ နားထောင်ကြ”

ဝိုက်ဘုတ်ပေါ်မှာ အစီအစဉ်တွေကို ချရေးသည်။ အမှန်က အဲလောက်ကြီးလည်းမဟုတ်ပါ။ သူ့ကိုယ်သူ အစွရေးစစ်တပ်က မိုရှေးဒါယန်လောက် ထင်နေသည်လား မသိပါ။

ကုလားက ကိုကြီးဦးလေး မမြင်အောင် မဲ့ရွဲ့ပြသည်။ ဒေါ်ဝေဝိုး က ပြုံးစေ့စေ့။

ကဲ… စပြီ ဆရာတင် အော်ပရေးရှင်း…





မော်ကြီးနဲ့ ကုလား တောကြီးဆရာတင်ရဲ့ ဓါတ်နန်းစခန်း ခေါ် မလား ဘာလားမသိ ဝင်လာတော့ ကွမ်းတမြုံ့မြုံ့နဲ့ ဆရာတင်က …

“ငါ့သားတွေ လာကြ”

သူ့ရဲ့ခေါ်သံကြောင့် မော်ကြီးနဲ့ ကုလား တွန့်ခနဲဖြစ်သွားပါသည်၊ ဆရာတင့်ရှေ့မှာ ကျုံ့ကျုံ့လေးဝင်ထိုင်တော့ ….

“ကဲ သားကြီးတို့လာကြ၊ ဘာကိစ္စအကြောင်းပါသလဲ”

“ပိုက်ဆံပျောက်လို့ပါ အဘ”

မော်ကြီးက ရိုသေဟန်နဲ့ လက်အုပ်လေးချီကာပြောတော့ —

“ဘယ်လောက်လဲ”

“တစ်မတ်ရေ့ …”

“ဘာကွ”



www.burmeseclassic.com

www.burmeseclassic.com



ဆရာတင်က သူ့ကိုနောက်သည်ထင်ပြီး ဒေါပွသွားပါသည်။ မော်ကြီးက ရှိရှိသေသေနဲ့ ...

"အဲဒီတစ်မတ်စေ့က မြို့သာယာမခင်တုတ်ပေးထားလို့ပါအဘ"

ဆရာတင်မျက်နှာ ပျက်သွားပါတယ်။ ကုလားကလည်း ဟိုကြည့်ဒီကြည့်နဲ့ ကြည့်ရင်း ...

"ဆလိုက်တွေကို လူတွေမမြင်အောင်ဝှက်ထားပြီး ဖွင့်လိုက်ပိတ်လိုက်လုပ်တာ သိပ်ကြည့်လို့ကောင်းတာပဲ၊ တောင်ကြီး အဲလေ ဆရာတောကြီး ဆရာက အစက ရုပ်ရှင်ပြဇာတ် မီးမောင်းထိုးဖူးလားဟင်"

"မင်းတို့ ဘယ်ဝိုဏ်းသားလဲ"

"နံ့ပြည်စုတ်ဝိုဏ်းသား။ သုံးတန်းကျောင်းသားမော်ကြီးဆိုတာ ဆရာတင်ကြားဖူးလား"

"မင်းတို့ ...မင်းတို့..."

ဆရာတင် ဒေါသဖြစ်လွန်းအားကြီးလို့ စကားတွေထစ်ကာ အသားတွေ တဆတ်ဆတ်တုန်လာပါသည်။

ပြီးတော့ လက်ခုပ်သံတဖြောင်းဖြောင်းနဲ့ အခန်းထဲကို ဝင်လာတဲ့လူကြောင့် ဆရာတင် မော့ကြည့်မိသည်။ ဆရာတင် အင်္ကျီကြားမှာ ပိုက်နဲ့အသားဆက်သွယ်ပြီး လွယ်ထားတဲ့ အငွေ့တွေထုတ်လွှတ်အားများသွားလို့ ဆရာတင် တဟွတ်ဟွတ်ဖြစ်နေပါသည်။

"ကဲ ခလုတ်သွားပိတ်ပေးလိုက်ပါကွာ၊ ဆရာတင် ချောင်းဆိုးရင် ကျပ်ဖြစ်နေလောက်ပြီ"

ရွှေအမင်ဓာဝေ



ကုလားက အခန်းထောင့်က ခလုတ်ကို သွားပိတ်ပေးတော့ မီးခိုးတွေ ကျဲပါးသွားပါတယ်။

"မင်းရဲ့တပည့်တွေ ငါတိုက်ထားတဲ့အရက်ကြောင့် ဆိုင်မှာ ကောင်းကောင်းမှောက်နေလောက်ပြီ။ ငါ ဘယ်သူလဲသိလား တင်ရွှေ"

ကိုကြီးဦးလေးက လူဆိုးပိုထ်းစတားဆန်ဆန် ကောင်းဘွိုင်ဦးထုပ်၊ မျက်မှန်အနက်ကို ချွတ်ပြတော့ ...

"ဟာ ဆရာလေး ..."

ရုတ်တရက်ကြီး ပုံစံပြောင်းသွားတဲ့ ဆရာတင်ကြောင့် မော်ကြီးနဲ့ ကုလား အံ့အားသင့်သွားပါတယ်။

"မင်းကို တစ်ခါ ရိုးတိုးရိပ်တိပ်မြင်ကတည်းက မင်းမှန်း ငါ သိပါတယ်တင်ရွှေ၊ ငါ မြို့သာယာရွာမှာ တာဝန်ကျတုန်းက မင်းသမီးလေး မကျန်းမမာဖြစ်လို့ ဆေးရုံကို ငါ့ကားနဲ့လိုက်ပို့ရတာကို မင်း မှတ်မိတယ်နော်"

"ဟုတ်ကဲ့"

ဆရာတင် ခေါင်းမဖော်နိုင်တော့။ ကိုကြီးဦးလေးကလည်း နိုင်တုန်း စတိုင်နဲ့ ဟိုလျှောက်ဒီလျှောက်ရင်း နှိပ်ကွပ်ပါတော့သည်။

"မြို့သာယာမှာ မင်း မိန်းမပျိုတစ်ယောက်ကို ဖော်တားမိလို့ မင်း မြို့ကို စွန့်ခွာခဲ့ရတာ၊ မင်း ထောင်ကျခဲ့တာ၊ အဲဒီစိတ်နဲ့ မင်းမိန်းမ ဆုံးပါးသွားတာ မင်းသိတယ်နော်"

"ဟုတ်ကဲ့ပါ ဆရာလေး။ ကျွန်တော်..."

ရွှေအမင်ဓာဝေ

www.burmeseclassic.com

www.burmeseclassic.com



"နေဦး မင်းကလေး ဘယ်မှာရှိလဲ မင်း သိချင်လား"

ယောကျ်ားကြီးတန်မဲ့ ဆရာတင် မျက်ရည်တွေ တသွင်သွင် စီးကျပါပြီ။

"သိချင်ပါတယ်၊ ကျွန်တော့်သမီးလေးကို ကျွန်တော် တွေ့ချင်ပါတယ် ဆရာ"

"အေး မင်းသမီးလေး ပညာတတ်ကြီးဖြစ်ပြီး ကောင်းကောင်း မွန်မွန်ရှိနေပါတယ် တင်ရွှေ။ ငါ လစဉ်လတိုင်းလဲ ထောက်ပံ့ကူညီပါတယ်၊ ရော့ သူ့လိပ်စာ၊ တစ်ခုတော့ ရှိတယ်၊ မင်းသမီးအတွက် ဒီ အလုပ်ကို စွန့်လွှတ်မျို"

"ကျွန်တော် ကတိပေးပါတယ် ဆရာလေး"

ကိုကြီးဦးလေးက ပြုံးပါသည်။

"ကျန်သေးတယ် တင်ရွှေ"

"ဘာများလဲ ဆရာ"

"မင်း ဂုဏ်သိက္ခာရှိရှိ ထွက်ခွာသွားဖို့ရယ်။ မင်းကိုလာမေးတဲ့ မဝေမိုးရဲ့သမ်းနဲ့ ငှါတူလို သားလို ခင်ရတဲ့ တိုးတိုး ဆိုတဲ့ကောင်လေးကို ပြန်နိုးစပ်ဖို့ မင်း ပြန်လုပ်ပေးရမယ်"

"စိတ်ချပါ ဆရာ"

"ကဲ ငါသွားတယ်"

ကိုကြီးဦးလေး ထွက်သွားတော့ သူတို့ နောက်က အမြန်လိုက်ခဲ့ရပါတယ်။





အပြင်ရောက်တော့ ကိုကြီးဦးလေးက ရှင်းပြပါတယ်။ ကိုကြီးဦးလေး ငယ်စဉ်က မြို့သာယာမှ အရာရှိဝန်ထမ်းဘဝနဲ့ နေရင်း ဦးတင်ရွှေကို ငွေရေးကြေးရေးနဲ့ လူမှုရေးကိစ္စတွေကို ဖြေရှင်းပေးသည်တဲ့။ ဦးတင်ရွှေ ထောင်ကျ၊ မခင်တုတ် ဆုံးတော့ ရွာကလူတွေက အကျင့်မကောင်းတဲ့ ဦးတင်ရွှေရဲ့မျက်နှာကြောင့် သူ့ သမီးလေးကို ကူညီပံ့ပိုးဖို့ဆိုတာ ဝေးမှဝေးပါ။

နောက်တော့ ကိုကြီးဦးလေး ရန်ကုန်ကိုပြောင်းလာရင်း အလုပ်မထွက်ခင် နယ်က ဆွေမျိုးဝမ်းကွဲတော်သူ ညီမငယ်တစ်ယောက်ဆီ အပ်ကာ အမြဲတမ်းထောက်ပံ့ ပညာသင်ကြားစေခဲ့သည်။ အခုတော့ ဦးတင်ရွှေသမီးတောင် သူနာပြုတစ်ယောက်ဖြစ်လို့ အဲဒီနယ်ဆေးရုံမှာ တာဝန်ကျနေပြီဖြစ်ကြောင်း ရှင်းပြတော့မှ မော်ကြီးနဲ့ ကုလားတို့ သဘောပေါက်တော့သည်။

မင်းသန့်ကိစ္စလည်း ရပ်ကွက်ထဲမှာရှင်းလင်းသွားပေမယ့် [illegible] နဲ့ပတ်သက်တဲ့ဒဏ်ရာက တိုးတိုးရင်မှာ အကင်းမသေနိုင်သေး။ တစ်ယောက်တည်း အေးတိအေးစက်နေလာတာကိုလည်း သူငယ်ချင်းတွေက မကြည့်ရက်နိုင်ရှာ။ ဒါကြောင့် ဒီကောင်ကို [illegible] ဆွဲခေါ် ဟိုသွားဒီသွား သွားရပါသည်။ စောမွန်နဲ့က [illegible] ပေမယ့် အဆက်အသွယ်မရ။ အဆိုးထဲကအကောင်း[illegible] မေလေးကို မင်းကျော်ဦးက ဝန်ချတောင်းပန်ပြီး [illegible] ပြီး အတည်တကျ ယူလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ထိုးတဲ့နေ့က မင်းကျော်ဦးက တိုးတိုးကို အထပ်ထပ် အခါခါတောင်းပန်သည်။ ကြာတော့ တိုးတိုးကိုယ်တိုင် အားနာယူရသည်အထိပါ။

နောက်သတင်းတစ်ခုက ကိုကြီးဦးလေးရဲ့ချစ်ချစ် ဒေါ်ဝေစိုးဆီကပါ။ စောမွန်မိခင် ဒေါ်ဝေမိုး ဆရာတင်ရဲ့ နှန်းစခန်းကိုသွားတော့ အဘက တောထွက်ဖို့ပြင်ဆင်နေပြီတဲ့။ ဒေါ်ဝေမိုးရဲ့သမီးငယ်နဲ့ ရည်င်းနေတဲ့ မောင်ရင်လေးဟာ မိစ္ဆာယောင်ဆောင်ထားတဲ့ သူတော်ကောင်းတဲ့။ အဲဒီကောင်လေးနဲ့ ပတ်သက်ပြီး ဒေါ်ဝေမိုးရဲ့ စိန်ရွှေရတနာလုပ်ငန်းဟာ ပိုပြီးထူးခြားအောင်မြင်လာပါလိမ့်မယ်တဲ့။





ပြဿနာအားလုံး ပြီးစီးသွားပေမယ့် ဗြဟ္မာ့ဦးခေါင်း (ဦးသက်စော)ရဲ့ မှုခင်းကြီးက ကျန်ရှိနေသေးသည်။

ဒီတစ်ခါတော့ လွဲချော်လို့မရမှန်းလည်းသိသည်။ ကိုကြီးဦးလေးနဲ့ အပေါင်းပါ နောက်လိုက်နှစ်ယောက်ဟာ အမျိုးမျိုးတွေး အမျိုးမျိုးစဉ်းစားတော့ ထွက်ပေါက်တစ်ခုကို တွေ့မိပါသည်။

အရေးပေါ်စစ်ဆင်ရေးအတွက် အမိကလူတစ်ယောက် လိုလာပါတယ်။ သူကတော့ ဘောလုံးနဲ့ပတ်သက်ပြီး အကျိုးဆောင်သည့် ကိုသန်းထွန်း…

ကိုသန်းထွန်းကို သူတို့ဌာနချုပ်ကို ဆင့်ခေါ်ပြီးချိန်မှာတော့ အကျိုးအကြောင်းအလုံးစုံကို ရှင်းပြရပါတော့တယ်။ ကိုသန်းထွန်းကို ရှင်းပြပြီးချိန်မှာ ကိုသန်းထွန်းက အတန်ငယ်စဉ်းစားပြီး…

“ဒီလိုလုပ်၊ ဒီကိစ္စမှာ ဟိုကောင်ဝင်ပါမှဖြစ်တော့မယ်”

“ဘယ်သူလဲ”



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးဦးလေး အမေးကြောင့် ကိုသန်းထွန်းက ပြုံးရင်း...

"ဘယ်သူရှိရမှာလဲ တိုးတိုးလေ..."

ကိုသန်းထွန်းစကားကြောင့် ဒေါ်ဝေစိုးက အထိတ်ထိတ်အပျာပျာနှင့်...

"ဖြစ်ပါ့မလား၊ တော်ကြာ ဒီထက်ဆိုးသွားဦးမယ်"

"ကျွန်တော်ပြောတဲ့အတိုင်းသာလုပ်စမ်းပါ"

ဒီလိုနဲ့ တိုးတိုးကိုလိုက်ရှာပြီး အကျိုးအကြောင်းပြောတော့ ဟိုကောင်က ပထမတော့ ငြင်းပါသေးသည်။ နောက်ဆုံး ဒီကောင့်ကို အတင်းအကြပ်ပြောမှသာ ဒီကောင် လက်ခံပါတော့သည်။ အစီအစဉ်ရေးဆွဲပြီးတော့ ကိုသန်းထွန်းက အရင်ဆုံး ဦးသက်စောထံ ဖုန်းဆက်သည်။

"ဦးလေးလား... ကျွန်တော် သန်းထွန်းပါ ဦးလေး"

"ဟော့... မောင်သန်းထွန်းလား ပြော"

ကိုသန်းထွန်းက တိုးတိုးကို ကြည့်လိုက်သေးသည်။ ဒီကောင်က လက်ဖင်္ဂါချင်းပွတ်သပ်ကာ အနေရခက်ပုံရသည်။

"ဒီတစ်ပတ် ပွဲစဉ်ကောင်းတယ် ဦးလေး၊ ဘယ်လိုလဲ"

ကိုသန်းထွန်းရဲ့ ဆိုလိုရင်းကို ဦးသက်စောကလဲ ရိပ်မိပုံရသည်။

"တော်ပါပြီကွာ"

"မတော်နဲ့ ဦးလေး၊ ဒီတစ်ခါ ဟိုကောင်လေး ကွက်တိ တွက်ချက်ထားတာ"





"တော်စမ်းကွာ အဲဒီကောင်ဆို... ထွီ..."

တစ်ဖက်က မသတီသလို တံတွေးထွေးသံကြောင့် ကိုသန်းထွန်းတောင် တွန့်သွားပါသည်။

"ငါ့ကို ဒုက္ခပေးတဲ့ကောင်ကို..."

"ဦးလေးရာ တစ်ခါတလေတော့လဲ လွဲချင်လွဲမှာပေါ့၊ ဒီတစ်ခါ သူက မမှန်ရင် သူ စိုက်ပေးမယ်တဲ့"

ဦးသက်စော အသံနည်းနည်းတိတ်သွားပါသည်။ စဉ်းစားနေပုံရတာကြောင့် ကိုသန်းထွန်း အားတက်သွားပါသည်။

"ဖိုးလေး မနစ်ပါဘူး ဦးလေးရာ၊ ကဲ ဟော့ကောင် မင်း ပြော"

ဖုန်းကို တိုးတိုးလက်ထဲ အတင်းထည့်တော့ ဟိုကောင် ကြောင်အမ်းအမ်း။ နောက် မဝံ့မရဲနဲ့ ဖုန်းကို နားမှာပ်ကာ...

"ဟိုလို... အဲ... ဟလို နေကောင်းလား"

"ဘာကွ"

"မဟုတ်ဘူး ဟိုလေ..."

ဘာတွေပြောနေမှန်းမသိဖြစ်နေတာကြောင့် ကိုသန်းထွန်းက ကပျာကယာ လှမ်းယူလိုက်ပြီး...

"ဒီလိုလုပ်၊ တွက်ချက်ပြီးရင် ကျွန်တော်တို့ မကာန်ခင် ဖုန်းဆက်လိုက်မယ်၊ နောက်မှ ရှင်းကြတာပေါ့၊ ဒါပဲနော် ဦးလေး၊ ဟုတ်ကဲ့ ဓိတ်ချပါ"

ဖုန်းကို ပုခက်ပေါ်ပြန်တင်ပြီး အခုမှ ကိုသန်းထွန်း သက်ပြင်းချ



www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။

"ဘယ်လိုကောင်မှန်းမသိဘူး၊ ကဲ… ညနေ ဆုံမယ်"

ကိုသန်းထွန်းက တိုးတိုးကို ဘုကြည့်ကြည့်ပြီးထွက်သွားပါသည်။

ကျွန်တော်က ချွေးစေးပြန်နေသောလက်ကို လုံးချည်နဲ့သုတ်နေရပါသည်။





ညရောက်တော့ ဦးသက်စော ဖုန်းကိုစောင့်နေမိပါသည်။ ဒီတစ်ခါ မဟုတ်လို့ကတော့ ဒီကောင်ကို အမှုန့်ချေပစ်မယ်လို့ စိတ်ကကြုံးဝါးထားပါသည်။ ကော်ဖီခွက်လက်ကျန်ကို မော့သောက်ရင်း နာရီကိုကြည့်တော့ ည ကိုးနာရီကျော်နေပါပြီ။ စာစောင်ကို လှမ်းယူရင်း ဒီကောင် ဘယ်ပွဲကို ခန့်မှန်းထားလဲ လိုက်ကြည့်သည်။ ဒီနေ့ကန်ထော်ပွဲစဉ်က အက်ဖ်အေဖလား စတုတ္ထအဆင့်ဖြစ်မည်ထင်ပါသည်။

စာစောင်ဖတ်နေရင်းက ဦးသက်စော တော်တော်ကြီးကို အိပ်ချင်လာပါတယ်။ ဒါကြောင့် ဒရင်းဘက်ဆီသွားကာ ခဏတော့ လှဲလိုက်မယ်လို့ တွေးမိကာ အနားမှာ တံမြက်စည်းလှည်းနေသော ခယ်မဖြစ်သူ ဒေါ်ဝေစိုးကို အခုလို ပြောလိုက်ပါသည်။

"ဝေစိုး ငါနာမည်နဲ့ ဖုန်းလာရင် နှိုးလိုက်နော်၊ မမေ့နဲ့ဦး"

"ဟုတ်ကဲ့ အစ်ကိုကြီး စိတ်ချပါ"

ဦးသက်စောက စိတ်ချလက်ချမှာပြီးပြီမို့ သက်သောင့်သက်သာ လှဲကာ ခဏ မှေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်အောင့်ကြာတဲ့အထိ ဟိုလုပ်ဒီလုပ် အလုပ်ရှုပ်ဟန်တူတဲ့ ဒေါ်ဝေစိုး အကဲခတ်နေလိုက်ပါတယ်။ နောက်တော့ ဦးသက်စောကို အိပ်မောကျမကျ စမ်းကြည့်ချင်တာကြောင့်…

"အစ်ကိုကြီး… အစ်ကိုကြီး…"

ဘယ်လိုပဲလှုပ်နှိုးနှိုး ဦးသက်စောက ကာလနဂါး ယာယီသေလို့ ဝင်စားသလားအောက်မေ့ရလောက်အောင် တုတ်တုတ်ရော ဘုတ်ဘုတ်ရော မနိုးနိုင်တော့ပါ။

အဲဒီအခါကျမှ အောင်နိုင်သူအပြုံးနဲ့ ဒေါ်ဝေစိုးက ဦးသက်စောကို ပြုံးကြည့်လိုက်ပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ ဖုန်းရှိရာကို ထွက်သွားပါသည်။ ဖုန်းနံပါတ်တစ်ခုကို ကောက်နှိပ်ပြီး…

"ဟာလို ကိုမြင့်လား သူ အိပ်သွားပြီ၊ စိတ်ချ အိပ်ဆေးက တစ်ပြားတောင်ပိုသွားသေးတယ်၊ ဟုတ်ကဲ့ သဘောပေါက်ပါတယ်"

ဒေါ်ဝေစိုး ဖုန်းကိုချကာ ဦးသက်စောကို တစ်ချက်ကြည့်ပြီး အပေါ်ထပ် သူ့မအခန်းရှိရာကို ထွက်လာခဲ့တယ်။ လှေကားအတက်မှာ စောမွန်နဲ့ဆုံတော့…

"ဟဲ့ ညည်းအဖေကို စောင်လေးဘာလေး ခြုံပေးလိုက်ဦး၊ ဧည့်ခန်းထဲမှာ အိပ်နေတယ်၊ နှိုးလို့လဲမရဘူး"

စောမွန်က ခေါင်းညိတ်ပြသည်။

ဒေါ်ဝေစိုး သူ့မအခန်းထဲရောက်တော့ စလောင်း၊ ချန်နယ် ဘောလုံးပွဲလိုင်းကိုရွေးတော့ အဖြူအမည်းကျားနဲ့ဝတ်စုံတွေ အဖြူ





အနီဝတ်စုံတွေ ဘောလုံးတစ်လုံးကို ခြေထောက်နဲ့ လိုက်လုနေကြတာ တွေ့သည်။

ဒေါ်ဝေစိုးက မဲ့မဲ့ရွဲ့ရွဲ့နဲ့…

"တစ်ယောက်တစ်လုံးလောက်ပေးထားလိုက်ရင် ပြီးတာပဲ၊ အလုပ်ရှုပ်ပြီး လိုက်လုပ်နေရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဝေစိုး ညက ဖုန်းလာသေးလား"

ဦးသက်စောက အိပ်ချင်မပြေသေးဟန်နဲ့ မနက်စာစားရန် ထမင်းစားခန်းထဲဝင်လာရင်း မေးတော့ ပေါင်မုန့်ထောပတ်သုတ်ကို ကော်ဖီနဲ့ မျှောချဖို့ကြိုးစားနေတဲ့ ဒေါ်ဝေစိုးက...

"ဟာတယ် အစ်ကိုကြီး"

ဦးသက်စောကဇနီးဖြစ်သူ ငှဲ့ထည့်ပေးတဲ့ ကော်ဖီခွက်ကို ကောက်ကိုင်ရင်း...

"ဟ ငါ့ကိုနှိုးပါလို့ နင့်ကိုပြောထားတယ်လေ"

ဦးသက်စောစကားကြောင့် ဒေါ်ဝေစိုးက စောမွန်ကိုကြည့်တော့...

"ဖေဖေကလဲ အန်တီလေးလဲနှိုးတယ်၊ သမီးလဲနှိုးတယ် ဖေဖေက နိုးလို့ကိုမရဘူး"





ဇနီးဖြစ်သူ ဒေါ်ဝေမိုးကလည်း ဦးသက်စောကို ချွတ်ခေါင်းသိုးကာ...

"ဟုတ်ပါရဲ့၊ မအိပ်ရတဲ့ ဘယ်ကမ္ဘာထဲကမှန်းမသိတဲ့သူ အိပ်ခန်းထဲကို အတင်းနှိုးလွှတ်ရတယ်"

ဦးသက်စော ဇဝေဇဝါဖြစ်သွားကာ...

"ဟုတ်လား ငါ မသိလိုက်ဘူး၊ ညက အရမ်းအိပ်ချင်တာဟ၊ သေရင် အိပ်ဆေးသောက်ထားတာကျနေတာပဲ"

ဒေါ်ဝေစိုး ရယ်ချင်စိတ်ကို မျိုသိပ်နေရပါသည်။ ဦးသက်စောက သူ့ဟမ်းဖုန်းကို ကောက်ဆက်လိုက်ပါသည်။

"ဟလို မောင်သန်းထွန်းလား"

တစ်ဖက်က ကိုသန်းထွန်းကလည်း...

"ဂျွန်တော် မပြောဘူးလား ဒီကောင်လေး မှန်မှာပါလို့၊ ညက ဒေါ်လေးဆီ လှမ်းဆက်ပြီး အာကြီး(အာဆင်နယ်)ဘက်က ရဲရဲဝံ့ဝံ့ ရပ်တည်လိုက်တာ ဘယ်လောက်ပျော်ရွှင်စရာကောင်းလဲ"

နောက်ဆက်တွဲ ကိန်းဂဏန်းတွေကို ကိုသန်းထွန်း ရွတ်ပြတော့ ဦးသက်စော မျက်လုံးပြူးသွားရင်...

"ဟော တကယ်..."

ဒေါ်ဝေမိုးက ဦးသက်စော ဘာဖြစ်နေမှန်းမသိတာကြောင့်...

"ရှင် ဘာဖြစ်နေတာလဲ"

ဦးသက်စော တပြုံးပြုံးနဲ့ ခေါင်းတညိတ်ညိတ်နဲ့...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေး တော်တယ်၊ တကယ်ကိုတော်တယ်"

ဒေါ်ဝေစိုးကတော့ ကော်ဖီကိုငုံ့သောက်ရင်း ရယ်ချင်စိတ်ကို ဖုံးဖိထားရပါသည်။

အမှားဆိုတဲ့ ငါ့တူရေ မင်း မျှော်လင့်ချက်တွေ ရောင်နီအလင်းနဲ့ ရှင်သန်ပါပြီကွယ်"

⚓ ⚓ ⚓







ကိုယ့်အမှားနဲ့ကိုယ်
ကျ ဆုံးခဲ့ရတာပဲ
အသည်းတွေ
ကွဲပေါ့
ရင်ခွန်ခြင်းရထားကလဲ
ဝင်ခွင့်မရှိတဲ့ ဘူတာကိုပဲ သွား,သွားဆိုက်ကပ် ...
သူမှာ
မြင်ရကစရာမရှိအောင်
မျက်ရည်တွေရှဲရှဲစိုလို့ ....။

*(ငြိမ်းစစ်မင်း၏ မြစ်တစ်စင်းရဲ့အလွမ်းမှ ...)*



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးပေးသွားတဲ့ သတင်းသမားတွေသုံးတဲ့ အသံဖမ်းစက် ပေါက်စလေးကို နားမလည်နိုင်စွာငေးကြည့်မိသည်။

အန်တီလေးက သူမအိမ်ခန်းတံခါးကို ဆွဲပိတ်ပေးသွားသည်။ သူမက ဘာမှန်းမသိတဲ့ အသံဖမ်းစက်ပေါက်စလေးကို စားပွဲပေါ်က လှမ်းယူရင်း ခလုတ်ကိုနှိပ်ကြည့်လိုက်ပါသည်။

သေဆုံးနေတဲ့ အမှန်တရားကို အသက်သွင်းဖို့ လူယောင်ဆောင်ထားတဲ့ အမှားက ငါပါ ချစ်သူ ...

ချစ်တဲ့ စောမွန်ပိုင် မျက်ဝန်းလေးမှိတ်လို့ တည်ငြိမ်စွာအာရုံပြုရင်း ငါ့ရဲ့အမှားတွေ မေ့ပစ်နိုင်တယ်ဆို အခုတော့ အဲဒီစကားတွေဟာ လေမှာလွင့်တဲ့ သံစဉ်တစ်ပုဒ်လား စောမွန်ပိုင်...

အမှားတွေကို ရှေ့မှန်းသုတ်သင်ရင်း အဲဒီအမှားတွေကပဲ ငါ့ကို အာဃာတနဲ့ အငြိုးတကြီးအနိုင်ယူခဲ့တယ် စောမွန်ပိုင် ...





လောကကြီးကို ရောက်ခဲ့ကတည်းက စမှားခဲ့တဲ့ အမှားတွေက နည်းမှမနည်းခဲ့တာ တချို့က ဆိုကြပါတယ်။ အမှားနက္ခတ်နဲ့ ဖတ်သက်ဆက်စပ်မိတဲ့ အမှားကောင် လူတော်တော်များများက ငါ့နာမည် "တိုးတိုး" ဆိုတာမေ့ပြီး အမှားကောင်.. နောက် အချိန်တွေ ကြာလာတော့ "အမှောင်ကား" တဲ့ ...

တကယ်ပါ တစ်ခွန်းသောစကားကို ချစ်တဲ့အာရုံနဲ့ သစ္စာစကားတိုင်တည်ဆိုညွှန်းပါရစေ၊ စောမွန်ပိုင် နင့်ကို ချစ်မိတာ ... နင့်ကိုချစ်ခဲ့တာ ငါ အမှားလုပ်မိတာမဟုတ်ဘူး၊ အမှားလို့မထင်ပါနဲ့ စောမွန်ပိုင်း ဒါဟာ ငါရဲ့ အမှားတွေထဲက တစ်ခုတည်းသောအမှန်တရားဆိုတာ ယုံကြည့်စမ်းပါ ...

အချစ်ရဲ့သမိုင်းမှာ မှတ်တမ်းကောင်းမရှိဖို့ ဘယ်နတ်ဆိုးတွေ သစ္စာဆို ဥပေက္ခာပြုခဲ့တာလဲ ဖြေပေးစမ်းပါ၊ စွမ်းအားကောင်းတဲ့ ချစ်ခြင်းမေတ္တာက ငါ့ကို ဘာကြောင့်မစောင့်ရှောက်တာလဲ ဖြေကြည့်စမ်းပါ..

အချိန်ကာလဟာ ကုစားခြင်းကိုပိုင်ဆိုင်ခဲ့တယ်လို့ ဘယ်သူဆိုဆို အလွမ်းက မျက်နှာညှိုးငိုနေပြီဆိုတာ နင်သိပေးပါ။

လူတွေဟာ အချစ်ကိုဖန်တီးပေမယ့် အချစ်နဲ့အတူ မခေါ်ဘဲ ရောက်လာတဲ့ ဧည့်သည်တွေက အများသားနော်။ တိတိကျကျပြောရရင် ...

အလွမ်း...အမုန်း...ဥပေက္ခာ နောက် စောမွန်ပိုင် ပတ်သက်မှုရှိ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဆက်စပ်မှုရှိမယ်ဆိုရင် တို့နှစ်ယောက်ရဲ့ ဇာတ်လမ်းနဲ့ပတ်သက်ပြီး နင့်ကို ပုံပြင်လေးတစ်ပုဒ် ပြောပြချင်တယ်စောမွန်ပိုင် ...

အလွမ်းတွေ အငိုတိတ်ဖို့ ချစ်ခြင်းမေတ္တာတွေ ပြန်ရှင်သန်လာဖို့ ဒီပုံပြင်လေးကို နားဆင်ပေးပါ၊ ကျေးဇူးပြု၍ နားဆင်ပါ ချစ်တဲ့ စောမွန်ပိုင် ...

⚓ ⚓ ⚓





ပုံပြင်တစ်ပုဒ်လို ခေါင်းစဉ်တပ်ရကြေးဆိုရင် ဒီပုံပြင်ကို "မိုင်ပေါင်းများစွာ" ဒါမှမဟုတ် "အပြစ်ဒဏ်နဲ့ချစ်ခြင်း" လို့ ငါ ခေါင်းစဉ်ပေးလိုက်ပါရစေ ချစ်သူ ...

လူသားတွေ ထွန်းကားခါစအချိန်မှာ လူတွေဟာ "အချစ်မေတ္တာ" ကို နားမလည်ကြဘူး။ အဓိကပြောရရင် ကာမစိတ်နဲ့ ချစ်ခြင်းမေတ္တာ မခွဲခြားတတ်ဘူးလို့ ဆိုရမှာပေါ့ ...

တစ်နေ့မှာ ကမ္ဘာမြေကို စောင့်ရှောက်တဲ့ နတ်မင်းကြီးက "ချစ်ခြင်းမေတ္တာ" ကို လူတွေရင်ထဲ ခံစားနားလည်ဖို့ ... "အချစ်" လို့ အမည်သတ်မှတ်ထားတဲ့ နတ်သားလေးကို လူ့ပြည်ကို စေလွှတ်လိုက်သတဲ့။

နတ်သားလေး လူယောင်ဖန်ဆင်းပြီး လူ့ပြည်ကို ရောက်[illegible] အခိုက်မှာ ပထမဦးဆုံး ကန်ကြီးတစ်ကန်ရဲ့ဘေးမှာ မိန်းက[illegible] ယောက်ကို စတင်တွေ့မိသတဲ့။ ထိုနတ်သားလေး မြင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရေကန်ထဲကိုဆင်းသွားပြီး ရေကစားပျော်မြူးတော့တာပေါ့။ မိန်းကလေးရဲ့ ဂုဏ်ပတဲ့ အဆင်းအင်္ဂါ သင်းပျံ့တဲ့ရနံ့ ချစ်ခြင်းတရားရဲ့ ပေါင်းစုမှုတွေကြောင့် နတ်သားလေးဟာ မိန်းကလေးကို မြင်မြင်ချင်း 'အချစ်'စိတ်ဝင်မိခဲ့တယ်။ ထို့အတူ အဲဒီမိန်းကလေးကလည်း လူယောင်ဖန်ဆင်းထားတဲ့ နတ်သားလေးကို စွဲလမ်းခဲ့တာပေါ့။

အတိုချုံ့ပြောရရင် တစ်ယောက်ကိုတစ်ယောက် မြင်မြင်ချင်း ချစ်ခဲ့မိပြီး ဒီလိုနဲ့ နှစ်ဦးသား ပေါင်းသင်းနေထိုင်လာခဲ့ပါတယ်။ "အတူတကွ" ဆိုတဲ့ အဓိပ္ပာယ်ကို သူတို့ယုံကြည်လာတယ်။ နတ်မင်းကြီး စေခိုင်းလိုက်တဲ့တာဝန်တွေကို နတ်သားလေး မေ့လျော့နေခဲ့တဲ့အထိပေါ့။ သူတို့နှစ်ယောက်အကြောင်းကို သိရှိသွားတဲ့ နတ်မင်းကြီးရဲ့ သမီးအငယ်ဆုံး "အမုန်း" ဆိုတဲ့ နတ်သမီးလေးဟာ သူမ တစ်ဖက်သတ် စွဲလမ်းလွန်းသူရဲ့ လုပ်ရပ်ကြောင့် ဒေါသအမျက်ထွက်ပြီး နောက်လိုက် နတ်စစ်သည်တွေနဲ့အတူ လူ့ပြည်ကိုရောက်ရှိလာခဲ့ပါတယ်။

သာယာလှပတဲ့ ကန်ကြီးရဲ့ နံဘေးမှာ ချစ်သူနှစ်ဦးနဲ့ အမုန်းနတ်သမီးတို့ တွေ့ဆုံပွဲက ကြည့်မကောင်းတဲ့ပွဲလို့ဆိုရမှာပေါ့။ "အချစ်" နတ်သားလေးကို နတ်ပြည်ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး အချစ်ရဲ့ ချစ်သူ မိန်းကလေးကိုတော့ ဝိညာဉ်နုတ်ယူပြီး ရေကန်ကြီးထဲက ကြာပန်းပွင့်ထဲထည့်ပြီး ပိတ်လှောင်လိုက်တာပေါ့။ နတ်ပြည်မှာလည်း နတ်မင်းကြီးက တာဝန်မကျေပွန်မှုကြောင့် အပြစ်ဒဏ်ချဖို့ နတ်သားလေးကို ဘယ်လိုအပြစ်ဒဏ်ချရမလဲလို့ မေးတော့ နတ်သားလေးက





လူတွေကို အလင်းရောင်ပေးရသူဖြစ်ပါစေလို့ ပြန်ဖြေခဲ့တာပေါ့။ ပြီးတော့ သူပေးအပ်တဲ့တာဝန်ကို ကျေခဲ့ပါတယ်လို့ ပြန်ဖြေမိပါတယ်။ နတ်မင်းကြီးက ဘယ်လိုတာဝန်ကျေခဲ့တာလဲမေးပြန်တော့ နတ်သားလေးက သူရဲ့ချစ်သူ လူ့ပြည်ကမိန်းကလေးရဲ့ ရင်ထဲ "ချစ်ခြင်းမေတ္တာ" ကို ထည့်ပေးပြီးပါပြီလို့ ရှင်းပြတာပေါ့ နတ်မင်းကြီးက နတ်သားလေး အဖြေစကား ရှင်းပြတဲ့အကြောင်းကို ချင့်ချိန်ပြီး အမိန့်ချမှတ်ခဲ့ပါတယ်။

အလုံးစုံ တာဝန်မကျေပွန်ပေမယ့် တစ်နည်းတစ်ဖုံ တာဝန်ကျေမှုကြောင့် လူတွေကို အေးမြတဲ့အလင်းရောင်ဖန်ဆင်းဖို့ လနတ်သားအဖြစ် အမှုတော်ထမ်းစေလို့ အမိန့်ချမှတ်ခဲ့တာပေါ့။

သူရဲ့သမီးတော် "အမုန်း" နတ်သမီးကိုလည်း ဖခင် အရှိန်အဝါနဲ့ လူ့ပြည်ကိုဆင်း လူတွေကို အနှောင့်အယှက်ပေးခဲ့မှုကြောင့် ပူလောင်တဲ့ နေမင်းအဖြစ် နေ့စဉ် အလုပ်လုပ်စေလို့ အပြစ်ဒဏ်ပေးတာပေါ့။

အမုန်းနတ်သမီးဟာ သူရဲ့ ချစ်သူအပေါ် အငြိုးအာဃာတနဲ့ချစ်မိတဲ့အတွက် အမြဲတမ်းပူလောင်တဲ့သတ္တိတွေနဲ့ တစ်နေ့တာ အလင်းရောင်ပေးပြီး ချစ်သူကို လိုက်ရှာနေခဲ့ပါတယ်။

လနတ်သားလေးကလည်း "အမုန်း"ကိုကြောက်လန့်လို့ တစ်နေ့တာလုံးလုံး အပြင်မထွက်ရဲဘဲ ညရောက်မှ ချစ်သူကိုလွမ်းရင်း သူရဲ့အလင်းတွေကို ကမ္ဘာကိုချပြခွင့်ရသတဲ့ သူရဲ့အလွမ်းစိတ် သူ့ချစ်ခြင်းမေတ္တာစွမ်းပကားကြောင့် သူ့အလင်းကို ထိခွင့်ရတဲ့သူသားတွေဟာ ခံစားချက်တစ်မျိုးမျိုး ဖြစ်ပေါ်တတ်သတဲ့လေ...



www.burmeseclassic.com

www.burmeseclassic.com



သူရဲ့ အလင်းတန်းတွေမှာ သူချစ်သူကိုခေါ်တဲ့ ပြင်းပြတဲ့ဆန္ဒရဲ့ အသံတွေ စီးဆင်းနေပါတယ်။ နတ်သားလေးရဲ့ အလင်းရောင်ခေါ်သံကို ကြားမိတဲ့ သူချစ်သူမိန်းကလေး အိပ်ပျော်နေတဲ့ ကြာပန်းကလေး ဘဝကနေ အသက်ဝင်လာပြီး တဖြည်းဖြည်း ပွင့်ဖတ်တွေဖြန့်ချကာ ချစ်သူလမင်းကို အစွမ်းကုန်ပွင့်ပြရင်း မျှော်ငေးပြုံးပြနေတာပေါ့။

သူ့ချစ်သူကို လနတ်သားခေါ်လိုက်တဲ့အမည်က "ကုမုဒြာ" တဲ့ စောမွန်ပိုင် ...

ဒါပေမယ့် သူတို့နှစ်ယောက် မိုင်ပေါင်းများစွာ ဝေးကွာနေခဲ့ပါတယ်၊ ဒါပေမယ့် သူတို့ တစ်ယောက်ကိုတစ်ယောက် ညတချို့မှာ တွေ့ဆုံခဲ့ကြတယ်။ အများတွေ ဘယ်လိုပဲလုပ်မိနေနေ၊ အပြစ်ဒဏ်တွေကြောင့် ဘယ်လောက်ပဲဝေးကွာနေနေ အချစ်ဆိုတာ မင်းရင်ထဲမှာ ငါ့ရင်ထဲမှာ ရှိနေရင် တို့ တစ်နေ့ပြန်ဆုံရမှာပါ စောမွန်ပိုင် ....

⚓ ⚓ ⚓





လူတွေက စိတ်စောနေကြပါတယ်။ စောမွန် လာမယ်မှန်း၊ မလာမယ်မှန်း ဘယ်သူမှ မရိပ်မိကြ။ စောမွန်ဒေါ်လေးကိုယ်တိုင်က ဒီမှာ အားလုံးဆုံမည်ပြောတော့ ခပ်မဆိတ်နေကာ ဘာမှပြန်မပြောဘဲ ငြိမ်သက်နေသည်တဲ့။

"ဟိုကောင် ဘယ်ရောက်နေလဲ"

ကိုကြီးဦးလေးပြောတော့ ဒေါ်ဝေစိုးက ပန်းသီးအခွံခွာနေရင်းက...

"ကမ်းစပ်က လှေဆိပ်တံတားပေါ်မှာ တစ်ယောက်တည်း ထိုင်နေတယ်"

"ဒါနဲ့ စောမွန်က လာမှာလား"

မော်ကြီးစကားကြောင့် မသက်က ...

"ငါကတော့ လာမယ်ထင်တာပဲ"

"နင့်စကားက ကျိန်းသေလို့ချည်လားဟ"

ယင်းမာက မယုံကြည်ဟန်ပြောတော့ ယင်းမာနဲ့အတူပါလာတဲ့ ကိုမင်းပိုင်က ...



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာပွပွနဲ့ပြောရရင် ညီမလေးလာ လောက်ပါတယ်၊ ဟော လာပါပြီ ..."

အားလုံး ပန်းခြံကားရပ်ထားရာဂိတ်ကို လှမ်းကြည့်တော့ ...

ကားပေါ်ကဆင်းလာတဲ့ မေလေးနဲ့အတူ စောမွန် ...

နောက်ပြီး ရှေ့ခန်းက ဆင်းလာတဲ့ မင်းကျော်ဦး ...

မေလေးက ဘာပြောလိုက်သည်မသိပါ၊ စောမွန်က ရှက်ကိုးရှက်ကန်းနဲ့ မေလေးရဲ့ လက်မောင်းကို လက်ကိုင်ပဝါနဲ့ လှမ်းရိုက်ပါသည်။ အနားရောက်လာသော သူတို့ကို အားလုံးက ...

"ဟော့ မင်းသမီး နောက်ကျလှချည်လား"

"နင်က တော်တော်နေနိုင်တာပဲ၊ မသကာ ငါတို့တော့ တွေ့သင့်တာပေါ့"

"အေးလေ"

"ဘာမှမဟုတ်ဘူးဟေ့... ဟိုကောင့်အချော့ကို သူစောင့်နေတာ ဟုတ်တယ်ဟုတ်လား ကိုမင်းပိုင်"

"ကြောက်လို့သာ မျက်နှာပွပွနဲ့ပြောရတယ် ဟုတ်ပါ့ဗျာ"

ကိုမင်းပိုင်ရဲ့အသံကြောင့် စောမွန်က ...

"ကိုကိုနော်" လို့ ရှက်ကိုးရှက်ကန်းနဲ့ ပြောပါတယ်။ ကိုကြီးဦးလေးနဲ့ ဒေါ်ကြီးအစ်မက တပြုံးပြုံးနဲ့ လူငယ်တွေကို ကြည့်နေပါတယ်။

"ကဲ သွားလိုက်ဦး မင်းသားက လှေဆိပ်မှာ ..."

ကုလား ညွှန်ပြရာနေရာကို စောမွန် လှမ်းကြည့်ပြီး မျက်နှာရဲရဲနဲ့





ထွက်သွားပါတယ်။

ကန်ရေပြင်ကို တိုက်ခတ်လာတဲ့ လေပြည်တွေဟာ ဖတ်သိမ်းခန်းရဲ့ အဖြည့်ခံပါ။

ချစ်သူနှစ်ဦး ပျော်ရွှင်ပွဲအတွက် သူတို့ အသုံးတော်ခံနေကြပါတယ်။

သက်ရှိရုပ်ထုတစ်ခုလို တိုးတိုးရဲ့ ငြိမ်သက်နေပုံက အတွေးတစ်ခုခုနဲ့ နစ်မျောနေသလိုလို ...

သူမ ခပ်ရှည်ရှည်သစ်သားတံတားပေါ် ခြေချမိတော့ တံတားလေးက လှုပ်ရမ်းသွားတာကြောင့် တိုးတိုးဘေးမှာ ဝင်ထိုင်လိုက်ပါတယ်။ ထိုင်မိမိချင်း တိုးတိုးဆီက စကားသံထွက်မလာတော့ စိတ်အတော်တိုသွားတယ်။ အမှန်ဆို ဒီကောင် သူမကို ချော့သင့်တာပေါ့။ ပြီးတော့ ဘယ်လောက်လွမ်းကြောင်း ဒီကောင်ပြောသင့်ပါသည်။ အခုတော့ ... ဒါပေမယ့် တဖြည်းဖြည်းနဲ့ ရေပြင်ကို ရှပ်တိုက်ပြေးဝင်လာတဲ့ လေနုအေးအေးတွေဟာ အဲဒီစိတ်တိုဒေါသထွက်မှုတွေကို ဖယ်ရှားပစ်ပေးပါတယ်။

ချစ်သူနဲ့အတူ အခုလိုငြိမ်းချမ်းအေးမြစွာ အတူတူနေခွင့်ဟာ ဘယ်လောက်အရေးကြီးကြောင်း သူမ သိလာပါတယ်။

"စောမွန် ..."

တိုးတိုးက သူ့မလက်ဖဝါးကို အသာဆုပ်ကိုင်ပြီး ခပ်တိုးတိုး အသံကာ ငဲ့ကြည့်သည်။ သူမက အပြုံးနဲ့ မေးဆတ်ပြတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင့်ကို ချစ်ခဲ့တာ ထာဝရအမှန်တရားဆိုတာ ယုံပြီလား"

"အင်း ..."

သူမက သူ့ရင်ခွင်ထဲ ခိုဝင်လိုက်ပါတယ်။ ကျွန်တော်က သူမ ပါးပြင်နုနုလေးကို အသာနမ်းရှိုက်ဖို့ အလုပ် ...

"ဟေ့ကောင်တွေ ..."

လူတစ်စုရဲ့ ခေါ်သံကြောင့် ကျွန်တော်တို့ နောက်ကိုလှည့်ကြည့်လိုက်တော့ ...

"ဟောဗျာ"

တံတားတစ်ခုအဖြစ်ဖန်တီးထားတဲ့ (ဗော)ပုံသဏ္ဍာန်သစ်သားတံတားဟာ ကြိုးနဲ့ချည်ထားမှန်း ကျွန်တော် မသိ။ အခုတော့ ကြိုးတပြုတ်ပြီး တရွေ့ရွေ့နဲ့ ကမ်းကခွာကာ တော်တော်ဝေးဝေး ရောက်နေပါသည်။

နှစ်ဦးသားမတိုင်ပင် ခေါင်းချင်းတိုက်ကာ ရယ်မောမိလိုက်ကြပါတယ် ....

ဒီနိုင်းခ

ရွှေသမင်ဓါး၆ပ

BURMESE CLASSIC

www.burmeseclassic.com